BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၈) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ | မြန်မာသက္ကရာဇ် (၁၃၆၉) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။


## ကိုမင်းကိုနိုင်နှင့် ရှစ်လေးလုံးမျိုးဆက် ခေါင်းဆောင်များ ဆက်တိုက်ဖမ်းဆီးခံရ

စက်တင်ဘာ (၃၀)

မင်းကိုနိုင်နှင့် (၈) လေးလုံးကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေးရန် ပြည်တွင်းပြည်ပကတောင်းဆိုနေစဉ်တွင် နောက်ထပ်ကျောင်းသားခေါင်းဆောင်နှစ်ဦးဖြစ်သော ကိုပြိုးချိုနှင့် ကိုမင်းဇေယျာတို့ကို စက်တင်ဘာ (၃၀) ရက်နေ့က ရဲများက နေအိမ်များမှ ထပ်မံဖမ်းဆီးသွားကြောင်း သိရသည်။

"အခြေအနေတွေကတော့ အဆိုးဆုံးကိုရောက်ကုန်ပြီ"ဟု ကိုမင်းဇေယျာ၏ လုပ်ဖော်ကိုင်ဖက်တဦးက ပြောသည်။

"ရဲတွေက ကျနော်တို့ရဲ့လှုပ်ရှားမှုတွေကိုစောင့်ကြည့်နေတယ်။ ကျနော်တို့အိမ်ပတ်လည်မှာ စောင့်ကြည့်နေကြတယ်"ဟု အမည်မဖော်လိုသော ရှစ်လေးလုံးမျိုးဆက်တဦးကပြောသည်။

ယခုဖမ်းဆီးမှုသည်စက်တင်ဘာ (၂၇) ရက်က အကြောင်းမဲ့ဖမ်းဆီးခံထားရသော မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့အား အောက်တိုဘာ (၁) ရက်နောက်ဆုံးထား၍ ပြန်လွှတ်ပေးရန် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများလက်မှတ်ထိုး၍ နအဖ အကြီးအကဲ ဗိုလ်သန်းရွှေထံစာပို့ပြီး နောက်တနေ့တွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

စက်တင်ဘာလ (၂၇) ရက်နေ့နံနက် (၆) နာရီက (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုမင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့ကို စစ်ဘက်လုံခြုံရေးအဖွဲ့မှ အာဏာပိုင်များက နေအိမ်အသီးသီးမှ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ပြည်ထဲရေးအရာရှိများနှင့် ဆွေးနွေးနေသည်ဟု အတည်မပြုနိုင်သော သတင်းများထွက်ပေါ်လာသော်လည်း ရန်ကုန်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝင်းအတွင်း တသီးတခြားစီ ဖမ်းဆီးခံထားရသော ကျောင်းသားခေါင်းဆောင်ဟောင်းများ၏ အခြေအနေနှင့်ပတ်သက်၍ မိသားစုနှင့်လုပ်ဖော်ကိုင်ဖက်များက စိုးရိမ်လျက်ရှိသည်။

ကျောင်းသားခေါင်းဆောင်များ အဖမ်းခံရသောနေ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၈) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပသောနေ့နှင့် တိုက်ဆိုင်နေသကဲ့သို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးတရားဝင်ဆွေးနွေးနေသည့်


စာမျက်နှာ (၁၂) ကော်လံ (၁) သို့



ကိုမင်းကိုနိုင်


ကိုကိုကြီး


ကိုဌေးကြွယ်


ကိုမင်းဇေယျာ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် နအဖကို အဖွဲ့ချုပ်ထပ်မံတိုက်တွန်း



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းခြင်း (၁၈) နှစ်ပြည့် အခမ်းအနားသို့တက်ရောက်လာသော အဖွဲ့ချုပ် အဖွဲ့ဝင်များ

ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့နံနက်စောစောပိုင်းက အထိန်းသိမ်းခံနေရသော ကျောင်းသားခေါင်းဆောင်များ တက်ရောက်ခွင့်မရသော အဖွဲ့ချုပ်ဖွဲ့စည်းခြင်းနှစ်ပတ်လည် အခမ်းအနားကို စက်တင်ဘာလ (၂၇) ရက်နေ့ နေ့လည် (၁၂) နာရီက ရန်ကုန်မြို့၊ အနောက်ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ်ဌာနချုပ်တွင် ကျင်းပခဲ့သည်။

ပြည်ထဲရေးဌာနအာဏာပိုင်များနှင့် ဆွေးနွေးရန်ဟူသော အကြောင်းပြချက်ဖြင့် အခမ်းအနားမကျင်းပခင် နာရီပိုင်းက ခေါ်ဆောင်သွားသော မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့ကို အာဏာပိုင်များက ပြည်ထဲရေးဌာနရုံးဝင်းအတွင်း ထိန်းသိမ်းထားသောကြောင့် အခမ်းအနားသို့တက်ရောက်ခွင့်မရပေ။

ပရိသတ် (၁,၀၀၀) ခန့်တက်ရောက်နေသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဖွဲ့စည်းခြင်း (၁၈) နှစ်ပြည့်အခမ်းအနား


စာမျက်နှာ (၁၂) ကော်လံ (၃) သို့


## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းခြင်း (၁၈) နှစ်ပြည့် နှစ်ပတ်လည်ကြေညာချက်မှ အချက်များ...

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် တစ်စိုက်မတ်မတ် ကြိုးပမ်းအားထုတ်မှုများကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးများမပါဝင်ဘဲ စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များကို ပြစ်ဒဏ်ချထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(ဂ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ကန့်သတ်ချက်များမရှိစေဘဲ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(ဃ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ခေတ္တဟုဆိုပြီး ယနေ့တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(င) တိုင်းပြည်ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိတ်နှလုံး ပျော်ရွှင်ချမ်းမြေ့စေရေးတို့အတွက် ပြည်သူလူထုအားလုံး မျှော်လင့်တောင့်တနေသည့်အတိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ဦးစွာပထမ အမြန်ဆုံး တွေ့ဆုံဆွေးနွေးကြရန်နှင့် ထို့နောက်တွင် တိုင်းရင်းသားလူမျိုးစုများနှင့်ပါ တွေ့ဆုံဆွေးနွေးကြရန်။

(စ) ပြည်သူလူထု လက်ငင်းကြုံတွေ့ခံစားနေကြရသော လူမှုဘဝဒုက္ခအပေါင်းမှသက်သာစေရန် အထူးလိုအပ်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများရရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရန်၊

စသည့် ငြိမ်းချမ်းသာယာသော နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေကောင်းများကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံးဆောင်ရွက်ပေးရန် လုံးဝတာဝန်ရှိကြောင်း ကြေညာလိုက်သည်။

## ဗင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# သံသယအကျိုးကို ခံစားခွင့်ပေးရမည်။

၂၀၀၆ ခုနှစ် အောက်တိုဘာ (၁၀) ရက်နေ့တွင် နအဖ အမျိုးသားညီလာခံ ပြန်လည်ကျင်းပမည်ဖြစ်သည်။ အထူးသဖြင့် ၎င်းတို့၏ အဓိကရည်မှန်းချက်ဖြစ်သည့် အနာဂတ်မြန်မာ့နိုင်ငံရေးတွင် စစ်တပ်၏ဦးဆောင်မှုရယူရေးကို ပီပီပြင်ပြင် အကောင်အထည်ဖော်မည့် အဆိုပြုပြဋ္ဌာန်းချက်များကို ယင်းညီလာခံတွင် ထည့်သွင်းရေးဆွဲရန် အပြင်းအထန်ကြိုးပန်းလျက်ရှိသည်။ တချိန်တည်းမှာပင် နအဖစစ်အုပ်စုသည် နိုင်ငံရေးပါတီများ ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူ ပြည်သူများကို အမြစ်ပြတ်သုတ်သင်ချေမှုန်းရန် စီမံချက်များ ချမှတ်ပြင်ဆင်ပြီးဖြစ်သည်ကို တွေ့မြင်နေရသည်။

၂၀၀၆ ခုနှစ်၏ ကျန်ရှိနေသေးသော နောက်ဆုံး (၃) လအတွင်း အတိုက်ခံအင်အားစုများမှလည်း အစွမ်းကုန် ကျားကုတ်ကျားခဲ ကြိုးပမ်းလာမည့် အလားအလာများကိုတွေ့ရသည်။ ပြည်တွင်းအင်အားစုများအတွင်း ဟန်ချက်ညီလှုပ်ရှားမှုများ၏ အကျိုးသက်ရောက်မှုကို ပိုမိုစိုးရိမ်လာသည့် နအဖ ဖိနှိပ်ရေးယန္တရား၏ နှိပ်ကွပ်မှုမှာလည်း ပိုမိုဆိုးဝါးပြင်းထန်လျက်ရှိသည်။ ''ဖိလေကြွလေ၊ နှိပ်လေထလေ'' ဟူသည့် အမှန်တရားရှာဖွေသူ ဓမ္မဘက်တော်သားတို့၏ အစဉ်အလာအရ ပြည်သူလူထုကြီးတရပ်လုံး၏ မကုန်မခမ်းနိုင်သော စွမ်းပကားကိုအရယူလျက် နအဖစစ်အုပ်စုအား မတရားသည့် အမိန့်အာဏာမှန်သမျှ တာဝန်အရဆန့်ကျင်ကြမည့် အင်အားစုများ၏ တက်ကြွစွာလှုပ်ရှားမှုကိုလည်း မြင်တွေ့နေရပေသည်။

နအဖ စစ်အစိုးရအား အပြုသဘောချဉ်းကပ်၍ ဒေသအကျိုး၊ နိုင်ငံအကျိုးစီးပွားအတွက် ဆောင်ရွက်ကြိုးပန်းခဲ့သော်လည်း နွားဂျိုမှ နို့မထွက်သည်ကို သဘောပေါက်သိမြင်လာကြသော အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမိသားစုကြီးကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အာဂျင်တာတွင် မြန်မာ့အရေးကို စတင်ဆွေးနွေးနေပြီဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာပြည်အကျပ်အတည်း ဖြေရှင်းရေးအတွက် သင့်တော်မည့် ဖြေရှင်းမှုတရပ်ကို ဝိုင်းဝန်းဖန်တီးနေကြပြီဖြစ်လေသည်။

ဤသို့သောအခြေနေအရပ်ရပ် ဖြစ်ပေါ်နေသည့်ကာလများတွင် မြန်မာပြည်သူအများစုကြီးခံစားနေရသော ဒုက္ခဆင်းရဲများမှာ အဆိုးဝါးဆုံးအခြေအနေသို့ ရောက်ရှိ နေပြီဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေနေများမှာ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်လျှင် လူမျိုးသာမကတိုင်းပြည်ပါ ပျက်သုန်းမည့်အခြေအနေထိ ဆိုးဝါးလျက်ရှိသည်၊ အမျိုးသားသွေးစည်းညီညွတ်ရေးသည်လည်း ဝါးအစည်းပြေသကဲ့သို့ အစည်းပြေလျှက်ရှိသည်ကို ကြေကွဲဖွယ်ရာမြင်တွေ့နေရသည်။

ဖော်ပြပါပြည်သူလူထု၏အခြေအနေ၊ အင်အားစုအသီးသီး၏ တည်ရှိနေဆဲအခြေအနေတို့ကိုလေ့လာကြည့်ပါက မြန်မာ့လူ့အဖွဲ့အစည်းတွင် ပြည်သူလူထုလိုလားသော အပြောင်းအလဲများဖြစ်ပေါ်လာစေရမည့် ပကတိ ဘဝအခြေအနေများကား ရင့်မှည့်နေပြီဖြစ်သည်ဟု သုံးသပ်နိုင်သည်။ ဆိုလိုသည်မှာ ဆန့်ကြင်ဘက်အင်အားစု (၂) ရပ်၏ ဆန္ဒအရမဟုပ်ပဲ ပကတိအခြေနေအရ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်ရမည့် အခြေအနေတရပ်ကား မလွမသွေဖြစ်ထွန်းနေပြီဖြစ်သည်။ ယင်းအခြေအနေတွင် အမာအား (hardware) နှင့် အပျော့အား (software) တို့ကို အကျိုးရှိစွာအသုံးချနိုင်ရေးမှာ လွန်စွာအရေးပါလှပေသည်။

အပြောင်းအလဲသည် စစ်အုပ်စုအတွက်ဖြစ်မည်လော၊ ပြည်သူလူထုအကျိုးအတွက်လောဟု မေးရန်ရှိသည်။ ပြည်သူလူထုအတွက်သာဖြစ်ရမည်ဟု အခိုင်အမာသံဓိဋ္ဌာန်ချရန်လိုအပ်သည်။ စစ်အုပ်စုအတွက်နေရာမရှိတော့။ အဘယ်ကြောင့်ဆိုသော် စစ်အုပ်စုသည် ''အဟောင်း''ဖြစ်၍ ပြည်သူလူထုအကျိုးစီးပွားသည် ''အသစ်'' ဖြစ်သောကြောင့်ဖြစ်သည်။ ရွက်ဟောင်းများကြွေနေပြီး ရွက်သစ်များဝေနိုင်ပါမည်လားဟု မေးသူတချို့ရှိနိုင်ကြသည်။ ရွသစ်တို့ဖြစ်ထွန်းလာရေးသည် အတ္တဘာဝအခြေအနေနှင့်တိုက်ရိုက်သက်ဆိုင်သည်။ ပြည်သူလူထုလိုလားသော အပြောင်းအလဲများအတွက် တိုက်ပွဲဝင်နေသည်ဟုဆိုကြသော အဖွဲ့အစည်းများ ခေါင်းဆောင်များသည် ယနေ့ကာလ အတ္တဘာဝအခြေအနေပြည့်စုံရေးအတွက် နည်းပရိရာယ်ကြွယ်ဝစွာ ကြိုးပန်းကြရပေသည်။ ဤတာဝန်ကို ယနေ့လူတို့ ကျေပွန်အံ့လောဟု သံသယပွားသူတို့ နိုင်ကြသည်။ ယခုခေါင်းဆောင်မှုအား သံသယအကျိုးကိုခံစားခွင့်ပြု၍ ယုံယုံကြည်ကြည် လိုက်ပါဆောင်ရွက်ကြပါဟု ဆိုရန်သာရှိပါကြောင်း ....။

❖

# မြန်မာ့အရေးလုံခြုံရေးကောင်စီတွင် ဆွေးနွေးမည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြိုဆို



နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား အန္တရာယ်ပြုလာနေသော မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုလိုက်သည်။

အဖွဲ့ချုပ်အတွင်းရေးမှူးဦးလွင်က ''ဒီဆုံးဖြတ်ချက်ကိုကြိုဆိုပါတယ်။ ကုလသမဂ္ဂကို ကျေးဇူးလည်းတင်ပါတယ်။ စစ်အစိုးရကို နိုင်ငံတကာက ဆက်လက်ဖိအားပေးသွားမယ်လို့ မျှော်လင့်ပါတယ်''ဟု ပြောသည်။

အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ရိုက်တာသတင်းဌာနသို့ စနေနေ့က ပြောကြားရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာ့အရေးဆွေးနွေးမည့်ကိစ္စသည် မြန်မာပြည်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းအတွက် အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်းပြောသည်။

''မြန်မာပြည်နိုင်ငံရေး ပြဿနာကို အဖြေရှာတဲ့နေရာမှာ အခုဆုံးဖြတ်ချက်က ရှေ့တလှမ်းတက်လာတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လုပ်ဆောင်တဲ့နေရာမှာ အခုကိစ္စက အထောက်အပံ့ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်''ဟု ဦးဉာဏ်ဝင်းကပြောသည်။

အောက်တိုဘာလ (၁၅) ရက်နေ့က ပြုလုပ်သော လုံခြုံရေးကောင်စီအစည်းအဝေးတွင် မြန်မာအရေးသည် ဒေသတွင်းနှင့် ကမ္ဘာကြီးတခုလုံး၏လုံခြုံရေးကို ခြိမ်းခြောက်ခြင်းရှိ မရှိနှင့်ပတ်သက်သောအမြင်များ ကွဲပြားခဲ့သည်။



ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆွေးနွေးပွဲ

လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) နိုင်ငံအနက် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျပန်အပါအဝင် (၁၀) နိုင်ငံက မြန်မာ့အရေးကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရန်ဆန္ဒရှိသော်လည်း တရုတ်၊ ရုရှ၊ ကာတာနှင့် ကွန်ဂိုနိုင်ငံတို့က ကန့်ကွက်ခဲ့ကြသည်။ တန်ဇာနီးယားနိုင်ငံက ကြားနေခဲ့သည်။

လုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ထည့်သွင်းဆွေးနွေးရေးအတွက် ထောက်ခံမဲ (၉) မဲသာလိုအပ်ပြီး တရုတ်နှင့်ရုရှတို့၏ ကန့်ကွက်မဲသည် ယခုကိစ္စကို ပျက်ပြားသွားစေလောက်အောင် ထိရောက်မှုမရှိပေ။

သို့သော် နိုင်ငံရေးသုံးသပ်သူများက လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် နှစ်နိုင်ငံဖြစ်သော အဆိုပါနှစ်နိုင်ငံ၏ ဗီတိုအာဏာသည် လုံခြုံရေးကောင်စီ၏ရှေ့လာမည့် ဆုံးဖြတ်ချက်များတွင်သက်ရောက်နိုင်သဖြင့် တိုးတက်ဖြစ်ပေါ်မှုများကို စောင့်ကြည့်ရမည်ဟု ပြောသည်။

လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးမည့်ဆုံးဖြတ်ချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအပါအဝင် ပြည်ပရောက်ဒီမိုကရေစီအင်အားစုများက သိသာသောတိုးတက်မှုတရပ်အဖြစ် ကြိုဆိုလိုက်ကြပြီး ''ပြည်သူလူထု၏ အကျိုးစီးပွားကိုဦးထိပ်ထားလျက် အင်အားစုအားလုံး ပါဝင်တွေ့ဆုံဆွေးနွေးနိုင်မည့် နိုင်ငံရေးဝန်းကျင်တရပ်အတွက် ဆက်လက်ကြိုးပမ်းရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ထပ်မံတိုက်တွန်းလိုက်သည်။ ❖

**လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးရေးနှင့်ပတ်သက်သော မဲအခြေအနေ**

| | | | | | |
|---|---|---|---|---|---|
| အမေရိကန် | Yes | ဂျပန် | Yes | ကာတာ | No |
| အာဂျင်တီးနား | Yes | ပီရူး | Yes | ကွန်ဂို | No |
| ဒိန်းမတ် | Yes | ဆလိုဗက်ကီးယား | Yes | တန်ဇာနီးယား | ကြားနေမဲ |
| ပြင်သစ် | Yes | ဗြိတိန် | Yes | | |
| ဂရိ | Yes | တရုတ် | No | | |
| ဂါနာ | Yes | ရုရှ | No | | |



# လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကကြိုဆို

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာရ်ပီပီ၏ကြေညာချက်

မြန်မာဒုက္ခသည်များ အရှေ့တောင်အာရှဒေသတွင် စီးဝင်ပျံ့နှံ့နေခြင်း၊ မူးယစ်ဆေးဝါးပြဿနာ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ HIV၊ AIDS အခြေအနေတို့၏ ခြိမ်းခြောက်မှုအန္တရာယ်နှင့် လူ့အခွင့်အရေးချိုးဖောက်နေခြင်းတို့အပြင် မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အထွေထွေအကြပ်အတည်းများ အမှန်တကယ်ဖြစ်ပေါ်နေပါသည်။

ယင်းသို့ဖြစ်ပေါ်နေရခြင်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းမရှိဘဲ ၎င်းတို့ကိုယ်တိုင် တဖက်သတ်ချမှတ်ထားသည့် လုပ်ငန်းစဉ်များအရ ဆက်လက်ဆောင်ရွက်နေသောကြောင့်သာ ဖြစ်ပါသည်။

အထက်ပါအကြောင်းများကြောင့် မြန်မာနိုင်ငံအရေးသည် ပြည်တွင်းရေးသာမကတော့ဘဲ နိုင်ငံတကာအရေးသို့ ရောက်ရှိသွားပါသည်။ ထို့ကြောင့် ဤအခြေအနေသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ရောက်ရှိသွားသည်။ ၎င်းက (၂၀၀၆) ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစည်းအဝေးများတွင် တရားဝင်ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင် အရေးတကြီးလိုအပ်နေသော တွေ့ဆုံဆွေးနွေးမှုမှတဆင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ရှေ့တိုးဆောင်ရွက်ရန် အရေးပါသော ခြေလှမ်းဖြစ်သည်ကြောင့် ကြိုဆိုလိုက်ပါကြောင်း ကြေညာလိုက်သည်။

(၁၉–၀၉–၀၆) နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ။
ရန်ကုန်မြို့။
၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၄) ရက်။

## (၈၈) မျိုးဆက်များက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဖြူရောင်လှုပ်ရှားမှုပြုလုပ်မည်

မြန်မာနိုင်ငံ၌ အထွေထွေနိုင်ငံရေးအကြပ်အတည်းပြေလည်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းလုပ်ဆောင်ချက်များကို ထောက်ခံသည့်အနေဖြင့် အဖြူရောင်အဝတ်အစားများဝတ်ဆင်သည့် လှုပ်ရှားမှုကို (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့က ပြင်ဆင်နေကြောင်းသိရသည်။

အဖြူရောင်လှုပ်ရှားမှုကို အောက်တိုဘာ (၁၀) ရက်နေ့တွင် စတင်မည်ဖြစ်ပြီး ဖမ်းဆီးခြင်းခံနေရသော ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်၏ (၄၄) နှစ်မြောက် မွေးနေ့ကျရောက်မည့် အောက်တိုဘာ (၁၈) ရက်နေ့အထိ ပြုလုပ်သွားမည်ဟုဆိုသည်။

အဖြူရောင်လှုပ်ရှားမှုသည် နအဖ၏ ညောင်နှစ်ပင်ညီလာခံပြန်စချိန်နှင့် တိုက်ဆိုင်နေသော်လည်း ယင်းကိစ္စနှင့် သက်ဆိုင်ဆက်စပ်မှုမရှိကြောင်း လှုပ်ရှားမှုကိုစီစဉ်သူများက ပြောသည်။

ထို့အပြင် အောက်တိုဘာ (၅) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နအဖစွပ်စွဲသကဲ့သို့ တိုင်းပြည်တွင် အကြမ်းဖက်ဆူပူမှုများဖြစ်လာအောင် မိမိတို့စီစဉ်နေခြင်းမဟုတ်ဘဲ ငြိမ်းချမ်းသည့်နည်းဖြင့် လူထုဆန္ဒကို ဖော်ထုတ်နေခြင်းဖြစ်ကြောင်း (၈၈) မျိုးဆက်များကပြောသည်။

အောက်တိုဘာ (၄) ရက်နေ့များတွင် နအဖအာဘော်သတင်းစာက (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်၊ ကိုကိုကြီး နှင့် (၈၈) မျိုးဆက်များသည် တိုင်းပြည်တွင် ဆူပူမှုများဖြစ်ပေါ်အောင်လုပ်ဆောင်နေကြောင်းကြားသိရသဖြင့် ခေါ်ယူစစ်ဆေးနေသည်ဟုဖော်ပြခဲ့သည်။

ဆက်လက်၍အောက်တိုဘာ (၅) ရက်နေ့တွင် အထိန်းသိမ်းခံ ကျောင်းသားခေါင်းဆောင်များသည် ပြည်ပရောက် ဗကသဟောင်း ကိုဇော်ဇော်အောင်နှင့် အဆက်အစပ်ရှိနေသည်ဟု ထပ်မံစွပ်စွဲခဲ့ပြီး ကျောင်းသားခေါင်းဆောင်များ လွတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် လက်မှတ်ထိုးတောင်းဆိုမှုများကိုလည်း ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းကို ရွေးချယ်ခြင်းဖြစ်သည်ဟု သတင်းကဆိုသည်။

သို့သော် (၈၈) မျိုးဆက်များက မိမိတို့သည် တွေ့ဆုံဆွေးနွေးရေး၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေခံပေါ်တွင် ငြိမ်းချမ်းသောနည်းဖြင့် တိုင်းပြည်ပြဿနာကိုဖြေရှင်းရန်သာ အစဉ်တစိုက်ကြိုးပမ်းခဲ့ကြောင်းပြောသည်။ ❖

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်**
**၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၁၈) နှစ်မြောက် အခမ်းအနား၏သဘာပတိမိန့်ခွန်း



လေးစားအပ်ပါသော ဧည့်သည်တော်များ၊ သမိုင်းတလျှောက် လက်တွဲရုန်းကန်လာခဲ့ကြသောရဲဘော်ကြီးများနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်အပေါင်းတို့ မင်္ဂလာပါခင်ဗျာ ....

ယနေ့ဟာ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းခဲ့တဲ့ နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ (၁၈) ကြိမ် ရှိခဲ့ပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲ ကျနော်ဝင်ဖို့ ကျနော့်သူငယ်ချင်းလည်းဖြစ်တဲ့ တော်လှန်ရေးရဲဘော်ဟောင်းက ကျနော့်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မဖွဲ့မီမှာ လာတိုက်တွန်းပါတယ်။ ကျနော်က ဘယ်လောက်ကြာမှာလဲ မေးတော့ သုံးနှစ် အလွန်ဆုံး လေးနှစ်ပေ့ါဗျာဟု သူကဖြေပါတယ်။ သူပြောတဲ့လေးနှစ်ဆိုတာ ဒါသူ့အတွက် ပြောဟန်တူပါတယ်။ သူလည်း ဂန္ဓီညီလာခံအပြီးမှာ အကျဉ်းကျခံသွားရပါတယ်။ သုံးနှစ်နေပြီး လွတ်လာတယ်။ တနှစ်လောက်နားနေစဉ်မှာ ကွယ်လွန်သွားရှာတယ်။

မကြာပါဘူး ကျနော်တို့ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်တွင် တက်ခဲ့ရပါတယ်။ ယနေ့ဆိုရင် ဒီညီလာခံဟာ (၁၄) နှစ်ထဲ ရောက်လာပါပြီ။ ဒါပေမယ့် မပြီးသေးဘူး။ နောက်ဘယ်လောက်ကြာဦးမယ်လို့ ဘယ်သူမှမပြောနိုင်ပါ။ ဘာဖြစ်ဦးမှာလဲ မေးသူရှိရင် အတိအကျမဟုတ်တဲ့ မရေရာအဖြေတွေပေးမည့်သူ အမြောက်အများရှိမှာပါ။ သေချာတဲ့ကိစ္စ လူတိုင်းလိုလို သိနေတဲ့ကိစ္စကတော့ မတည်ငြိမ်မှုပါဘဲ။

ဘယ်လိုမတည်ငြိမ်မှုမျိုးတွေ၊ ဘယ်လိုအခက်အခဲမျိုးတွေနဲ့ ရင်ဆိုင်နေကြရသည်ကို တာဝန်ရှိကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ တဦးနှင့်တစ်ဦး တဖွဲ့နှင့်တဖွဲ့ နားလည်မှုအသိစိတ်ဓာတ်များတို့ဖြင့် ဆွေးနွေးညှိနှိုင်းကြရမှာ ဖြစ်ပါတယ်။ တာဝန်ရှိအစိုးရများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှလည်း တောင်းဆိုလာကြသည်မှာ တနေ့တခြား တိုးများလာနေပြီဖြစ်ပါတယ်။

အသိစိတ်ဓာတ်ဆိုသည်မှာ ကမ္ဘာ့မှုပြုခြင်း (Globalization) တွင် ခေတ်မှီတိုးတက်လိုတဲ့အစိုးရများဟာ အခြေခံလူ့အခွင့်အရေးအပြည့်အဝ ဖြည့်ဆည်းရေးကို ဦးစားပေးလာခြင်းကို ဆိုလိုပါတယ်။ ဤကိစ္စသည် ဒီမိုကရေစီအကောင်အထည်ဖော်ရာတွင် ဦးစွာပထမ မလွဲမသွေ ဆောင်ရွက်ရပါလိမ့်မယ်။ ယခု ကမ္ဘာ့မှုပြုခြင်း (Globalization) ခေတ်မှီအခါသမယကြီးတွင် အံ့ဩဖွယ်ကောင်းလောက်အောင် တိုးတက်လာကြပြီး အတုယူနိုင်ကြမယ်ဟု မျှော်လင့်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) နိုင်ငံမှ အစိုးရများသည် မူလအနေအထားမှပြောင်းလဲလာပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရပ်တည်ချက်ကို သိသိသာသာကြီး စာနာထောက်ထားလာတာကို တွေ့မြင်ရသည့်အပြင် Asean Inter Parliamentary Myanmar Caucus (AIPMC) အဖွဲ့အစည်းကြီး၏ နိုင်ငံရေးဩဇာအရှိန်ကိုပါရယူ၍ ထောက်ခံအားပေးလာသည်ကြောင့် ကျေးဇူးတင်ရပါတယ်။

ဖင်လန်နိုင်ငံ၊ ဟယ်လ်ဆင်ကီးမြို့ အာရှ–ဥရောပအစည်းအဝေး (ASEM) တွင် ဖင်လန်အစိုးရ၏ဆောင်ရွက်မှုတရပ်မှာ မြန်မာပြည်မှ ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်အားဖိတ်ကြားပြီး ရှင်းလင်းခွင့်ပေးခဲ့ပါတယ်။ တာဝန်ရှိပုဂ္ဂိုလ် ရှင်းလင်းချက်အပေါ် ဥရောပနိုင်ငံများသမဂ္ဂ (EU) ၏ ဘောထားကိုလည်း ဥရောပနိုင်ငံများသမဂ္ဂ (EU) ကိုယ်စား ဖင်လန်နိုင်ငံဝန်ကြီးချုပ်မှ ထုတ်ပြန်ခဲ့ပါတယ်။

တင်ပြခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) နှင့် ဥရောပနိုင်ငံများသမဂ္ဂ (EU) တို့၏ သဘောထားအမြင်သည်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားရပ်တည်ချက်ဖြစ်သည့် ထိပ်တိုက်ရန်မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးရေးအမြန်ရလိုမှုကို အထောက်အကူပြုခဲ့ပါတယ်။

ယနေ့နောက်ဆုံး မြန်မာနိုင်ငံအရေးနှင့်ပတ်သက်တဲ့ အရေးကြီးဆုံးကိစ္စမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) မှ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်တင်ပြသည့် မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) မှ တရားဝင်ဆွေးနွေးရန် အစည်းအဝေးအစီအစဉ်တွင် လက်ခံခဲ့ပြီးဖြစ်ရာ အဖြေကိုစောင့်ကြည့်ကြရပါတော့မယ်။

ဤကိစ္စကို လိုလားတောင့်တ တောင်းဆိုခဲ့ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးလှုပ်ရှားသူများအဖို့ ဝမ်းသာမဆုံးဖြစ်ခဲ့ကြရသလို အခက်အခဲမြောက်များစွာတို့ကို ရင်ဆိုင်ဖြေရှင်း၍ ယခုကဲ့သို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) မှ လက်ခံနိုင်ရန်အထိကြိုးပမ်းခဲ့သည့် အမေရိကန်သံအမတ်ကြီး John Bolton နှင့်အတူ သဘောတူ၍ မဲပေးခဲ့ကြသည့် ဗြိတိန် (UK)၊ ပြင်သစ် (France)၊ ဒိန်းမတ် (Denmark)၊ ဂရိ (Greece)၊ ဂျပန် (Japan)၊ ပီရူး (Peru)၊ အာဂျင်တီးနား (Argentina)၊ ဂါနာ (Ghana) နှင့် စလိုဗက်ကီးယား (Slovakia) နိုင်ငံကိုယ်စားလှယ်များကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိကြောင်း ဤနေရာမှထပ်မံပြောကြားလိုက်ပါတယ်။

ကျနော်တို့ မျှော်လင့်တောင့်တနေတဲ့ တွေ့ဆုံဆွေးနွေးရေးဟာ ဖြစ်လာရတော့မည်မှာ မလွဲပါ။ အောင်မြင်နိုင်ရန် အစွမ်းကုန်ကြိုးစားရပါမယ်။ အမေရိကန်မှ သံအမတ်ကြီး (John Bolton) နှင့်အတူ ထောက်ခံမဲပေးကြသောနိုင်ငံများရဲ့ ကုလသမဂ္ဂကိုယ်စားလှယ်များအနေနဲ့ ရှေ့တွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖြောင့်ဖြူးအောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေရန် ဆုတောင်းလိုက်ရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အများပြည်သူတို့ အစားဆင်းရဲ၊ အနေဆင်းရဲ၊ ရောဂါဘယအပေါင်းမှ ကင်းဝေးနေနိုင်ရေးအတွက် ကိုယ်စိတ်နှစ်ပါး အစွမ်းရှိသရွေ့ ကြိုးပမ်းသွားပါမယ်ဟု (၁၈) ကြိမ်မြောက်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဤနေ့ထူးနေ့မြတ်တွင် အဓိဋ္ဌာန်ပြုပါတယ်။

ကြွရောက်လာကြသော .... လေးစားအပ်တဲ့ ဧည့်သည်တော်ကြီးများနဲ့ အဖွဲ့ဝင်အပေါင်းတို့အား ဆတက်ထမ်းပိုးတိုး၍ စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေရန် ဆုတောင်းလိုက်ပါတယ်။

"ကျမ်းမာချမ်းသာကြပါစေ"
ရန်ကုန်မြို့

# မောင်မောင်ခေါ်တယ်ထင်လို့ ဗျာထူးနေသူတွေ..

ဇသြ




၁၉၉၀ခုနှစ်ရွေးကောက်ပွဲက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့လက်ထဲကို ဒီမိုကရေစီအရေးတော်ပုံရဲ့အလံ ထိုးအပ်လိုက်တယ်။ ဒီအရေးတော်ပုံအတွက် တိုက်ပွဲဝင်နေတဲ့ တခြားအင်အားစုတွေရှိပေမယ့် အရေးတော်ပုံရဲ့အလံကိုင်ဟာ ဒီချုပ်ပဲဖြစ်တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ဘူး။ နအဖတောင်မငြင်းဘူး။

တဖက်မှာတော့ ဒီမိုကရေစီအရေးတော်ပုံရဲ့ မြှားဦးအဓိကလှည့်ရာဟာ နဝတ၊ နအဖစစ်အုပ်ပဲ။ ဒါလည်း ဘယ်သူမှ မငြင်းနိုင်ဘူး။

ဒီလိုဘက်နှစ်ဘက်၊ အုပ်စုနှစ်စုကွဲနေတာဟာ ဗမာပြည်နိုင်ငံရေးရဲ့ အဓိကလက္ခဏာပဲ။ နောက်ပြီး ဒီပဋိပက္ခဟာ အဓိကပဋိပက္ခဖြစ်တယ်လို့ဆိုရင်လဲမမှားဘူး။

စစ်အုပ်စုဟာ ဗိုလ်ခင်ညွန့်ကို စွန့်ပစ်လိုက်ပေမယ့် ဗိုလ်ခင်ညွန့်လုပ်နေတဲ့ အလုပ်တွေကိုတော့ စွန့်မပစ်ဘူး။ အထူးသဖြင့် သူတို့အားလုံးသဘောတူထားခဲ့တဲ့ မူတွေ၊ လုပ်ငန်းတွေကိုဆက်ထိန်းထားတယ်။ အဲဒီတုန်းက အိပ်မက်တွေကိုတောင် ဆက်ပြီးမက်နေတယ်။ စိတ်ကူးနေတယ်လို့ဆိုနိုင်တယ်။ ဗိုလ်ခင်ညွန့်မရှိတဲ့အခါမှာ ဗိုလ်သိန်းစိန်နဲ့ ဗိုလ်မြင့်ဆွေတို့က ဆက်လုပ်ခဲ့ကြတာပဲ။ အဲဒီလိုလုပ်ငန်းတွေထဲမှာ မအောင်မြင်ပေမဲ့ အခုထက်ထိသူတို့ ဇွဲရှိရှိနဲ့လုံးပမ်းနေတဲ့ကိစ္စတခုဟာ ဗမာပြည်နိုင်ငံရေးဇာတ်ခုံ (ပြည်တွင်း–ပြည်ပ) မှာ တတိယအင်အားစု ပေါ်လာအောင် လုပ်ဖို့ဖြစ်တယ်။ တနည်းပြောရရင် စစ်အစိုးရနဲ့ အတိုက်အခံအင်အားစုတွေအကြားမှာ ကြားအင်အားစုတရပ်ပေါ်ဖို့ပဲ။ ဒါဟာသူတို့အဖို့ အများကြီး ရှုသာရှိုက်သာရှိစေမယ့် ဂယ်ပေါက်လို့ မြင်ထားကြတယ်။

ဒါပေမယ့် သဘောတရားအရပဲဖြစ်ဖြစ်၊ သမိုင်းလက်တွေ့အရပဲဖြစ်ဖြစ် တကယ်တမ်းပြောရရင် ဒီမိုကရေစီအင်အားစုနဲ့ စစ်အာဏာရှင်၊ ကိုလိုနီသမားနဲ့ ကိုလိုနီပြုခံရသူ၊ ဖက်ဆစ်နဲ့ ဖက်ဆစ်ဝါဒါဆန့်ကျင်သူ၊ ဒါလောက်တိကျရှင်းလင်းပြတ်သားတဲ့ပြဿနာမှာ ကြားအင်အား၊ ကြားနေဆိုတာ မပေါ်ပေါက်နိုင်၊ မရှိနိုင်ဘူး။ တဦးချင်း၊ တစုချင်း ရှိနိုင်တယ်။ ရှိတယ်။ ဒါပေမယ့် အင်အားတရပ်ဖြစ်လာတဲ့အထိ မကြီးထွားနိုင်ဘူး။ အကြောင်းကတော့ ရှင်းတယ်။ အဲဒါ ပြည်သူလူထုကရော၊ သမိုင်းဖြစ်ပေါ်တိုးပွားမှုကရော ခွင့်မပြုလို့ပဲ။

ဗိုလ်ခင်ညွန့်လက်ထက်ကစလို့ ပြည်တွင်းကလူတွေအပြင် ဂျပန်ပြန်နဲ့ အမေရိကန်ပြန်တချို့ကို မွေးကြည့်တယ်။ မရဘူး။ အားလုံးအမှိုက်ပုံးထဲသာ ရောက်သွားကြတယ်။ တချို့ကို ပြည်တွင်းမှာရော ပြည်ပမှာပါ နိုင်ငံရေးစင်မြင့်ထိုးပေးတယ်။ သူတို့အဖို့ နှမ်းထွက်မကိုက်တာချည့်ပဲ ကြုံရတယ်။ ဒီလိုမွေးတာကိုအမွေးခံချင်တဲ့ လူတွေမရှိဘူးလားလို့မေးရင် ရှိပါတယ်လို့ပဲ ဖြေရမယ်။ ဒါပေမယ့် ရဲရဲပြတ်ပြတ်ထွက်ရဲတဲ့လူကတော့ အင်မတန်မိုက်မဲသူ အနည်းငယ်ကလွဲရင်မရှိဘူး။ တချို့ကတော့လည်း ထင်ပေါ်ရရင်နည်းသလားလို့အောက်မေ့သလားမသိဘူး။ ဒါပေမယ့် တလှမ်းပဲလှမ်းလိုက်တယ်။ ပြည်သူလူထု တံတွေးခွက်ထဲမျောပါသွားရော။

အခုအခါမှာ ဗိုလ်သန်းရွှေတို့ စစ်အုပ်စုဟာ ဒီလိုအင်အားတခုပေါ်ရေးကို တခါကြိုးစားနေပြန်ပြီလို့ယူဆစရာတွေ တွေ့နေရတယ်။ တော်တော်ထင်ထင်ရှားရှား မြင်တွေ့နေရတယ်။ သူတို့ရဲ့ မီဒီယာစစ်ပွဲကို ပြည်တွင်းသာမက ပြည်ပမှာပါ တိုးချဲ့လာတဲ့ လက္ခဏာတွေ တွေ့လာရတယ်။

တကယ်က ဗိုလ်သန်းရွှေတို့ရဲ့ ကြားအင်အားမွေးတယ်ဆိုတဲ့ လုပ်နည်းဟာ ဘာမှမဆန်းဘူး။ ဖက်ဆစ်လုပ်နည်း လုပ်နေတာသာဖြစ်တယ်။ ပိုတိကျအောင်ပြောရရင် ဂျပန်ဖက်ဆစ်နဲ့ ဗိုလ်နေဝင်းရဲ့ထောက်လှမ်းရေးနည်းပဲ။ ဂျပန်ခေတ်တုန်းက အဓိပတိ ဒေါက်တာဗမော်ကိုဖယ်ပြီး ဘုရင်စနစ်နဲ့ အစားထိုးမယ်လို့ ဂျပန်ဗိုလ်မှူးကြီးတယောက်က လေသံပစ်လိုက်တယ်။ ဒီအသံထွက်လာတာနဲ့ သီပေါမင်းအဆက်၊ လင်းပင်အဆက်၊ မြင်ကွန်း – မြင်းခုံတိုင်အဆက်ဆိုတဲ့ မင်းမျိုးမင်းနွယ်တွေ အတော်များများအကြားမှာ လှုပ်လှုပ်ရွရွဖြစ်ကုန်တယ်။ ခြေပုန်းခုတ်တာ၊ လူစုတာ၊ တယောက်နဲ့တယောက်ရန်စောင်တာတွေ ဖြစ်လာတော့တယ်။ ဂျပန်ကလည်း ဒေါက်တာဗမော်ကိုလုပ်ကြံပစ်ဖို့ စီစဉ်တယ်။ ဒီအကြောင်းတွေကို တလောကပဲ စာရေးဆရာ မြဝတီရဲခေါင်က အသေးစိပ်ရေးထားတာ ဖတ်လိုက်ကြရတယ်။

ကုန်းဘောင်ဆက်နဲ့ မန္တလေးနန်းတော်တွင်းမှာ ဇာတ်လမ်းတွေက အင်မတန်ရှုပ်ခဲ့တာဆိုတော့ ဒေါက်တာဗမော်ကိုလည်း လုပ်ကြံဦးမယ်ဆိုတဲ့သတင်းလည်း ထွက်လာရော ကြိတ်ပုန်းနန်းလုပွဲတွေ ဆက်လိုက်ကြတာ ဝက်ဝက်ကွဲပဲ။ တယောက်နဲ့တယောက်လည်း စကားတွေမပြောနိုင်ကြဘူးဖြစ်ကုန်တယ်။ ဒါပေမယ့် ဂျပန်သာထွက်ပြေးရတယ်။ ဘာမှဖြစ်မလာဘူး။

ဗိုလ်နေဝင်းကတော့ ပိုလည်၊ ပိုအတွေ့အကြုံရှိတယ်လို့ ဆိုရမယ်။ သူ့ခေတ်တုန်းက အခုလိုပြည်ပမှာ အတိုက်အခံတွေပေါ်တဲ့ ပြဿနာမရှိဘူး။ ပြည်တွင်းနိုင်ငံရေးမှာလည်း အတိုက်အခံမထားဘူး။ အပြတ်ရှင်းပစ်တယ်။ ဒါပေမဲ့ သူဘယ်လိုမှ ရှင်းမရတဲ့ ပြည်တွင်းစစ်ရှိတယ်။ ဒါကြောင့် သူဟာ တောတွင်းအင်အားစုတွေထဲမှာတောင် ကြားသဘောမျိုးထားပြီး ကာလအလိုက် မတိုက်ပဲထားတာတွေရှိခဲ့တယ်။ နိုင်ငံရေးမှာ ရန်သူကိုခွဲခြားတိုက်ရမယ်။ ချေမှုန်းရမယ်ဆိုတာ ဗိုလ်နေဝင်း ကောင်းကောင်းသဘောပေါက်တယ်။ ဒါကြောင့် အခု နအဖလုပ်တာဟာ ဗိုလ်နေဝင်း လုပ်နည်းလုပ်ဟန်လို့ပြောတာ။

ဒီနေရာမှာ နဝတ–နအဖအနေနဲ့ ပြေးရင်းလွှားရင်းဟပ်မိတယ်လို့ ပြောနိုင်တာတခုရှိတယ်။ အဲဒါက ငြိမ်းအဖွဲ့ဆိုတာ တွေကို ရလိုက်တာပဲ။ ဒါပေမယ့် အဲဒီအဖွဲ့တွေကိုတော့ ကြားအင်အားလို့ ပွဲမထုတ်ဘူး။ ထုတ်လို့လည်းမရပါဘူး။ စစ်အစိုးရဟာ သူတို့ကို ဗမာပြည်နိုင်ငံရေးစည်းဝိုင်းရဲ့ အပြင်ဘက်မှာပဲထားတယ်။ ဗမာပြည်နိုင်ငံရေးထဲကို အဝင်မခံဘူး။ သူတို့ကို နိုင်ငံရေးပါတီဆိုင်းဘုတ်အတင်မခံဘူး။ အချိန်တချိန်ကျရင် ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်က ဖယ်ပစ်ရမယ့်ဟာတွေလို့ပဲ တွက်ထားတာ။

အခုတော့ နအဖဟာ ဗိုလ်ခင်ညွန့်လက်ထက်က စခဲ့တဲ့ပြဇာတ်ကို ဆက်စင်တင်ဖို့ကြိုးစားနေတယ်။ ဇူလိုင်လလယ်တုန်းက စင်္ကာပူမှာကျင်းပခဲ့တဲ့ ဗမာပြည်ရေးရာနိုင်ငံ တကာကွန်ဖရင့်ဆိုတာဟာ အဲဒီအစီအစဉ်ကို ပြောင်ဖော်ပြတဲ့လက္ခဏာတခုပဲ။ အဲဒီကပြန်လာပြီးနောက် ပြည်တွင်းမှာ ပါတီထူထောင်ဖို့ လုံးပမ်းတာတွေရှိတယ်လို့တောင် သတင်းဖြစ်ခဲ့သေးတယ်။ ဒါမျိုးတွေအပြင် တခြားလျှို့ဝှက် ခြေပုန်းခုတ်နေတာတွေကတော့ အများကြီးပိုများတယ်။ ဒီလိုအခါမှာ အထက်မှာပြောခဲ့တဲ့ မင်းမျိုးမင်းနွယ်တွေထဲက တချို့မှားသလို လိုက်မှားတဲ့လူတွေ အခု မကြာခဏတွေ့နေကြရတယ်။ ကိုယ့်ကိုယ်ကို ထင်တလုံးနဲ့တွက်နေကြသူတွေလို့ဆိုရမလားပဲ။ နအဖကလည်း တစညကို ချောင်ထိုးပြ၊ ဘုရားပြီး ငြိမ်းဖျက်လုပ်ပြနေတော့ နောက်တခါ ရွေးကောက်ပွဲကျရင် ကိုယ့်ကို စစ်အုပ်စုက သုံးတော့မယ်၊ ပွဲထုတ်တော့မယ်လို့ တွက်သူက တွက်ဟန်လည်းတူတယ်။ အထင်မမှားကြပါနဲ့။ ကိုယ့်ကိုယ်ကိုလည်း ပိုမတွက်ကြပါနဲ့။ စိတ်ချပါ။ စစ်အုပ်စုပါတဲ့။ ကိုယ့်ငယ်ကျွန် စစ်ဗိုလ်တွေကလွဲပြီး ဘယ်သူ့ကိုမှမယုံပါဘူး။ "ဗျာ" ထူးမနေကြပါနဲ့။

အရေးတော်ပုံတရပ်အပေါ်မှာ ယုံကြည်ချက်ပျောက်လာရင် ရှုံးနိမ့်ပြီလို့ ထင်ရင် ဒါမျိုးတွေပေါ်လာလေ့ရှိတာပဲ။ ဘာမှမဆန်းဘူး။ ဗမာပြည်ရဲ့ ၁၂၄ နှစ်ကြာ ကိုလိုနီဘဝက လွတ်လပ်ရေးတိုက်ပွဲလမ်းကြောင်းကြီးထဲမှာ ဒါမျိုးတွေပေါ်ခဲ့တာ နည်းသမို့လား။ စူ့ထက်စူလို့ ပြောရမယ့်လူတွေလည်း ပေါ်ခဲ့တာပဲ။ ဒါပေမယ့် အဲဒီသမိုင်းမှာ လူထုကိုစည်းရုံးနိုင်တဲ့၊ လူထုအပေါ်မှာ ဩဇာရှိတဲ့ အင်္ဂလိပ်အလိုတော်ရိ၊ ဂျပန်အလိုတော်ရိတွေပေါ်ခဲ့ပေမယ့် အလိုတော်ရိပါတီရယ်လို့ ပေါ်ခဲ့ဖူးသလား။ မပေါ်နိုင်ပါဘူး။ ကိုလိုနီဘဝကို အင်မတန်စိတ်နာနေတဲ့ လူ့အဖွဲ့အစည်းက ဒါကို လုံးဝလက်မခံပါဘူး။ ဒီလိုနဲ့ နောက်ဆုံးတော့ လွတ်လပ်ရေးရခဲ့တာပဲ။

မမေ့ကြသင့်တာတခုက နအဖမှာ နိုင်ငံရေးအရ အကြပ်အတည်းကြီးနေလို့ ဒီလိုလုပ်နေရတာဖြစ်တယ်ဆိုတာပဲ။ သူတို့မှာ နိုင်ငံရေးအရ ချောမွေ့နေရင် ဒုတိယအင်အား၊ တတိယအင်အား၊ ဘာအင်အားမှထားမှာ မဟုတ်ဘူး။ ဒီချုပ်ကိုလည်း ဘုဒ်ိဇာနဲ့ တူးပစ်မှာ။ ဒါသူတို့ရဲ့ အဓိကရည်မှန်းချက်ပဲ။ သူတို့ဘက်က ဘယ်သူ့ဘက်ကို မြှားဦးလှည့်ရမယ်ဆိုတာသိတယ်။ ရှင်းရှင်းလင်းလင်းသိတယ်။ ဒါပေမယ့် တချို့လူတွေက နင်တန် – နင်တန်၊ ပန်းကန်ကွဲလုပ်ချင်နေကြတယ်။ နအဖမပြုတ်မချင်း ဘယ်ဘက်ကမှတန်မှာ မဟုတ်ပါဘူး။

ယုံပါ ....

ဇသြ

## သံလွင်မြစ်ပေါ်က တာဆန်းရေကာတာ
### စီမံကိန်းပယ်ဖျက်ရေးတောင်းဆို

ရှမ်းပြည်နယ်၊ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် တာဆန်းရေကာတာစီမံကိန်း၏ လတ်တလောနှင့် နောက်ဆက်တွဲပြဿနာများကြောင့် စီမံကိန်းကိုရပ်တန့်ပေးရန် ရှမ်းပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က တောင်းဆိုလိုက်သည်။

ရေကာတာတည်ဆောက်မည့် ရှမ်းပြည်နယ်အတွင်းက ဒေသခံများသည် သစ်တောပြုန်းတီးမှုပြဿနာ၊ စစ်တပ်တိုးချဲ့ချထားမှုကြောင့် အဓမ္မရွှေ့ပြောင်းခံရမှု၊ လုပ်အားပေးခိုင်းစေမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်ကြုံတွေ့ခဲ့ရပြီး ရေကာတာတည်ဆောက်ပြီးစီးသွားလျှင်လည်း ခန့်မှန်းခြေစတုရန်း ကီလိုမီတာ (၉၀၀) လောက်ရေလွှမ်းမိုးခံရမည့် နောက်ဆက်တွဲပြဿနာများရှိကြောင်း ရှမ်းသဘာဝဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တာဝန်ခံတဦးဖြစ်သော ကိုစိုင်းစိုင်းကပြောသည်။

ပြီးခဲ့သည့်လ (၁၄) ရက်နေ့က ပြုလုပ်သော Warning Signs "သတိပေးလက္ခဏာများ" အစီရင်ခံစာနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲအဖွင့်တွင် စိုင်းစိုင်းက .... "၁၉၉၆ တုန်းကဆိုရင် ဒီ တာဆန်းနေရာဒေသတဝိုက်မှာရှိနေတဲ့ မြို့နယ် (၆) မြို့နယ်မှာဆိုရင် စစ်တပ်က (၁၀) တပ်ရင်း လောက်ပဲရှိတယ်။ အခုလောလောဆယ် ၂၀၀၆ အထိ ထပ်တိုးမြှင့်လာတယ်။ အခု ဆိုရင် စစ်တပ်ပေါင်း (၃၀) လောက် တိုးမြှင့်လာတယ်" ဟုပြောသည်။

တာဆန်းရေကာတာ တည်ဆောက်ရေးဆန့်ကျင်သောလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သူ နန်းချန်တောင်းကလည်း ပြဿနာများဖန်တီးမည့် တာဆန်းရေကာတာတည်ဆောက်ရေးတွင် သက်ဆိုင်ရာတာဝန်ရှိသူနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ၊ စီမံကိန်းချမှတ်သူများအနေဖြင့် ပြန်လည်စဉ်းစားရန် တောင်းဆိုသည်။

အမေရိကန်ဒေါ်လာ သန်း (၆) ထောင်ကုန်ကျမည့် တာဆန်းရေကာတာ စီမံကိန်းကို ထိုင်းဆောက်လုပ်ရေးကုမ္ပဏီတခုဖြစ်သော MDX ကုမ္ပဏီက (၁၅) နှစ်အတွင်း တည်ဆောက်ရန် မြန်မာစစ်အစိုးရနှင့် သဘောတူညီထားသည်။ လျှပ်စစ်ဓာတ်အား မီဂါဝပ် (၇) ထောင်ကျော်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသောလျှပ်စစ်ဓာတ်အားကို ဒေသခံလူထုကို ဖြန့်ဝေပေးမည်ဖြစ်ပြီး တချို့တဝက်ကို ထိုင်းနိုင်ငံကိုရောင်းချမည်ဟု နအဖကဆိုထားသည်။

တာဆန်းရေကာတာ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် လုပ်ဆောင်နေသော စိုင်းစိုင်းက ဒေသခံပြည်သူများကို လက်ရှိအခြေအနေမှာပင် စောင့်ရှောက်မှုမပေးသော စစ်အုပ်စု၏ပြောဆိုချက်သည် ယုံကြည်ဖွယ်ရာမရှိကြောင်းပြောသည်။

❖

# မြန်မာပြည်နိုင်ငံရေးအကြပ်အတည်းကို ကမ္ဘာကအာရုံစိုက်လာအောင် လော်ရာဘုရ်ှ ဦးဆောင်ကြိုးပမ်း



**အမေရိကန်သမတကတော် လော်ရာဘုရ်ှ**

မြန်မာပြည်သူလူထုခံစားနေရသော လူမှုဒုက္ခများကို ကမ္ဘာကပိုမိုအာရုံစိုက်လာစေရန်ရည်ရွယ်၍ အမေရိကန်သမ္မတကတော် လော်ရာဘုရ်ှသည် မြန်မာ့အရေးဆွေးနွေးပွဲတခုကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေး အမြန်ဆုံးဖြတ်ချက်ချရေးအတွက် တိုက်တွန်းလိုက်သည်။

စက်တင်ဘာလ (၁၉) ရက်နေ့က နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်သော ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ လူသားချင်းစာနာသည့် အကူအညီပေးရေး လုပ်ငန်းများ ကန့်သတ်ခံနေရမှုများကို မီးမောင်းထိုးပြခဲ့ပြီး မြန်မာနိုင်ငံတွင် လူထုခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုရပ်စဲရေးအတွက် နအဖကိုတိုက်တွန်းခဲ့သည်။

ဆွေးနွေးပွဲမတိုင်ခင် ရက်ပိုင်းအလိုတွင် ထုတ်ပြန်သော သမ္မတကတော်ရုံးထုတ်ပြန်ကြေညာချက်တွင် မြန်မာပြည်မှာဖြစ်ပေါ်နေသော လူသားချင်းစာနာဖွယ်အကြပ်အတည်းများနှင့် လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးရေး အမေရိကန်၏ဦးဆောင်ကြိုးပမ်းချက်များကို ထပ်မံပံ့ပိုးသွားရန်ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ကရင်လူမျိုးစုများအပါအဝင် အခြားတိုင်းရင်းသားများအပေါ် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများရပ်တန့်ပေးရေး၊ အေ့စ် (အေအိုင်ဒီအက်စ်) ရောဂါပြဿနာနှင့် လူကုန်ကူးမှုပြဿနာများအပြင် ဘက်အားလုံးပါဝင်သော နိုင်ငံရေးဖြစ်စဉ်တရပ် ဖော်ဆောင်ရေးတို့ကိုလည်း ထည့်သွင်းထားသည်။

အစည်းအဝေးသို့ ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းအရေးမှူး မစ္စတာဂမ်ဘာရီ၊ ကုလသမဂ္ဂသံတမန်များ၊ အမေရိကန် အစိုးရအရာရှိများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအပြင်၊ ရှမ်းအမျိုးသမီးရေးရာလှုပ်ရှားမှုအဖွဲ့မှ နန်းဆမ်းနောင်းလည်း တက်ရောက်ခဲ့သည်။

❖

# မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းအန္တရာယ် ကြီးမားကြောင်း ကုလသမဂ္ဂပြောဆို

မြန်မာစစ်အစိုးရသည် ကမ္ဘာပေါ်ရှိ အခြားအစိုးရများနှင့်စာလျှင် မြေမြှုပ်မိုင်း သုံးစွဲမှုပိုများကြောင်း မြေမြှုပ်မိုင်းတိုက်ဖျက်ရေးဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့က အောက်တိုဘာ (၁၃) ရက်နေ့တွင်ပြောဆိုလိုက်သည်။

အဖွဲ့၏ ယခုနှစ်ထုတ်ပြန်သော သုတေသနစစ်တမ်းအရ မြန်မာ၊ နီပေါနှင့် ရုရှနိုင်ငံများရှိ အာဏာရအစိုးရများမှလွဲ၍ ကမ္ဘာ့နိုင်ငံအားလုံးတွင် မြေမြှုပ်မိုင်း အသုံးပြုမှုမရှိတော့ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နအဖအပါအဝင် ကရင်၊ ကရင်နီ၊ ဝ၊ ရှမ်း စသောလက်နက်ကိုင်တပ်များတွင်လည်း မြေမြှုပ်မိုင်းအသုံးပြုမှုရှိနေသေးကြောင်း အဖွဲ့၏ သုတေသနစစ်တမ်းကဆိုသည်။ ၎င်းအဖွဲ့အစည်းများအနက်အချို့သည် နအဖနှင့်အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများဖြစ်သည်။

၁၉၉၇ ခုနှစ်ကချုပ်ဆိုထားသော နိုင်ငံတကာ မြေမြှုပ်မိုင်းတားဆီးရေးစာချုပ်တွင်လက်မှတ်မထိုးထားသော နအဖသည် စစ်မြေပြင် စစ်ဆင်ရေးများတွင် ပေါ်တာများကို မိုင်းရှင်းကိရိယာအဖြစ် အသုံးပြုမှုများရှိနေသဖြင့် အထူးစိုးရိမ်ဖွယ်အခြေအနေဖြစ်သည်ဟု အဖွဲ့ကဆိုသည်။

ယမန်နှစ်က မြေမြှုပ်မိုင်းကြောင့် အနည်းဆုံး လူ (၂၃၁) ဦး သေဆုံးဒဏ်ရာရခဲ့သည်ဟု သုတေသနစစ်တမ်းကဆိုသည်။

အဖွဲ့၏ကြေညာချက်အပေါ် နအဖဘက်မှ ချက်ချင်းတုံ့ပြန်ခြင်းမပြုသော်လည်း ယမန်နှစ် အောက်တိုဘာကထုတ်ပြန်သော နအဖ၏ကြေညာချက်တွင် မြေမြှုပ်မိုင်းကို လုံခြုံရေးကိစ္စများအတွက် အသုံးပြုနေကြောင်း ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် အမေရိကန်လုပ် အမ်–၁၄ အမျိုးအစား မြေမြှုပ်မိုင်းများ အသုံးပြုမှုရှိနေပြီး ယမန်နှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် အခြားလက်နက်ထုတ်လုပ်ရေးနည်းပညာများ စတင်စုဆောင်းနေသော သတင်းအချက်အလက်များရရှိနေသည်ဟု သုတေသနစစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။

❖

# လော်ရာဘုရ်ှဦးဆောင်၍အမေရိကန်နိုင်ငံရှိ ကုလသမဂ္ဂ ဌာနချုပ်တွင် ပြုလုပ်သော




**မြန်မာ့အရေးစားပွဲဝိုင်းဆွေးနွေးပွဲ**

လော်ရာဘုရ်ှ (Laura Bush)

"မြန်မာနိုင်ငံအရေးနဲ့ပတ်သက်လို့ စစ်အစိုးရခေါင်းဆောင်တွေဟာ သူတို့ကို နိုင်ငံတကာက စောင့်ကြည့်နေတယ်ဆိုတာ အနည်းဆုံးသိလာမှာဖြစ်ပြီး မြန်မာပြည်သူတွေအပေါ် မတရားဖိနှိပ်မှုတွေဟာ စိတ်ကွယ်ရာမရှိဘူးဆိုတာကို သိလာစေလိမ့်မယ်"

❍

ဒေါက်တာခရစ်ဘေလာ (Chris Beyrer)
သုတေသနပညာရှင်

"မြန်မာနိုင်ငံမှာ ဆင်ခြေထောက်ရောဂါပိုးတွေ့ရတဲ့ လူနာပေါင်း ၂သန်း ရှိတယ်လို့ စစ်အစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ကို အစီရင်ခံထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ရောဂါတိုက်ဖျက်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၆,၀၀၀ ပဲ အသုံးပြုခဲ့ပါတယ်။ အဆုတ်နာ၊ တီဘီရောဂါတိုက်ဖျက်ရေးအစီအစဉ်နဲ့ပတ်သက်လို့ဆိုရင်လည်း အတော်ကြာကြာကတည်းက အစိုးရထောက်ပံ့မှုငွေကြေး အားနည်းတာ၊ တိုက်ဖျက်ရေးအစီအစဉ် ညံ့ဖျင်းတာ၊ ဒီရောဂါအတွက် ဆေးဝါးတွေကို မှောင်ခိုဈေးကွက်တွေမှာ တွေ့နေရတာ စတာတွေကြောင့် ရောဂါတိုက်ဖျက်ရေးအစီအမံနဲ့ပတ်သက်လို့ စိုးရိမ်ဖွယ်ရှိနေပါတယ်"

❍

ဂျက်က်ဒန်းဖို့ဒ် (Jack Dunford)၊
Thai-Burma Border Consortium အဖွဲ့ ဒါရိုက်တာ

"ပြီးခဲ့တဲ့ဆယ်နှစ်အတွင်း ရွာပေါင်း (၃,၀၀၀) ကျော်လောက် အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရပါတယ်။ ဒါမှမဟုတ် ဖျက်ဆီးခံခဲ့ရပါတယ်။ ပြီးခဲ့တဲ့ဆယ်နှစ်အတွင်း မြန်မာနိုင်ငံက လူ (၁,၀၀၀,၀၀၀) ကျော်ဟာ အိုးမဲ့အိမ်မဲ့ဘဝရောက်ခဲ့ရတယ်လို့ ကျနော်တို့ခန့်မှန်းပါတယ်။ ပြည်တွင်းက နယ်စပ်ဒေသတွေမှာတင် ခိုကိုးရာမဲ့ပြီး ဘေးလွတ်ရာ တိမ်းရှောင်ထွက်ပြေးနေရသူတွေလည်း (၅၀၀,၀၀၀) လောက်ရှိမယ်လို့ ကျနော်တို့ခန့်မှန်းပါတယ်"

❍

ဂမ်ဘာရီ (Ibrahim Gambari)၊
ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူး

"လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီတည်ဆောက်ရေးဟာ အရေးကြီးတယ်။ ဒီကိစ္စဟာနိုင်ငံတကာရဲ့ဆန္ဒဖြစ်သလို ပြည်သူလူထုရဲ့ဆန္ဒလည်းဖြစ်ပါတယ်။ လူထုဆန္ဒကို လေးစားဖို့ ကျနော်နအဖကိုပြောခဲ့ပါတယ်။ ဒီပြောဆိုချက်ကို မြန်မာစစ်ခေါင်းဆောင်တွေ အပြည့်အဝနားလည်တယ်လို့ ကျနော်ယုံကြည်ပါတယ်"

❍

နန်းဆမ်နောင်း
ရှမ်းအမျိုးသမီးလှုပ်ရှားမှုအဖွဲ့

"ရှမ်းတိုင်းရင်းသူ အမျိုးသမီး (၆၀၀) ကျော်ကို မြန်မာစစ်တပ်က အဓမ္မပြုကျင့်ခဲ့တယ်ဆိုတဲ့အစီရင်ခံစာ ထုတ်ပြန်ခဲ့တဲ့ ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် မြန်မာစစ်တပ်က အဓမ္မပြုကျင့်တာကိုခံရတဲ့ အမျိုးသမီးအရေအတွက် (၂၀၀) ကျော်ရှိတယ်။ အဲဒီအထဲက (၈၀) ကျော်ဟာ အဓမ္မပြုကျင့်ပြီး အသတ်ခံခဲ့ရသလို (၃၀) ဟာ (၁၈) နှစ်အောက်မိန်းကလေးတွေဖြစ်နေတယ်"

❍

# အာဆမ်အစည်းအဝေး ထုတ်ပြန်ကြေညာချက်တွင် မြန်မာကိစ္စအား သီးခြားစာပိုဒ်တွင်ဖော်ပြ



**ဖင်လန်ဝန်ကြီးချုပ်**

ဖင်လန်နိုင်ငံတွင်ကျင်းပသော အာရှ–ဥရောပ (၃၈) နိုင်ငံ၏ ထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်သောကြေညာချက်တွင် မြန်မာ့အရေးကိစ္စကို သီးခြားစာပိုဒ်ထည့်သွင်းထားပြီး နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် တောင်းဆိုလိုက်သည်။

အာရှနှင့် ဥရောပခေါင်းဆောင်များ၏ သဘောထားဖြစ်သော အောက်တိုဘာ (၁၁) ရက်နေ့ကြေညာချက်တွင် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးဖော်ဆောင်ရာတွင် ပါတီပေါင်းစုံပါဝင်လာရေးအတွက်ကို သိသာထင်ရှားသောအခြေအနေမရှိသည့်အပေါ် စိုးရိမ်ကြောင်း ဖော်ပြထားသည်။

အစည်းအဝေးပထမနေ့တွင် စစ်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းတင်ပြသော လမ်းပြမြေပုံအချက်အလက်များသည် လက်ခံနိုင်လောက်အောင် လုံလောက်မှုမရှိကြောင်း ဖင်လန်ဝန်ကြီးချုပ်က သတင်းထောက်များအားပြောကြားခဲ့သည်။

သို့သော် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူး ဂမ်ဘာရီ မြန်မာပြည်ကို သွားရောက်သောကိစ္စကဲ့သို့ ကုလသမဂ္ဂနှင့်ပူးပေါင်းပြီးတော့လုပ်ဆောင်သော ခြေလှမ်းမျိုးကို အာဆမ်အစည်းအဝေးကြီးက မှတ်တမ်းတင်ကြိုဆိုကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

စက်တင်ဘာ (၁၁) ရက်နေ့ ညနေပိုင်း သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး အမြန်ဖော်ဆောင်ရန် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းသောနိုင်ငံရေးအပြောင်းအလဲတခုကိုဆောင်ရွက်ရန်နှင့် ဖမ်းဆီးထားသူများကို အမြန်ဆုံးပြန်လွှတ်ပေးရန် အစည်းအဝေးကြီးက တောင်းဆိုသည်။

သတင်းစာရှင်းလင်းပွဲတွင် တောင်ကိုရီးယားနိုင်ငံ ဒေးဝူးကုမ္ပဏီက မြန်မာနိုင်ငံကို စစ်လက်နက်ထုတ်လုပ်နိုင်သော စက်ပစ္စည်းနှင့် လက်နက်ထုတ်နိုင်သော နည်းပညာများ ရောင်းချနေသည်ဆိုသော သတင်းနှင့်ပတ်သက်၍ သတင်းထောက်တဦးကမေးမြန်းခဲ့ရာ တောင်ကိုရီးယားသမတ နိုမူဟွန်းက ဒေဝူးကုမ္ပဏီကို သူ့အနေနှင့် လောလောဆယ်တွင် အတည်ပြုချက်မပေးနိုင်ကြောင်း ပြန်လည်ဖြေကြားသွားခဲ့သည်။ ❖



# ပထမ သုံးယောက် ... နောက်နှစ်ယောက် ... ပြီးတော့ ...

သူတို့ရဲ့ရပ်တည်ချက်တွေဟာ ရှစ်ဆယ့်ရှစ် အကြိုကာလတွေမှာ ... အရေးတော်ပုံကြီးအတွင်းမှာ ... အရေးတော်ပုံကြီးကို စစ်အုပ်စုက ရက်ရက်စက်စက် ဖြိုခွဲခြေမှုန်းပစ်လိုက်တဲ့ နောက်ပိုင်းမှာ ...

ဇွန်မိုင်း

(၁)

ဒီနေ့ စက်တင်ဘာလ (၂၇) ရက်နေ့။

ဒီနေ့ဟာ အန်အယ်လ်ဒီပါတီကို စတင်ဖွဲ့စည်းတည်ထောင်နိုင်ခဲ့တာ (၁၈) နှစ်တိတိ ပြည့်မြောက်ခဲ့တဲ့နေ့ပါ။

ဒီနေ့မှာ အန်အယ်လ်ဒီ ဘာတွေစီစဉ်ထားသလဲ။

အန်အယ်လ်ဒီ ဘာတွေပြောမှာလဲ။

ပြည်တွင်းလူထုသာမက ကမ္ဘာ့နေရာအနှံ့အပြားကနေ ငံ့လင့်စိတ်စောနေကြဆဲမှာပဲ ....

"ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားခေါင်းဆောင် (၃) ဦးကို မနက် (၆) နာရီဝန်းကျင်လောက်မှာ ရဲအထူးတပ်ဖွဲ့က လာရောက်ခေါ်ဆောင်သွားပြီ"ဆိုတဲ့ သတင်းထွက်ပေါ်လာပါတယ်။

ဒါ ဘာလုပ်တာလဲ။ ဖမ်းတာလား။ ဒါမှမဟုတ် ဘာလဲ။

ကျကျပဲ ရှင်းပြပါတယ်။

(၃)

နိုင်ငံရေးပါတီတခုဟာ မိမိပါတီမွေးနေ့မှာ .... မိမိကိုယ်ကို ပြန်လည်သုံးသပ်ရစမြဲပါ။

ဘာတွေလုပ်ခဲ့နိုင်ပြီလဲ။ ဘာတွေ မလုပ်ခဲ့နိုင်ဘူးလဲ။

ဘာတွေမှာ အားကောင်းပြီး ဘာတွေမှာ အားနည်းနေသေးလဲ။

ရောက်ရှိနေတဲ့ မိမိရဲ့အနေအထား၊ မိမိရင်ဆိုင်ကြုံတွေ့နေရတဲ့ စိမ်ခေါ်ချက်တွေ၊ ပြီးတော့ မိမိရဲ့စဉ်းစားထားချက်နှင့် မိမိရဲ့လုပ်ငန်းလမ်းစဉ်တွေ၊ ဒါတွေကို မိမိပါတီဝင်တွေကိုချပြ၊ မိမိအားထားတဲ့ မိမိရဲ့လူထုကိုချပြ၊ မိမိနဲ့အတူ လက်တွဲလုပ်ကိုင်နေတဲ့ မိမိရဲ့မဟာမိတ်တွေကိုချပြ။ အားလုံးဆီက အကြံပြုချက်တွေနဲ့ ဆွေးနွေးတင်ပြချက်တွေကို ပြန်တရားမျှတအောင် ကျင့်ကြမယ်ဆိုတဲ့အချက်တွေဟာ (၁၈) နှစ် ဆွေးနွေးစရာမလိုဘူးဗျ"

"တကယ်တမ်း လက်ရှိအာဏာကို ကိုင်ထားနိုင်တဲ့အဖွဲ့အစည်း၊ သူတို့ရဲ့အင်အား။ အင်အားဝါဒက အဓိကဖြစ်နေတာကိုး။ အင်အားရှိရင် ကြိုက်ရာလုပ်နိုင်တယ်။ အင်အားညီမျှလာတဲ့အခါကျမှ စကားပြောမယ်ဆိုတဲ့ ပုံစံမျိုးပဲ ဒီကနေ့ထိရှိတယ်။ ဒီမိုကရေစီကို တကယ်တမ်းယုံကြည်ဖို့လိုတယ်။ လက်ရှိတပ်အနေနဲ့ လက်ရှိအာဏာကိုကိုင်ထားတဲ့ အဖွဲ့အစည်းအနေနဲ့ သူတို့တကယ် ဒီမိုကရေစီကိုယုံကြည်မြတ်နိုးလို့ ဒီမိုကရေစီနိုင်ငံထူထောင်မယ်ဆိုလို့ရှိရင်တော့ ဒါ (၁၈) ရက်အတွင်းမှာလည်း ဆွေးနွေးလို့ရတယ်။ အဓိကက ဒါပါပဲ"

ဗကသ ဒုတိယဥက္ကဋ္ဌ ကိုကိုကြီးကလည်း ကတိတွေအကြိမ်ကြိမ်ပေး၊ ကတိတွေ အကြိမ်ကြိမ်ဖျက်နေတဲ့ အာဏာသိမ်းစစ်အုပ်စုနဲ့

✡ အနိုင်ရပါတီတွေကို တန်ဖိုးထားဖို့ ....

✡ တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် အဖြေရှာဖို့ ....

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို စိတ်ရောကိုယ်ပါ အားစိုက်ဆောင်ရွက်ဖို့ စစ်အုပ်စုကို တောက်လျှောက်တောင်းဆိုခဲ့တယ်။

အဲန်အယ်လ်ဒီ၊ စီအာရ်ပီပီ၊ ဝါရင့်နိုင်ငံရေးသမားကြီးများနှင့်အတူ ရပ်ခဲ့တယ်။

အမေလူထုဒေါ်အမာ၊ ဆရာဒဂုန်တာရာ၊ လူထုဦးစိန်ဝင်း စတဲ့ လူထုက ချစ်ခင်ယုံကြည်တန်ဖိုးထားတဲ့၊ အမြော်အမြင်ကြီး အစဉ်အလာကြီးတဲ့ တိုင်းချစ် ပြည်ချစ် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တွေနှင့်အတူ ရပ်ခဲ့တယ်။

မစုစုနွေးလို၊ ရွှေနေကြီးဦးအေးမြင့်လို၊ အဲန်အယ်လ်ဒီအမျိုးသမီးလေး မဖြူဖြူသင်းလို ကိုယ်ကျိုးမငဲ့ ထောင်မကြောက်၊ တန်းမ

ထုံးစံအတိုင်း အစဦးပိုင်းမှာ မွေးဖို့အမျိုးမျိုးကြိုးစားကြည့်သေးတယ်။ ဒါပေမယ့် ကျောင်းသားခေါင်းဆောင်တွေရဲ့ ရိုးဖြောင့်ခိုင်မာမှုကို သူဘယ်လိုမှ ပျက်အောင်မဖျက်နိုင်ဘူး။

ဒီအတွက် ဒုတိယနည်းကို စသုံးလာတယ်။

အဲဒါကတော့ ....

"ရှစ်ဆယ့်ရှစ်မျိုးဆက်ဆိုသူများကလည်း ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ဒီမိုကရေစီအရေးတော်ပုံကြီးပမာ တဖွဲ့တနွဲ့လွမ်းပြုပြီး တပ်မတော်ကပင် ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖျက်ဆီးလိုက်သကဲ့သို့ စွပ်စွဲတိုက်ခိုက်လာခြင်း၊ ပြည်ပရှိတိုင်းပြေး၊ ပြည်ပြေး၊ ဝရမ်းပြေး၊ အကြမ်းဖက်အုပ်စုများနှင့် အပြန်အလှန်ဆက်သွယ်လာကြခြင်း၊ ဒီမိုကရေစီဖြစ်ထွန်းလာရေးအတွက် ပြည်သူနှင့်ကျောင်းသားများ၊ တပ်မ

ပြီးတော့ ဒီနေ့မှာမှ ဒီခေါင်းဆောင်တွေကို ဒီလိုလာပြီး ခေါ်ထုတ်သွားတယ်ဆိုတာကရော ဘာအဓိပ္ပါယ်လဲ။

ဒါဟာ သာမန်မတော်တဆတိုက်ဆိုင်မှုပဲလား။

ဒါမှမဟုတ် နအဖရဲ့ စနစ်တကျအကွက်ချ စီစဉ်ဆောင်ရွက်မှုတခုလား။

(၂)

ဒီနေ့မှာ အန်အယ်လ်ဒီဟာ သူ့ရဲ့ပါတီမွေးနေ့ကို ဘယ်လိုကျင်းပမှာလဲ။

ဘယ်သူတွေကို ဖိတ်ကြားထားပါသလဲလို့ အန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကိုမေးကြည့်တော့ ....

"ပြည်နယ်နဲ့တိုင်းတခုမှာ ပြည်နယ်တိုင်းစည်းအဖွဲ့ဝင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် (၅) ဦးစီ ဖိတ်ထားပါတယ်။ ဒီနှစ်ကတော့ ကျနော်တို့ ပြည်နယ်တိုင်းစည်းတွေနဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ တွေ့ဆုံပြီးတော့ ပြီးခဲ့တဲ့ကာလတွေမှာ ဆောင်ရွက်ခဲ့ပြီး အခက်အခဲတွေ၊ တော်ချာတွေ ဒါတွေကို ညှိနှိုင်းဆွေးနွေးဖို့ရှိပါတယ်။ လွန်ခဲ့တဲ့ (၁၈) နှစ်မှာ ကျနော်တို့ ဒီမိုကရေစီရရှိရေးကြိုးစားခဲ့ကြတယ်။ အတိုင်းအတာတခုအထိ ကျနော်တို့ဆောင်ရွက်ချက်တွေပေါ်မှာလည်း ကျေနပ်ပါတယ်။ ဒါပေမယ့်လို့ အခုအထိမရသေးတဲ့အခါမှာ ကျနော်တို့ နည်းသစ်လမ်းသစ်တွေ ဆွေးနွေးရင်းကနေပြီးတော့ ကျနော်တို့ရှာဖွေဖို့၊ ဆောင်ရွက်ဖို့ အစီအစဉ်ရှိတယ်"လို့ တိတိပြီးရယူ။

အဲဒီကမှ ပိုမိုပြီးပြည့်စုံတဲ့၊ ကနေ့ လိုအပ်ချက်နဲ့လည်း ပိုမိုပြီးကိုက်ညီတဲ့၊ ပိုမိုပြီးလက်တွေ့ကျတဲ့ စဉ်းစားချက်အသစ်တွေ၊ လုပ်ငန်းစဉ်အသစ်တွေကို စုစည်းချမှတ်ကိုင်စွဲသွားကြရမှာဖြစ်တာကြောင့် အန်အယ်လ်ဒီဟာ ဦးဉာဏ်ဝင်းရှင်းပြသလို ဒီနေ့မှာ ဒါတွေကို သူ့ပါတီဝင်ထု၊ သူ့လူထု၊ သူ့မဟာမိတ်တွေနဲ့အတူ စနစ်တကျဆောင်ရွက်ဖို့ ပြင်ဆင်ထားတယ်လို့ ကျနော်မျှော်လင့်တယ်။

အဲဒီပွဲကို ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေတက်ကြမယ်။

(၄)

ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေရဲ့ ဒီနေ့အခြေအနေနဲ့ပတ်သက်တဲ့ သူတို့အမြင်သဘောထားတွေကို ကျနော်အကဲခတ် ကြည့်မိတယ်။

သူတို့အမြင်က တကယ်ကို ရိုးရိုးရှင်းရှင်းလေးပဲ။

ဗကသဥက္ကဋ္ဌ ကိုမင်းကိုနိုင်က (၁၈) နှစ် ရှည်ကြာသွားရတာနဲ့ပတ်သက်ပြီး သူ့အမြင်ကို ပြောပြတာက ....

"ကျနော်တို့ဆီမှာ တကယ်စိတ်ရင်းစေတနာအမှန်နဲ့ တိုင်းပြည်ကို ဒီမိုကရေစီလမ်းစဉ်ကိုသွားချင်ရိုးမှန်ရင် (၁၈) နှစ်ဆိုတဲ့ကာလဟာ တွေ့ဆုံဆွေးနွေးရေးလုပ်လို့ပြီးပါတယ်။ တိုင်းပြည်တပြည်ကို ဘယ်လိုတည်ဆောက်ကြမယ်။ နိုင်ငံသားတွေရဲ့အခွင့်အရေးကို ဘယ်လိုခွဲဝေကြမလဲ။ ဘယ်လိုပတ်သက်ပြီး သူ့အမြင်ကို အခုလိုပြောဆိုပါတယ် ....

"မျှော်လင့်ထားသလို အပြောင်းအလဲတွေဖြစ်မလာပဲနဲ့ အာဏာသိမ်း နဝတကနေပြီးတော့ အခု ကျနော်တို့ နအဖဆိုပြီးတော့ ကူးပြောင်းလာတယ်။ အဖွဲ့အစည်းနဲ့ လူပုံသဏ္ဍာန်ပြောင်းသွားတာပဲရှိပြီး ရှစ်လေးလုံးမတိုင်ခင်က တစ်ပါတီစနစ်ကို နောက်ကြောင်းပြန်လှည့်နေတဲ့ပုံစံမျိုးတွေ့ရပါတယ်။ ပြောင်းလဲမယောင်ယောင် ကတိကဝတ်တွေပေးပြီးတော့ ဒီ (၈၈) အခြေအနေကို နောက်ကြောင်းပြန် လှည့်နေတယ်ဆိုရင်တော့ ပြည်သူတွေရဲ့မကျေနပ်မှုတွေနဲ့ မလွဲမသွေကြုံတွေ့ရလိမ့်မယ်"

ဒီအပြောအဆိုမျိုး၊ ဒီသဘောထားမျိုး၊ ဒီရပ်တည်ချက်မျိုးဆိုရင် စစ်အုပ်စုက သိပ်သွေးပျက်တာ။

ကျောင်းသားကပဲ ပြောပြော၊ ဘုန်းကြီးကပဲပြောပြော၊ နိုင်ငံရေးပါတီကပဲပြောပြော ဒီစကားမျိုးသာပြောလာပြီဆိုရင် စစ်အုပ်စုရဲ့ မှတ်တမ်းမှာ ရန်သူပဲ။

(၅)

ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ် စတဲ့ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေဟာ တောက်လျှောက်မှာ လူမျိုးပေါင်းစုံ ပြည်သူတွေဘက်က တည့်တည့်ရပ်ခဲ့တယ်။

✡ (၉၀) ရွေးကောက်ပွဲရလဒ်ကို တန်ဖိုးထားဖို့ ....

ကြောက် လူထုရှေ့က မားမားမတ်မတ် ရပ်ခံဆောင်ရွက်နေကြတဲ့ ရဲရင့်သူများနှင့်အတူ ရပ်ခဲ့တယ်။

သူတို့အားလုံးဟာ ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးကို စတင်လှုံ့ဆော်ခဲ့သူများ၊ စတင်ဖန်တီးခဲ့သူများ၊ လူထုအားကို အရယူပြီး အရေးတော်ပုံကြီးကို ဦးဆောင်ခဲ့သူများဖြစ်တယ်။

သူတို့ရဲ့ရပ်တည်ချက်တွေဟာ ရှစ်ဆယ့်ရှစ်အကြိုကာလတွေမှာ၊ အရေးတော်ပုံကြီးအတွင်းမှာ၊ အရေးတော်ပုံကြီးကို စစ်အုပ်စုက ရက်ရက်စက်စက် ဖြိုခွဲခြေမှုန်းပစ်လိုက်တဲ့ နောက်ပိုင်းမှာ၊ (၁၅) နှစ် (၁၆) နှစ်ကြာ အကျဉ်းကျကာလ ထောင်တွင်း ဖြတ်သန်းမှုတွေမှာ၊ ပြန်လည်လွတ်မြောက်လာတဲ့နေ့ကနေ ကနေ့အထိကာလတွေမှာ သူတို့ရဲ့ပြောဆိုရပ်တည်လုပ်ကိုင်ဆောင်ရွက်ခဲ့မှုတွေဟာ သူတို့ရဲ့တန်ဖိုးကို ပိုမိုကြီးမြင့်စေခဲ့ပါတယ်။

ကနေ့ဆိုရင် ....

သူတို့ဟာ ကျောင်းသားခေါင်းဆောင်ဆိုတာထက် ဒီနေ့အခြေအနေကြီးတခုလုံးကို ပြောင်းလဲပစ်နိုင်စွမ်းတဲ့၊ အခြေအနေသစ်တခုကို ဖန်တီးထုဆစ်နိုင်စွမ်းတဲ့ ဒီမိုကရေစီခေါင်းဆောင်တွေဖြစ်လာပြီလို့ ကျနော်ဆိုချင်တယ်။

(၆)

ဒါကြောင့်လည်း စစ်အုပ်စုဟာ ဒီအင်အားစုကို စိုးရိမ်လာတယ်။

တော်သားများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက စည်းရုံးကြိုးပမ်းကြရမည်ဟု လှုံ့ဆော်စည်းရုံးလာခြင်းတို့ဖြင့် ပြည်သူလူထု၏ ဆူပူအုံကြွမှု ဖြစ်ပေါ်လာစေရန် လမ်းကြောင်းပေးလျက်ရှိသည်"

စစ်အုပ်စုပိုင် မီဒီယာတွေ၊ သတင်းစာတွေကနေ ကျောင်းသားခေါင်းဆောင်တွေကို အပုတ်ချတာ၊ စွပ်စွဲပြောဆိုတာ၊ အနောက်အုပ်စုနှင့် ပေးစားတာ၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ပေးစားတာ၊ နိုင်ငံရေးပွဲစားတွေလို့ သိက္ခာချခေါ်ဝေါ်သုံးစွဲလာတာ၊ ကိုယ်ထိလက်ရောက် ကိုမင်းကိုနိုင်ကိုဝင်ပြီး ဦးနှောက်ပျက်နေသူတဦးက ရန်ရှာထိုး ကြိတ်လာတာတွေထိ ဖြစ်လာတယ်။

တတိယနည်းက ....

ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားခေါင်းဆောင်များဆိုတဲ့အသံက လူထုကြားမှာ၊ မဟာမိတ်တွေကြားမှာ သံတမန်တွေနှင့် နိုင်ငံတကာကြားမှာ ဟိန်းပြီးထွက်လာတော့ ဒါကိုပုံဖျက်ဖို့ '(၈၈) မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)' ဆိုပြီး ကိုအေးလွင်ကို ပွဲထုတ်လာတယ်။

ဆင်တူရိုးမှားလုပ်လာတယ်။

တကယ့်ကို တထွာတမိုက် အိုင်ဒီယာပါပဲ။

ကိုအေးလွင်ဆိုတာ နိုင်ငံရေးလောကမှာ တကယ့်အော်ကြောလန်၊ မြောင်းထဲမှာ ပလုံစီနေတဲ့လူမျိုး၊ ဒီလိုလူမျိုးကို စင်ပေါ်

စာမျက်နှာ (၇) ကော်လံ (၁) သို့

# အမျိုးသားညီလာခံကို အပြီးသတ်ကာ ရွေးကောက်ပွဲလုပ်မည်ဟု မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်ပြောဆို

အောက်တိုဘာ (၁၀) ရက်နေ့တွင် ပြန်လည်ကျင်းပမည့် ညောင်နှစ်ပင်ညီလာခံသည် ယခုတကြိမ်တွင် အပြီးသတ်တော့မည်ဖြစ်ကြောင်း မြောက်ပိုင်းတိုင်း တိုင်းမှူးက ညီလာခံတက်ရောက်မည့် ငြိမ်းအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို ပြောကြောင်း ရေဝတီသတင်းတပုဒ်က ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြီးလျှင် ရွေးကောက်ပွဲကျင်းပပြီး စစ်သားများက စစ်တန်းလျားသို့ပြန်ကြမည်ဟုလည်း တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တိုင်းရုံး၌ အမျိုးသားညီလာခံတက်မည့် ကေအိုင်အိုကိုယ်စားလှယ်များအားပြောကြောင်း ကေအိုင်အိုဆက်သွယ်ရေးတာဝန်ခံ ဦးကွမ်ထပ်ဂမ်က ပြောသည်။

ကေအိုင်အိုမှ ဒုဥက္ကဋ္ဌ ဒေါက်တာတူးဂျာ ဦးဆောင်သောအဖွဲ့၊ အခြား ကချင်တိုင်းရင်းသားအဖွဲ့များဖြစ်သည့် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် (အန်ဒီအေ–ကေ) နှင့် ကချင်ကာကွယ်ရေးတပ်မတော် (ကေဒီအေ) အဖွဲ့များကလည်း ညောင်နှစ်ပင်ညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဤအတောအတွင်း အပစ်အခတ်ရပ်အဖွဲ့တဖွဲ့ဖြစ်သော မွန်ပြည်သစ်ပါတီက နအဖ၏အမျိုးသားညီလာခံကို လေ့လာသူအနေဖြင့်သာတက်ရောက်မည်ဟု ပါတီ၏ ဗဟိုကော်မတီအစည်းအဝေးအပြီးတွင် သတင်းထုတ်ပြန်ခဲ့သည်။

မွန်ပြည်သစ်ပါတီသည် ညီလာခံက ချမှတ်ထားသော နိုင်ငံရေးဦးတည်ချက် (၆) ချက်နှင့် အခြေခံမူ (၁၀၄) ချက်သည် ဒီမိုကရေစီလုပ်ထုံးများနှင့်မကိုက်ညီသဖြင့် ပြန်လည်ဆွေးနွေးရန် ၂၀၀၄ ခုနှစ်တွင် ညောင်နှစ်ပင်ညီလာခံ၌ အခြားငြိမ်းအဖွဲ့ (၁၃) ဖွဲ့နှင့်အတူ လက်မှတ်ထိုးတောင်းဆိုခဲ့သော်လည်း နအဖကလျစ်လျူရှုခဲ့သည်။

ထို့ကြောင့် ယမန်နှစ်မှ စ၍ညီလာခံတက်ရောက်နေသော မွန်ပြည်သစ်ပါတီသည် ညီလာခံကိုသပိတ်မှောက်ကာ လေ့လာသူကိုသာ စေလွှတ်တက်ရောက်စေခဲ့သည်။

နအဖက ညောင်နှစ်ပင်ညီလာခံတွင် ရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် (၇၀) ရာခိုင်နှုန်း ပြီးစီးနေပြီဟု ပြောဆိုထားသဖြင့် ယခုနှစ်အကုန်တွင် ၎င်းတို့စိတ်ကြိုက်ဖွဲ့စည်းပုံကို အပြီးသတ်ကာ (၂၀၀၈) တွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်နေကြောင်း သုံးသပ်မှုများလည်း ထွက်ပေါ်နေသည်။

စစ်တပ်အုပ်ချုပ်ရေးကို အခြေခံဥပဒေဖြင့် အသက်သွင်းထားသော နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရေး ဆန္ဒခံယူပွဲတွင်အသုံးချရန် နအဖဘက်က ကြိုတင်အစီအစဉ်များ ချမှတ်ထားပြီးဖြစ်ကြောင်းလည်းသိရသည်။ ❖

စာမျက်နှာ (၆) ဇွန်မိုးဆောင်းပါးမှ

တင်ပေးလို့လည်း ဘာဖြစ်လာမှာမို့လဲ။ ကျနော် အံ့ဩတယ်။

ကိုအေးလွင်ခုန်လို့တော့ ဘယ်မှာဖုန်ထနိုင်မှာလဲ။ ဝေးသေးတယ်။

ရှစ်ဆယ့်ရှစ်မှာ တစုံတရာ ပါဖူးရုံမျှ နှင့် ကမ္ဘာဆုံးတိုင် ကျောင်းသားခေါင်းဆောင်ဘယ်မှာလာပြီး ဖြစ်နိုင်မှာလဲ၊ 'ခေါင်းဆောင်မှု'ဆိုတဲ့အရာဟာ အမွေဆိုင်လိုလို၊ ဘိုးဘွားပိုင်လိုလို လုပ်လို့ရတဲ့အမျိုးအစားမှမဟုတ်တာ။

အဓိကက ရပ်တည်ချက်ပြဿနာ။

ဒါကြောင့်လည်း ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က

"တခုပဲပြောချင်ပါတယ်။ ဒီ ကိုအေးလွင်ရဲ့ထုတ်ပြန်ချက်ဟာ (၈၈) မျိုးဆက် ကျောင်းသားတွေ၊ ကျနော်တို့တွေနဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ (၈၈) မျိုးဆက်ကျောင်းသားတွေရဲ့ရပ်တည်ချက်နဲ့လည်း ဘယ်လိုမှမကိုက်ညီပါဘူး"လို့ တိတိပပ ရှင်းလင်းပြောကြားခဲ့ပါပြီ။

(၇)

ဒါဖြင့် စစ်အုပ်စု ဘာတွေဆက်လုပ်မလဲ။

မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားမှာ သူဘယ်လိုဆက်သွားမှာလဲ။

သူ့ရောဂါကတော့ ဘယ်သူက ဘာပြောပြော လမ်းပြမြေပုံနည်းနှင့် စစ်အာဏာရှင်စနစ် ရှင်သန်တည်မြဲရေးကို အသေဖက်တွယ်ကျားကန်ရေးပဲ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီပဲ ရောက်ရောက်၊ မစ္စတာဂမ်ဘာရီပဲ လာရှင်းရှင်း၊ မစ္စတာပီညဲရိုးကပဲ အော်အော်၊ အားလုံးကို ဘေးချိတ်ထားပြီး ဒီတလမ်းပဲ မိုက်ရူးရဲ ဆက်လျှောက်တော့မှာ အလွန်ကို သေချာနေပါတယ်။

သူအကြောက်ဆုံး လူထုလှုပ်ရှားမှုတွေ၊ လူထုတိုက်ပွဲတွေကို ရှောင်လွှဲနိုင်ဖို့ မီးကုန်ယမ်းကုန်ကြိုးစားရေးဟာ သူ့အတွက် သေရေးရှင်ရေးအလုပ်ဖြစ်သွားပါပြီ။

ကျောင်းသားခေါင်းဆောင်တွေနဲ့ လူထုကိုခွဲဖို့ ....

လူထုခေါင်းဆောင်နဲ့ လူထုကိုခွဲဖို့ ....

လူထု Mandate ရပါတီနှင့် လူထုကိုခွဲဖို့ ....

အဲဒီ ကျောင်းသားခေါင်းဆောင်တွေ၊ အဲဒီ လူထုခေါင်းဆောင်နှင့် အဲဒီ လူထု Mandate ရပါတီနှင့် တွဲမသွားအောင် ခွဲခြားပစ်ဖို့ သူဟာ အစီအစဉ်ချပြီး စနစ်တကျကိုပဲ လုပ်ဆောင်နေပါတယ်။

ဒါကြောင့်လည်း အဲဒီ ပါတီမွေးနေ့ပွဲ အခမ်းအနားကို မတက်ရောက်နိုင်ခင်မှာပဲ အခုလို အချိန်ကိုက် ဖမ်းဆီးလိုက်တာပါ။

(၈)

ကျနော်တို့ ကျောင်းသားခေါင်းဆောင်များက ဖြစ်နိုင်သမျှ အကောင်းမြင်ကြည့်ဖို့ ကြိုးစားကြည့်ကြပါသေးတယ်။

'ခဏခေါ်သွားတာပါ။ ဆွေးနွေးစရာရှိလို့နေမှာပါ။ မကြာခင် ပြန်လွှတ်လိမ့်မယ် ထင်ပါရဲ့'စသည် စသည် ....

ဒါပေမယ့်လို့လဲ ....

'ပြန်လွှတ်ပေးဖို့'ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးဆီ ရှစ်ဆယ့်ရှစ်ကျောင်းသားခေါင်းဆောင်များက စာရေးသားပေးပို့တောင်းဆိုနေတဲ့ကြားထဲကကိုပဲ ....

စက်တင်ဘာ (၃၀) ရက်နေ့ မနက် (၁၀) နာရီခွဲမှာ ကိုမင်းဇေယျာကို၊ နေ့လည် (၁) နာရီမှာ ကိုပြုံးချိုကို ရဲအထူးတပ်ဖွဲ့က ထပ်ပြီးခေါ်ဆောင်သွားပြန်ပါတယ်။

(၉)

ကျနော်တို့ဘာလုပ်ကြမလဲ။

ကျနော်တော့ အန်အယ်လ်ဒီကိုရော ကျောင်းသားခေါင်းဆောင်များကိုရော စီအာပီပီကိုရော အကြမ်းဖက်သမားတွေ၊ ဆူပူလှုံ့ဆော်ရေးသမားတွေ တိုင်းပြည်ရဲ့ တည်ငြိမ်မှုနှင့် အေးချမ်းမှုကို ဖျက်ဆီးဖို့ ကြံစည်နေသူတွေ၊ အနောက်ဩဇာခံတွေလို့ စွပ်စွဲပြောဆိုချက်တွေနဲ့ပတ်သက်ပြီး ပြန်လည်ချေပပြောဆိုတဲ့ ဗကသဥက္ကဋ္ဌ ကိုမင်းကိုနိုင်ရဲ့စကားကို အမြဲအမှတ်ရတယ်။

"ကျနော်တို့ကို တိုက်ရိုက်စွပ်စွဲတယ်လို့တော့မခံစားရဘူး။ သို့သော်လည်းပဲ ကျနော်တို့ ရှင်းရှင်းလင်းလင်းပြောထားချင်တာက ကျနော်တို့ကိုယ်၌က အကြမ်းဖက်မှုကို ဆန့်ကျင်နေတဲ့လူတွေ၊ အကြမ်းဖက်မှုကိုခုခံနေတဲ့လူတွေဖြစ်တယ်။ ကျနော်တို့က တကယ်တမ်းကျတော့ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်ပေါ်ပြောင်းလဲမှုကိုပဲ ကျနော်တို့တောင့်တတယ်။ တကယ်လည်း အဲဒီလုပ်ငန်းကိုပဲ ကျနော်တို့လုပ်ဆောင်နေတာဖြစ်တယ်။ နောက်တခုက ကျနော်တို့မှာ လူသတ်လက်နက်တော့မရှိဘူး။ အဲဒီတော့ ကျနော်တို့ ပြည်သူလူထုကိုတော့ ကျနော်တို့ အားကိုးတာအမှန်ပဲ။ ယုံကြည်တာအမှန်ပဲ။ အဲဒီတော့ ပြည်သူလူထု တရပ်လုံး ပူးပေါင်းပါဝင်နိုင်တဲ့ ငြိမ်းချမ်းသောနည်းကိုပဲ ကျနော်တို့ ရွေးချယ်မှာဖြစ်တယ်"

(၁၀)

ကျနော်တို့မှာ ရွေးချယ်စရာလမ်း များများစားစားမရှိဘူး။

ကျနော်တို့မှာ လူသတ်လက်နက်မရှိဘူး။

ကျနော်တို့မှာ လူထုဆိုတဲ့ အင်မတန်ကြီးမြတ်တဲ့ လက်နက်တခုပဲရှိတယ်။

လူထုသည်သာ ကျနော်တို့ရဲ့အားထားရာဖြစ်တယ်။

လူထုအားကိုအရယူပြီး လူထုနည်းနှင့်သွားတဲ့လမ်းဟာ ကျနော်တို့ရွေးချယ်ထားတဲ့ မလွဲမသွေလည်း ရွေးချယ်ရမယ့်လမ်းဖြစ်တယ်။

အကုန်ဖမ်း၊ အကုန်သတ်၊ အကုန်ဖျက်သိမ်းဖို့ကြိုးပမ်းလုပ်ဆောင်နေတဲ့ နအဖစစ်အုပ်စုရဲ့ ရမ်းရမ်းကားကားခြေလက်တွေကို လူထုနည်းနဲ့ပဲ တန့်ရပ်အဆုံးသတ်ပစ်ကြရမှာဖြစ်တယ်လို့ ကျနော်ဆိုချင်တယ်။

၁ ၊ ၁၀၊ ၂၀၀၆

# ဗိုလ်ချုပ်သန်းရွှေနှင့် ဗိုလ်ချုပ်မောင်အေးတို့ ရာထူးစွန့်လွှတ်မည့်အခြေအနေရှိသော်လည်း စောင့်ကြည့် ရန်လိုအပ်



နအဖ စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများဖြစ်သော ဗိုလ်သန်းရွှေနှင့် ဗိုလ်မောင်အေး

စက်တင်ဘာလ (၂၂) ရက်နေ့က အေအက်ဖ်ပီသတင်းတွင်ဖော်ပြခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးတို့ စစ်တပ်ဦးစီးချုပ်ရာထူးများကို စွန့်လွှတ်ကြောင်းသတင်းအပေါ် ဆက်လက်စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြည်တွင်းပြည်ပသုံးသပ်သူများက မိုးကြိုးသတင်းစဉ်သို့ပြောသည်။

စစ်တပ်နှင့် နီးစပ်သူတချို့ကို ကိုးကားသော အေအက်ဖ်ပီသတင်းတပုဒ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးကို သူနှင့်ပုဂ္ဂိုလ်ရေးနီးစပ်သူ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသို့လည်းကောင်း၊ ဒုကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မောင်အေးကလည်း ဒုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သို့ လွှဲအပ်လိုက်ကြောင်းဖော်ပြခဲ့သည်။

၎င်းသတင်းကို အခြားသတင်းဌာနများကလည်းကိုးကားခဲ့ကြပြီး နာရီပိုင်းအကြာတွင် ဆင်ဟွာသတင်းက ရာထူးအပြောင်းအလဲသတင်းအပေါ် နအဖဘက်ကငြင်းဆိုလိုက်ကြောင်းဖော်ပြခဲ့သည်။

စစ်ရေးလေ့လာသူများက ရာထူးအပြောင်းအလဲ သတင်းထွက်ပေါ်လာသောနေ့၊ နအဖ၏ (၄) လပတ်အစည်းအဝေးအပြီး ထုတ်ပြန်သော စစ်ရာထူးခန့်ချုပ်ရုံး၏ပြန်တမ်းတွင် ဗိုလ်ကြီးနှင့် ဗိုလ်မှူးအဆင့်အရာရှိအတော်များများကို ရာထူးတိုးပေးခဲ့သဖြင့် ထိပ်ပိုင်းရာထူးအပြောင်းအလဲနှင့် ပတ်သက်သော ကောလဟလများထွက်ပေါ်လာခြင်းဖြစ်နိုင်ကြောင်းပြောသည်။

"ဒီကိစ္စက ဖြစ်နိုင်တဲ့ကိစ္စပဲ။ တကြောင်းက ဗိုလ်ချုပ်သန်းရွှေရော၊ ဗိုလ်ချုပ်မောင်အေးရော အသက်ကြီးနေကြပြီ။ နောက်တချက်က အေအက်ဖ်ပီလိုသတင်းဌာနကတော်ရုံနဲ့ သတင်းထုတ်ပြန်မှာမဟုတ်ဘူး"ဟု ထိုင်းမြန်မာနယ်စပ်မှ နိုင်ငံရေးခေါင်းဆောင်တဦးက ပြောသည်။

သို့သော် ထိုနေ့ညက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်တွင် ဗိုလ်ချုပ်သန်းရွှေနှင့် ဗိုလ်ချုပ်မောင်အေးတို့၏ရာထူးများကို ပုံမှန်အတိုင်းထုတ်လွှင့်သွားခဲ့သဖြင့် လောလောဆယ်တွင် စောင့်ကြည့်ရမည့်ကိစ္စဖြစ်ကြောင်းအဆိုပါ ပုဂ္ဂိုလ်ကပြောသည်။

အသက် (၇၃) နှစ်အရွယ် ဗိုလ်ချုပ်သန်းရွှေသည် ရာထူးကိုလက်မလွှတ်ချင်သော်လည်း ကျန်းမာရေးကြောင့် ၎င်းရာထူးမှအနားယူသွားလျှင် ၎င်းနေရာတွင် ဆက်ခံရန် ဗိုလ်ချုပ်ရွှေမန်းကို ရွေးချယ်ထားသလို စစ်အုပ်ချုပ်ရေးကို သက်ဆိုးရှည်အောင် စစ်တပ်အတွင်း၌ အရာရှိငယ်များဖြင့် သွေးသစ်လောင်းနေကြောင်း သုံးသပ်မှုများ အစောပိုင်းတည်းကထွက်ပေါ်ခဲ့သည်။

ဩဂုတ်လဆန်းပိုင်းကပင် နအဖတပ်အတွင်းရှိ အငယ်တန်းနှင့် အလတ်တန်းအရာရှိ (၇၀) ၏ စစ်ဘက်နှင့်အရပ်ဘက်ရာထူးများတွင် အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။

လွန်ခဲ့သော တနှစ်ကလည်း ဗိုလ်ချုပ်မောင်အေးနှင့် ဗိုလ်ချုပ်သန်းရွှေတို့အကြား အာဏာအားပြိုင်မှုကို အကြောင်းပြု၍ ဗိုလ်ချုပ်မောင်အေးက ဗိုလ်ချုပ်သန်းရွှေထံမှ အာဏာသိမ်းလိုက်ကြောင်း သတင်းများထွက်ပေါ်ခဲ့သေးသည်။

ယခုအခါ အသက် (၆၈) ရှိနေပြီဖြစ်သော ဗိုလ်ချုပ်မောင်အေးသည် စစ်တပ်အစဉ်အလာအရ ဗိုလ်ချုပ်သန်းရွှေနေရာတွင် ဆက်ခံရမည်ဖြစ်သော်လည်း ဗိုလ်ချုပ်သန်းရွှေက ရာထူးကို ဆက်လက်ဆုပ်ကိုင်ထားပြီး တခြားတဦးသို့လွှဲပေးရန် ကြံစည်နေသဖြင့် ၎င်းတို့အကြားတွင် လွန်ခဲ့သောအတန်ကြာကတည်းက ဆက်ဆံရေးတင်းမာနေကြောင်း သတင်းများကဆိုသည်။

ယခုနောက်ဆုံးထွက်လာသော သတင်းသည် မြန်မာ့အရေးကို လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချရန် ဆွေးနွေးနေသည့်အချိန်နှင့် တိုက်ဆိုင်နေသလို မြန်မာနိုင်ငံတွင် စစ်တပ်က လူထုကိုသတ်ဖြတ်ခဲ့သော လွန်ခဲ့သော (၁၆) နှစ်၊ စက်တင်ဘာ အာဏာသိမ်းသည့်ကာလနှင့်လည်း တိုက်ဆိုင်နေသဖြင့် အားလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

ဗိုလ်ချုပ်သန်းရွှေသည် ၁၉၉၂ ခုနှစ် ဧပြီလမှစ၍ ဗိုလ်ချုပ်စောမောင်ထံမှ နအဖ အကြီးအကဲရာထူးနှင့် တပ်မတော်အကြီးအကဲရာထူးကိုရယူခဲ့သည်။

❖

# မြန်မာ့တပ်မတော်နှင့်ကလေးစစ်သားများ

## အခန်း (၁)



စုဆောင်းရေးတပ်မှ အရာရှိနှင့် ဆေးမှူးအား လာရောက်ပို့ဆောင်သည့်တပ်မှ ငွေ ကြေးလာဘ်လာဘ ပေးအပ်ရပါတယ်။ တချို့ကလေးများ ငယ်ငယ်ရွယ်ရွယ်နှင့် မျက်မှန်တပ်သူများကိုပင် ဝင်ခါနီး၌ မျက်မှန်ချွတ်၍ လေ့ကျင့်ရေးတပ်ရောက်မှ မျက်မှန်ပြန်တပ်ခိုင်းသည့်အထိ ဖောက်ဖျက်ကြပါတယ်

ယနေ့ မြန်မာတပ်မတော်မှာ ကလေးစစ်သားများရှိနေကြပြီဖြစ်ပါတယ်။ ကလေးစစ်သားတွေဟာ မြန်မာ့တပ်မတော်မှာ ဘယ်လိုကြောင့် ရောက်လာကြတယ် …. ကလေးစစ်သားတွေကို ဘာကြောင့် သုံးရတယ် …. သူတို့ကော ပျော်ပိုက်ကြရဲ့လားဆိုတာတွေကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ တဆက်တည်းမှာဘဲ ကလေးစစ်သားတွေကို အသုံးပြုနေတာဟာ လူ့တန်ဖိုးကို 'လုံး၀'ဂရုမစိုက်တဲ့ 'လူ့အခွင့်အရေးချိုးဖေါက်မှု'တခုဖြစ်တယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း သိမြင်လာကြမှာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မတိုင်ခင်မှာ တပ်မတွေကို (၁၁)၊ (၂၂)၊ (၃၃)၊ (၄၄)၊ (၅၅)၊ (၆၆)၊ (၇၇)၊ (၈၈)၊ (၉၉) နဲ့ ထပ်မံတိုးချဲ့လိုက်တဲ့ တပ်မ (၁၀၁) ဆိုပြီး စုစုပေါင်း တပ်မ (၁၀) ခုသာ ထားရှိခဲ့ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုလည်း ဗိုလ်ချုပ်ကြီးအဆင့်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဗိုလ်မှူးချုပ်အဆင့်၊ တိုင်းမှူးများကို၊ ဗိုလ်မှူးကြီးအဆင့်သာ ထားရှိခဲ့ရာမှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေး အထူးဖွဲ့မှူး (ကစထ) (၁) နှင့် (၂) ကို ဗိုလ်ချုပ်အဆင့်ထပ်မံဖွဲ့စည်းပြီး တိုင်းမှူးများကို ဗိုလ်မှူးချုပ်အဆင့်သို့ဖြင့်ဆင်ခဲ့ပါတယ်။ ၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဗိုလ်ချုပ်မှူးကြီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို ဗိုလ်ချုပ်ကြီး၊ (ကစထ) (၁) (၂) ကို ဒုတိယဗိုလ်ချုပ်ကြီး၊ တိုင်းမှူးများကို ဗိုလ်ချုပ်အဖြင့်၎င်း၊ တပ်မများနှင့်အသွင်တူသော စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) (၁ မှ ၂၁) ထိ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ (၂၀၀၃) ခုနှစ်နောက်ပိုင်းမှာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဆင့်မတူစေရန် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအဖြစ်လည်းကောင်း၊ (ကစထ) (၄) ခု၊ (ကစထ) (၅) ထိလည်းကောင်း၊ လေကြောင်းရန် ကာကွယ်ရေးဌာနကိုလည်းကောင်း ဆက်တိုက်တိုးချဲ့လာခဲ့ပါတယ်။ ဒီလို ဆက်တိုက်တိုးချဲ့လာတဲ့အကြောင်းရင်းကတော့ နအဖအရာရှိကြီးများ ရာထူးကြီးကြီးဖြင့် စစ်ဖက်တွင် ဆက်လက်နေလို၍ ဖြစ်ပါတယ်။ (တပ်ထုံးစံအရ သက်ပြည့် ပင်စင်လည်း မယူကြတော့ဘဲ….)

အဲဒီအခါမှာ တိုက်ခိုက်ရေးတပ်ရင်းတွေဟာ ဖွဲ့စည်းပုံတိုးချဲ့သော်လည်း စစ်သည်အင်အားမှာ နည်းပါးနေပြီး တပ်ရင်း၊ တပ်ဖွဲ့တွေဟာ အရေအတွက်များနေပေမယ့် အင်အားအပြည့်အဝမရှိကြတော့ပါ။ ယခင်ကတပ်ရင်းဖွဲ့စည်းပုံအရ တပ်ရင်းစစ်သည်အင်အား (၇၀၀) ကျော်ရှိပြီး အမှန်တကယ် စစ်သည်အင်အား (၅၀၀) ကျော်ရှိလျှင်ပင် အတော်တောင့်တင်းနေပြီးဖြစ်ပါတယ်။ ယခုခေတ်တပ်ရင်း (၁) ရင်းတွင် စစ်သည်အင်အား (၂၀၀) ပင်မပြည့်တော့ဘဲ တပ်ရင်းမှူးများအနေအဖြင့် နောက်တန်းဌာနချုပ်မှစစ်သည်များကို ညှစ်ထုတ်ခေါ်ယူခဲ့ရပါတယ်။ တပ်ခွဲ (၁) ခွဲတွင် စစ်သည်အင်အား (၃၀) ဝန်းကျင်သာရှိပြီး တပ်စိတ် (၁) စိတ်၊ စစ်သည် (၅) ဦးရှိလျှင်ပင် အတော်တောင့်တင်းနေဟန် ကျေနပ်နေရပါတယ်။ တပ်စိတ်တွင်စစ်သည် (၃) ဦးခန့်သာရှိပြီး တပ်စုရုံးနှင့်တွဲဘက်၍ ကင်းစောင့်ရပါတယ်။ တပ်စိတ်တွေမှာ ဆရာတွေသာများပြီး ရဲဘော်နည်းပါးနေပါတယ်။

တပ်စိတ်တွေမှာဆိုရင် စစ်သည်အင်အားနည်းပါးနေပြီးဖြစ်တဲ့အတွက် စစ်ရုံးမှ 'စစ်သားစုဆောင်းရေး စီမံချက်'ကို စစ်ဆင်ရေးသဖွယ် လက်အောက်သို့ ညွှန်ကြားလာပါတော့တယ်။ စစ်သားစုဆောင်းရေးတပ်ဖွဲ့တွေမှာ စစ်သည်အဖြစ်ဝင်ရောက် အမှုထမ်းလိုသူ မရှိသလောက်နည်းပါးနေပါတယ်။ (၂၀၀၃) ခုနှစ်ဝန်းကျင်မှာ ပြင်ပအလုပ်သမား (၁) ဦးဟာ (ဥပမာ– ပန်းရံ၊ အထည်ချုပ်၊ စားသောက်ဆိုင်) ဝန်ထမ်းတွေဟာ လစာဝင်ငွေ ကျပ်တသောင်းမှာ တသောင်းခွဲအထိရှိနေပါတယ်။ စစ်တပ်မှာရှိတဲ့ ရဲဘော်၊ တပ်သားတဦးရဲ့လစာဝင်ငွေဟာ ကျပ်သုံးထောင်နဲ့ ဦးပိုင်မှ ထောက်ပံ့ကြေး တထောင်၊ ရိက္ခာခြောက်တန်ဖိုးပါ ထည့်တွက်အုံးတော့ အများဆုံး ကျပ်ငါးထောင်သာရရှိလို့ ဝင်ငွေကွာဟမှုရှိနေပါတယ်။ ဒါကြောင့် စစ်သားအဆင့်မှီ ဒေါင်ဒေါင်မြည်ယောက်ျားကြီးများအနေဖြင့် စစ်သည်ရဲဘော်အဖြစ် ဝင်ရောက်မှုမရှိကြခြင်း ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွေမှာ ပြည်သူလူထုအနေနဲ့ တပ်မတော်အပေါ် ယုံကြည်မှု၊ လေးစားမှု မရှိတော့ဘဲ တပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းလိုစိတ် နည်းပါးနေတာဟာလည်း စစ်သားစုဆောင်းရေးတပ်ဖွဲ့ရဲ့ အခက်အခဲတရပ်လို ဖြစ်လာခဲ့ပါတယ်။

(၂၀၀၄) ခုနှစ်နောက်ပိုင်းမှာတော့ တပ်ထဲမှာ နို့ဆီ၊ ကုလားပဲ စသဖြင့် ပုံမှန်မရရှိတဲ့အပြင် သက်သာရုံပုံငွေများကို ဖျက်သိမ်းလို၍ အောက်ခြေအဆင့် စစ်သည်များမှာ ကျပ်တည်းမှုဖြစ်လာရပါတယ်။

ဒါကြောင့် စစ်သားစုဆောင်းရေးတပ်ဖွဲ့အင်အားဖြင့် စုဆောင်းရန် မဖြစ်နိုင်တော့၍ (တပ်ရင်း၊ တပ်ဖွဲ့) များအထိ၊ အဆင့်ဆင့် ခွဲတမ်းချပြီး လေးလပတ်ဖြစ်စေ တနှစ်လျှင်တကြိမ် ဖြစ်စေ၊ စစ်သားစုဆောင်းရေးကို လုပ်ဆောင်ရပါတော့တယ်။ (တပ်ရင်း၊ တပ်ဖွဲ့) မှူးများကလည်း မိမိအတွက် ဝန်မပိစေရန် အောက်ခြေသို့ ထပ်မံ၍ဖိအားပေးပြီး စစ်သားစုဆောင်းရေးကို အတင်းအဓမ္မလုပ်ခိုင်းပါတော့တယ်။ စစ်သည်များဟာ မိသားစုများရဲ့ သာရေး၊ နာရေး၊ လူမှုရေးများကြောင့် "ခွင့်" ယူရတဲ့အခါမှာ ခွင့်စေ့လို့ လုပ်ငန်းခွင်ပြန်လာရင် ရဲဘော်အသစ်တဦးခေါ်လာရန် ဖိအားပေးခံရပါတော့တယ်။ ဒါ့အပြင် စစ်သည်တဦး စစ်တပ်မှ "ထွက်ခွင့်"ရလိုပါလျှင် ရဲဘော်အသစ်ဦးရေ (၄) ဦးနှုန်း စုဆောင်းပေးရပါတယ်။ တပ်ခွဲနှင့် တပ်စုအဆင့်ထိ စခန်းထိုင်ရသော ကျေးရွာများတွင် အဆင့်ဆင့် ရဲဘော်သစ်စုဆောင်းရေးများလုပ်ဆောင်ရာ တချို့တပ်ရင်း၊ တပ်ဖွဲ့များမှာ ငွေကြေးအင်အားတောင့်တင်း၍ လမ်းစရိတ်နှင့် စစ်သားအဖြစ်စုဆောင်းဝယ်ယူခြင်း လုပ်ဆောင်နိုင်သော်လည်း ဆင်းရဲနွမ်းပါးသော တပ်ရင်း၊ တပ်ဖွဲ့များမှာ အတင်းအဓမ္မလက်နက်အားကိုး အာဏာအားကိုး၍ စစ်သားစုဆောင်းခြင်းများပြုလုပ်လာပါတယ်။

ရဲဘော်အသစ်တဦးအတွက် မင်္ဂလာဒုံ (ရန်ကုန်) တွင်ပေါက်ဈေးမှာ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် ကျပ်သုံးသောင်းမှ ကျပ်တသိန်းထိ ရှိနေပါတယ်။ ဒါကို "တရားဝင် လူကုန်ကူးမှု"လို့ခေါ်ဆိုရင် မှားမယ်မထင်ပါ။ အဲဒီအခါမှာ တပ်ရင်းတပ်ဖွဲ့တွေဟာ ဈေးချိုတဲ့ ကလေးအရွယ် ရဲဘော်အသစ်များကို ဝယ်ယူခြင်းနဲ့ အတင်းအဓမ္မခေါ်ဆောင်သွားခြင်းများ လုပ်ဆောင်လာခဲ့ပါတယ်။ ကလေးစစ်သားများရဲ့ အမျိုးစားများမှာ ခန့်မှန်းအားဖြင့် အသက်အပိုင်း အခြား (၈) နှစ်မှ (၁၅) နှစ်ထိ တွေ့ရှိရပါတယ်။ အရပ်အမြင့် (၄)ပေမှ (၅) ပေထိ ဝန်းကျင်ရှိကြပါတယ်။ သူတို့ရဲ့ ကိုယ်အလေးအချိန်တွေဟာ (၇၀) ပေါင်မှ (၉၅) ပေါင်အထိ ရှိကြပါတယ်။ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဆင်းရဲသားမိသားစုများမှ အများဆုံးပါဝင်ပြီး မိဘမဲ့၊ ဘုန်းကြီးကျောင်းသားများနှင့် အုပ်ထိန်းသူနှင့် အဆင်မပြေသူများ အုပ်ထိန်းသူမှ ရောင်းစားခြင်းခံရသူများလည်းပါဝင်ကြပါတယ်။ တချို့ကလေးများဟာ စာမေးပွဲကျရှုံး၍ မိဘများရိုက်နှက်မည် စိုးရိမ်စိတ်ဖြင့် တပ်ထဲဝင်လာကြသည်များလည်း ရှိပါတယ်။ တချို့ကလေးများမှာ ပညာရေးစရိတ်ကြီးမြှင့်၍ မိဘများမှ မထောက်ပံ့နိုင်တော့၍ တပ်ထဲဝင်လာပါတယ်။ နောက်တခါ ကလေးတွေဟာ ရုပ်ကွက်များ၊ ကျောင်းများ၊ အိမ်များတွင် ရန်ဖြစ်၍ ဝင်လာကြသူများ၊ စိတ်လေလွင့်၍ ပျက်ဆီး၍ဝင်လာကြသူများလည်းရှိကြပါတယ်။ ဒါ့အပြင် ပြဿနာပဋိပက္ခဖြစ်ပြီး 'ရာဇဝတ်'အမှုဖြစ်မှာစိုးရိမ်ပြီး တပ်ထဲဝင် ရောက်လာသူတွေ၊ ရုပ်ကွက်ထဲမှာ သူငယ်ချင်းအပေါင်းအဖော် စည်းရုံးလို့၊ လူကြီးများက တဦးတည်းမဝင်လို၍ အဖော်အဖြစ် ဝင်လာကြသူတွေဟာလည်း အရွယ်မရောက်သေးတဲ့ ကလေးအရွယ်စစ်သားတွေဘဲ ဖြစ်ပါတယ်။

တဖန်ကလေးတွေကို စစ်သားစုဆောင်းရေးအဖွဲ့တွေဟာ ကျောင်းသွားကျောင်းပြန်တွင်လည်းကောင်း၊ လယ်ယာလုပ်ငန်းခွင်မှ အိမ်အပြန် လမ်းကြောင်းတွင်လည်းကောင်း၊ ကားဂိတ်များနှင့် ဘူတာရုံများတွင်လည်းကောင်း၊ ကမ်းနားဆိပ်ကမ်းများတွင်လည်းကောင်း၊ မှောင်ရီပျိုးချိန် အပေါင်းအဖော်များနှင့် ဂီတာတီးနေချိန်တွင်လည်းကောင်း၊ တပ်စခန်းထိုင်များနှင့် စစ်ကြောင်းများ နယ်မြေလှည့်လည်စဉ် (ရယက) ကျေးရွာလူကြီးများနှင့် ညှိနှိုင်း၍ဖြစ်စေ၊ အာဏာသုံး၍ဖြစ်စေ၊ နည်းမျိုးဖြင့် ကလေးတွေကို အတင်းအဓမ္မ စစ်သားစုဆောင်းလာပါတော့တယ်။ မိဘများမှသိရှိ၍ ချက်ချင်းလိုက်လံ ရွေးထုတ်ခေါ်ဆောင်ရာတွင်လည်း ပြင်ပပေါက်ဈေးအတိုင်း ငွေပေးမှသာ ကလေးများကို ပြန်လည်ရရှိပါတယ်။ တချို့မိဘများမှာ ရဲဘော်သစ်စံချိန်မှီ ယောကျာ်းလေးများအဖြစ်လုပ်ခိုင်းရန် သားကြီးများကိုခေါ်ယူလို၍ ပြန်ရွေးရန် ပိုက်ဆံမရှိသဖြင့် အငယ်ဆုံးကလေးများကို လူစားထိုးပေးရချင်းမျိုးလည်းရှိပါတယ်။ စစ်သားစုဆောင်းရေးတပ်သို့ ကလေးစစ်သားများ ရောက်လာသောအခါ "အကြံအဖန် လုပ်ပွဲကြီး" စတင်ပါတော့တယ်။ ရဲဘော်သစ်တဦး စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသောကလေးများကို ပေါင်ချိန်ရာတွင် လူစားထိုး၍ ဝင်ရောက်ချိန်ခြင်း၊ မမှန်မကန် ရေးသားဖြည့်စွပ်ခြင်း စသည်တို့အတွက် စုဆောင်းရေးတပ်မှ အရာရှိနှင့် ဆေးမှူးအား လာရောက်ပို့ဆောင်သည့်တပ်မှ ငွေကြေးလာဘ်လာဘ ပေးအပ်ရပါတယ်။ တချို့ကလေးများ ငယ်ငယ်ရွယ်ရွယ်နှင့် မျက်မှန်တပ်သူများကိုပင် ဝင်ခါနီး၌ မျက်မှန်ချွတ်၍ လေ့ကျင့်ရေးတပ်ရောက်မှ မျက်မှန်ပြန်တပ်ခိုင်းသည့်အထိ ဖောက်ဖျက်ကြပါတယ်။

တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် မိမိခွဲတမ်းအရ စစ်သည်သစ်စုဆောင်းနိုင်ပြီထင်ရသော်လည်း ကလေးများမှာ အိမ်ကိုသတိရစိတ်ပြောင်းသွားပြီး လမ်းခရီး၌ ထွက်ပြေးသွားတတ်၍ စိုးရိမ်ပိုပြီး အချုပ်အနှောင်၊ အစောင့်အရှောက်များဖြင့် ပို့ခဲ့ရတာများလည်း ရှိပါတယ်။

…. …. ….

နောက်လတွင် ဆက်လက်၍ ဖော်ပြပါမည်။

## မင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များကို နအဖစစ်အုပ်စုမှ ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းအပေါ် အဲန်စီယူဘီ၏ သဘောထားထုတ်ပြန်ချက်

၁။ ရှစ်ဆယ့်ရှစ်မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့ (၃) ဦးကို နအဖစစ်အုပ်စုမှ ယနေ့ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ကြားသိရ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုံ့ချလိုက်ကြောင်း ထုတ်ပြန်လိုက်သည်။

၂။ နအဖစစ်အုပ်စုသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင်၊ နိုင်ငံတကာမိသားစုကြီးနှင့် ပြည်သူလူထုတရပ်လုံးမှ မြန်မာနိုင်ငံ၏ဒီမိုကရေစီရေးကို အကြမ်းမဖက်သည့် နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာသွားရန် အလေးအနက်တိုက်တွန်းနေသည့်ကြားမှပင် ရှစ်ဆယ့်ရှစ်မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်များကို ယခုကဲ့သို့ အကြမ်းဖက် ဖမ်းဆီးချုပ်နှောင်မှုများပြုလုပ်နေခြင်းသည်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးအပါအဝင် နိုင်ငံတကာနှင့်ပြည်သူ့ဆန္ဒကို အတိအလင်းဆန့်ကျင်လိုက်ပြီး၊ ၎င်းတို့အာဏာတည်မြဲရေးအတွက် အကြမ်းဖက်နည်းလမ်းဖြင့် ထင်ရာစိုင်းမည်ဆိုသည့်သဘောထားကို ရှင်းလင်းစွာဖော်ပြလိုက်ခြင်းဖြစ်သည်ဟု အခိုင်အမာသုံးသပ်ပါသည်။

၃။ အဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင်များ၏လုံခြုံရေးအတွက် မိမိတို့ အမျိုးသားကောင်စီမှ အထူးစိုးရိမ်လျက်ရှိသည်။ ထို့အတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့မှ ၎င်းတို့၏လုံခြုံရေးနှင့် ပြန်လည်လွတ်မြောက်ရေးတို့အတွက် အမြန်ဆုံးအရေးယူဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုက်ပါသည်။

၄။ ယင်းကဲ့သို့ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံး၏ ဆန္ဒသဘောထားအပေါ် ဆန့်ကျင်ရုံမျှမကဘဲ၊ နိုင်ငံတကာ၏မေတ္တာရပ်ခံချက်များကို မျက်ကွယ်ပြု၍ ထင်ရာစိုင်းလုပ်ဆောင်နေမှုများ၏ နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့်ဆိုးကျိုးများသည် နအဖစစ်အုပ်စု၏တာဝန်သာ ဖြစ်သည်။

၅။ မြန်မာနိုင်ငံရှိ ကျောင်းသား၊ ပြည်သူ၊ ရဟန်းရှင်လူတို့ကို ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် အထူးတိုက်တွန်းလိုသည်မှာ နအဖစစ်အုပ်စု၏ လက်နက်ကိုင် ဗိုလ်ကျစိုးမိုးမှု၊ ထင်ရာစိုင်းပြီးအကြမ်းဖက်လုပ်ဆောင်မှုများကို လက်ပိုက်ကြည့်မနေသင့်တော့ဘဲ၊ လူထုနည်းဖြင့် အမြင့်ဆုံးတိုက်ပွဲတရပ်ဆင်နွှဲရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း အလေးအနက်တိုက်တွန်းလိုက်ပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

ရက်စွဲ ။ ။ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၁၈) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ထုတ်ပြန်ချက်

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များအနေဖြင့် ဖွဲ့စည်းတည်ထောင်ပြီးစအချိန်မှစ၍ ယနေ့ (၁၈) နှစ်ပြည့်မြောက်ခဲ့သည့်တိုင် နအဖစစ်အုပ်၏ ဖိနှိပ်ချေမှုန်းမှုမျိုးစုံကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း မဆုတ်မနစ်တိုက်ပွဲဝင်ခဲ့ကြသည်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ အလေးအနက်ဂုဏ်ပြုလိုက်ပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များသည် ၎င်းတို့၏ မပြီးဆုံးသေးသည့် ဒီမိုကရေစီရေးတာဝန်နှင့် ပြည်သူလူထုကြီး၏ဆန္ဒသဘောထားဖြစ်သည့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲကြီး၏ရလာဒ် အကောင်အထည်ဖော်ရေးဆိုင်ရာတာဝန်များကို တိုင်းရင်းသားခေါင်းဆောင်များနှင့် လက်တွဲအကောင်အထည်ဖော်လျက်ရှိသည်ကိုလည်း များစွာဂုဏ်ယူမိပါသည်။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရက်တစ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားများပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးနှင့်အတူ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟုလည်း အခိုင်အမာယုံကြည်ပါသည်။

၄။ အဖွဲ့ချုပ်ကြီးနှင့် အဖွဲ့ချုပ်ခေါင်းဆောင်များ ယနေ့ရင်ဆိုင်နေရသည့် နအဖစစ်အုပ်စု၏ အကြမ်းဖက်ချေမှုန်းမှုမျိုးစုံကို အောင်မြင်စွာကျော်လွှားပြီး၊ ရည်မှန်းချက်ပန်းတိုင်အရောက် ဆက်လက်ချီတက်နိုင်ပါစေဟုလည်း အမျိုးသားကောင်စီအနေဖြင့် အလေးအနက်တိုက်တွန်းလိုက်ပါသည်။

၅။ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးနှင့် အဖွဲ့ချုပ်ခေါင်းဆောင်များ၏ အကြမ်းမဖက်သည့် ဒီမိုကရေစီတိုက်ပွဲကြီးကို အခိုင်အမာထောက်ခံလျက် စစ်အာဏာရှင်စနစ်ကို အပြီးတိုင် ချေမှုန်းသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တည်ထောင်ခြင်း (၁၈) နှစ်မြောက် မွေးနေ့လက်ဆောင်အဖြစ် သံဓိဋ္ဌာန်ပြုပါကြောင်း ထုတ်ပြန်လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

ရက်စွဲ ။ ။ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ (၂၇) ရက်။

ဆက်သွယ်ရန် – ဦးမြင့်သိန်း ဖုန်း – ၆၆ ၀၇ ၈၀၈ ၃၅၅၂

# အာဆီယံပါလီမန်အမတ်များ အစည်းအဝေး ပြီးဆုံးသွားသော်လည်း မြန်မာ့အရေးမပြီးပြတ်



**အာစီယံပါလီမန်အမတ်များ အစည်းအဝေးအပြီးတွင် တွေ့ရသော အာဆီယံကိုယ်စားလှယ်များနှင့် မြန်မာကိုယ်စားလှယ်များ**

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် အာဆီယံနိုင်ငံများမှ တရားဝင်တောင်းဆိုရေး မြန်မာလွှတ်တော်အမတ်များ၏ကြိုးပမ်းချက်သည် ဖိလစ်ပိုင်နိုင်ငံ၊ ဆီဘူးမြို့တွင် အောက်တိုဘာလ (၁၄) ရက်နေ့က ကျင်းပပြီးစီးခဲ့သော (AIPO) အစည်းအဝေးတွင် အထိုက်အလျောက် အောင်မြင်မှုရခဲ့ကြောင်းသိရသည်။

အစည်းအဝေးနောက်ဆုံးရက်တွင် မြန်မာ့အရေးစိတ်ဝင်စားသော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ လာအိုနှင့် မလေးရှားနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ် (၅၀) ကျော်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် (AIPO) သဘာပတိသစ်သို့ပေးပို့မည့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများရပ်တန့်ပေးရေး တောင်းဆိုထားသောစာရွက်တွင် လက်မှတ်ထိုးခဲ့ကြသည်။

အစည်းအဝေးအပြီး လွှတ်တော်အမတ်တချို့၏ သဘောထားကြေညာချက်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေးဆောင်ရွက်ရန် တောင်းဆိုကြောင်း ဖော်ပြထားသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားလွှတ်တော်အမတ် Marzuki Darusman ၏ မြန်မာနိုင်ငံသို့ အိုင်ပို၏ ကိုယ်စားလှယ်အဖွဲ့တဖွဲ့စေလွှတ်ရေးအဆိုကို အဖွဲ့၏လက်ရှိသဘာပတိ Antonio Cuenco က မှတ်တမ်းတင်ထားပြီး အိုင်ပိုအလုပ်အမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်ဖြင့် နောင်နှစ်အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

“အခု အေအိုင်ပီအို အစည်းအဝေးမှာ မြန်မာ့အရေးဆွေးနွေးဖို့ မသင့်တော်ဘူးဆိုပေမယ့် လာမည့်အာဆီယံထိပ်သီးအစည်းအဝေးကျရင်တော့ ဆွေးနွေးမှာပါ”ဟု Cuenco က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

မပြီးပြတ်သေးသော မြန်မာကိစ္စကို လာမည့် ဒီဇင်ဘာတွင်ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲနှင့် မလေးရှားနိုင်ငံတွင် နောင်နှစ် ဩဂုတ်လအတွင်းကျင်းပရန်ရှိသော အိုင်ပိုနှစ်ပတ်လည်အစည်းအဝေးတွင် ထပ်မံဆွေးနွေးမည်ဖြစ်သည်။

အင်ဒိုနီးရှားအမတ် Darusman က မြန်မာ့အရေးသည် ဒေသတွင်းလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ထိပါးလာနေရုံမျှမက “လောလောဆယ်မှာ မြန်မာလွှတ်တော်အမတ် (၁၄) ဦး ထောင်ချခံနေရတဲ့ကိစ္စမျိုးဟာ အိုင်ပို အရေးယူဆောင်ရွက်ရမယ့်ကိစ္စတရပ် ဖြစ်ပါတယ်”ဟု အစည်းအဝေးသဘာပတိသို့ တင်ပြခဲ့သည်။

အစည်းအဝေးကာလအတွင်း မြန်မာပါလီမန်အမတ်များအဖွဲ့မှ ဒေါ်စန်းစန်း၊ ဒေါက်တာစန်းအောင်၊ ဒေါက်တာမြင့်ချိုနှင့် ဒေါက်တာမျိုးဝင်းတို့လည်း ဆီးဘူးသို့သွားရောက်ခဲ့ပြီး အစည်းအဝေးတက်ရောက်နေသော အာရှနှင့် အီးယူပါလီမန်အမတ်များ၊ ဆီးဘူးအုပ်ချုပ်ရေးမှူးနှင့် တက္ကသိုလ် (၂) ခုမှ ကျောင်းသား (၂၀၀) ကျော်နှင့် တွေ့ဆုံခဲ့သည်။

နအဖကိုယ်စားလှယ်အဖြစ်တက်ရောက်လာသော ရှေ့နေချုပ် ဦးထွန်းရှင်က အစည်းအဝေးတွင် မြန်မာ့အရေးကို မဆွေးနွေးဖြစ်အောင် အကြောက်အကန်ငြင်းဆန်ခဲ့ကြောင်းသိရသည်။

မြန်မာလွှတ်တော်အမတ်များအဖွဲ့မှ ဒေါ်စန်းစန်းက ၎င်းတို့၏စည်းရုံးရေးခရီးစဉ်သည် (၆၀) ရာခိုင်နှုန်း အောင်မြင်မှုရခဲ့ကြောင်း မိုးကြိုးသို့ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သော ဒေါက်တာမျိုးဝင်းက မြန်မာကိုယ်စားလှယ်အဖွဲ့၏ ပထမဆုံးသွားရောက်သော အေအိုင်ပီအိုအစည်းအဝေး စည်းရုံးရေးခရီးစဉ်အတွင်း အာရှနှင့်အီးယူနိုင်ငံခေါင်းဆောင်များနှင့် ရင်းနှီးမှုတည်ဆောက်နိုင်ခဲ့ခြင်းသည် ရှေ့လုပ်ငန်းများအတွက် အလားအလာကောင်းများဖြစ်ကြောင်းပြောသည်။ ❖

## စက်တင်ဘာ (၅) ရက်နေ့ကို ဒီမိုကရေစီသူရဲကောင်းများနေ့အဖြစ်သတ်မှတ်

တော်လှန်ရေးခရီးတလျှောက် ကျဆုံးသွားသောရဲဘော်များကို ဂုဏ်ပြုသည့်အနေဖြင့် စက်တင်ဘာလ (၅) ရက်နေ့ကို ဒီမိုကရေစီသူရဲကောင်းများနေ့အဖြစ် သတ်မှတ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးက ကြေညာချက်ထုတ်ပြန်လိုက်သည်။

ဒီမိုကရေစီရေးနှင့် စစ်အာဏာရှင်ချုပ်ငြိမ်းရေးအတွက် လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်ခဲ့သည့် ခရီးတလျှောက်တွင် စွန့်လွှတ်ပေးဆပ်ခဲ့သော ကျောင်းသားတပ်မတော်တပ်ဖွဲ့ဝင်များကို လေးစားဂုဏ်ပြုသောအားဖြင့် ၁၉၉၆ စက်တင်ဘာလတွင် ကျင်းပပြုလုပ်သော သမိုင်းဝင် မကဒတ ပေါင်းစည်းရေးညီလာခံကြီးမှ စက်တင်ဘာ (၅) ရက်နေ့ကို ဒီမိုကရေစီသူရဲကောင်းများနေ့ အဖြစ်သတ်မှတ်ရန်နှင့် ဒီမိုကရေစီသူရဲကောင်းများကျောက်တိုင်အား မော်ကွန်းရေးထိုးစိုက်ထူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သဘောထားထုတ်ပြန် ကြေညာချက်တွင် ဖော်ပြထားသည်။

(မကဒတ) ကျောင်းသားတပ်မတော် စတင်တည်ထောင်ချိန်မှစတင်၍ ယနေ့ထိ ကျဆုံးခဲ့သူ (၃၀၀) ကျော်၊ ထိခိုက်ဒဏ်ရာရ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူ (၄၀၀) ခန့်နှင့် သေဆုံးသူ (၂၄၀) စုစုပေါင်း (၉၇၀) ရှိသွားပြီဟု မကဒတအထွေထွေအတွင်းရေးမှူး ကိုကျော်ကိုကပြောကြားသည်။

မကဒတသည် လက်နက်ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲ ပေါင်းစပ်တိုက်ပွဲဝင်ကြဟူသော ဆောင်ပုဒ်ကိုကိုင်စွဲကာ ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများ၊ ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်သူများနှင့် ဆက်လက် လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကိုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ
## အတွင်းရေးမှူးအဖွဲ့ဝင် မိဆူးပွင့်နှင့်တွေ့ဆုံခြင်း



၁။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီရဲ့အတွင်းရေးမှူးအဖွဲ့ရဲ့ ပထမဆုံး အမျိုးသမီးအဖွဲ့ဝင်အဖြစ် သိထားပါတယ်။ နိုင်ငံရေးနောက်ခံအကြောင်း အကျဉ်း သိပါရစေ။

နိုင်ငံရေးနောက်ခံအကျဉ်းဆိုတော့ ခပ်ကျဉ်းကျဉ်းဘဲပြောပါ့မယ်။ သိပ်အများကြီး လည်းပြောစရာမရှိပါဘူး။ ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်တဲ့အချိန်က ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ကျောင်းသူတယောက်ဖြစ်ပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံမဖြစ်ခင် စက်မှုတက္ကသိုလ်အရေးအခင်းရဲ့နောက်ဆက်တွဲ တံတားဖြူအရေးအခင်းမှာ ပါဝင်ခဲ့တယ်။ စစ်တပ်က ဟန့်တားဖြိုခွဲခဲ့တဲ့ တံတားဖြူအရေးအခင်းအပြီး ကျောင်းတွေပိတ်လိုက်တော့ ကိုယ့်ပြည်နယ်ကိုယ်ပြန်လာခဲ့တယ်။ မပြန်လို့လည်းမရဘူး။ အဆောင်တွေက လက်မခံတော့ဘူး။ ပြီးတော့ ရန်ကုန်ကကျောင်းသားတွေနဲ့ သိပ်ပြီး ရင်းနှီးထိတွေ့မှုမရှိတဲ့အခြေအနေဖြစ်တယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီး နိုင်ငံတဝှမ်းလုံးမှာဖြစ်လာဖို့ ကယား (ကရင်နီ) ပြည်နယ်ကျောင်းသားများသမဂ္ဂ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကယားပြည်နယ်ဆန္ဒပြပွဲတွေမှာ အခြားကျောင်းသားများနဲ့အတူ ဦးဆောင်ခဲ့ပါတယ်။ စစ်တပ်အာဏာသိမ်းလိုက်တာနဲ့ ကရင်နီနယ်စပ်ကိုတောခိုခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက တပ်ဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။ ကျောင်းသားတပ်မတော်၊ တပ်ရင်း (၃၀၃) ကရင်နီ (ဟွေ့စေတီ) စခန်းကော်မတီဝင်တဦးဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ဒေါင်းအိုးဝေစာစောင်အယ်ဒီတာ၊ ဗဟိုကော်မတီဝင်၊ ပြန်ကြားရေးဌာနတာဝန်ခံ၊ စသည်ဖြင့် တာဝန်များယူခဲ့ရပါတယ်။ ၁၉၉၅ ခုနှစ်မှာ မြန်မာ့အမျိုးသမီးသမဂ္ဂကို စတင်ဖွဲ့စည်းရာမှာ ပါဝင်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဖွဲ့စည်းရေးအတွက် စတင်စည်းရုံးလှုပ်ရှားရာမှာ အခြားသမဂ္ဂခေါင်းဆောင်များနဲ့အတူ ပါဝင်ခဲ့ပါတယ်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တပ်ပေါင်းစုရဲ့ ကိုယ်စားလှယ်များပါဝင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုအချို့မှာ ပါဝင်လုပ်ဆောင်နေပါတယ်။

၂။ အမျိုးသားကောင်စီမှာ ဘယ်လိုတာဝန်တွေကို အဓိကထမ်းဆောင်နေပါသလဲ။ လက်ရှိအခြေအနေမှာ အမျိုးသားကောင်စီ (တပ်ပေါင်းစု) ရဲ့ နိုင်ငံရေးအခန်းကဏ္ဍကို ဘယ်လိုသုံးသပ်မိပါသလဲ။

ပြီးခဲ့တဲ့ဩဂုတ်လက အမျိုးသားကောင်စီရဲ့ အဋ္ဌမအကြိမ်ညီလာခံမှာ အတွင်းရေးမှူးအဖွဲ့ဝင်တဦးဖြစ်လာခဲ့ပါတယ်။ သက်တမ်းအရ (၂) လလောက်ရှိပြီဆိုပါတော့။ လောလောဆယ် ပထမဦးဆုံး သဘာတိအဖွဲ့နဲ့ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးမှာ ဖက်ဒရယ်ရေးရာကို တာဝန်ယူဖို့ တာဝန်ပေးခဲ့ပါတယ်။ တပ်ပေါင်းစု (အမျိုးသားကောင်စီ)ရဲ့ နိုင်ငံရေးအခန်းကဏ္ဍကိုပြောရမယ်ဆိုရင်တော့ နယ်စပ်ဒေသအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနဲ့ ရှစ်လေးလုံးနောက်ပိုင်း ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများကို စုစည်းထားတဲ့ နိုင်ငံရေးအရ လွှမ်းခြုံမှုအရှိဆုံး တပ်ပေါင်းစုဖြစ်တယ်လို့ပြောချင်ပါတယ်။ ဒါပေမယ့် အမျိုးသားကောင်စီအတွင်းမှာပါဝင်ဖို့အတွက် အခြေအနေမပေးသေးတဲ့ အဖွဲ့အစည်းတချို့ရှိနေတဲ့အတွက် ပေါ်လစီအရ ညှိနှိုင်းဆွေးနွေးအဖြေရှာမှုတွေ အဆက်မပြတ်ဆောင်ရွက်သင့်ပါတယ်။ တပ်ပေါင်းစုရဲ့ဒေါက်တိုင်ကြီးတွေအနေနဲ့လည်း တပ်ပေါင်းစုရဲ့ နိုင်ငံရေးအရ ရပ်တည်မှုတွေအပေါ်မှာ အင်အားဖြစ်စေနိုင်တဲ့ပေါ်လစီတွေ ရှိသင့်ပါတယ်။ 'တူတာကိုတွဲလုပ်၊ မတူတာကိုခွဲလုပ်'ဆိုတဲ့ ဆောင်ပုဒ်က တပ်ပေါင်းစုရဲ့ဦးဆောင်မှုကို အားလျော့စေတဲ့အတွက် အဲဒီလိုပေါ်လစီ ရှုပ်ထွေးမှုတွေကို ပြန်သုံးသပ်ပြီး ရှင်းရှင်းလင်းလင်းဆက်သွားသင့်ပါတယ်။ တပ်ပေါင်းစုရဲ့ အခန်းကဏ္ဍဆိုတာ မြန်မာပြည်နိုင်ငံရေးသမိုင်းမှာ သိပ်အများကြီးမျှော်လင့်ထားလို့ မရပေမယ့် အမျိုးသားကောင်စီအနေနဲ့ 'သုံးပွင့် ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို တောင်းဆိုနေပေမယ့် နအဖကတဘက်၊ ကျန်တဲ့အင်အားစုတွေ အားလုံးကတဘက်မို့ ဘက်ကတော့ (၂) ဘက်ဘဲရှိတယ်'ဆိုတဲ့ဖြစ်တည်မှုအပေါ် နိုင်ငံရေးအရ ခိုင်မာအောင်လုပ်ဖို့ တာဝန်ရှိတယ်လို့မြင်ပါတယ်။

၃။ မိဆူးပွင့်အနေနဲ့၊ တပ်ပေါင်းစုခေါင်းဆောင်တဦးအနေနဲ့ တပ်ပေါင်းစုကို ဘယ်လိုပံ့ပိုးမှုတွေ လုပ်ဆောင်ဖို့ရှယ်ရှယ်ထားပါသလဲ။

အဓိကအချက်တခုအနေနဲ့ လူထု လူတန်းစား၊ လူမျိုး၊ လိင်၊ အလွှာပေါင်းစုံရဲ့စဉ်းစားချက်တွေ အတတ်နိုင်ဆုံး ပါဝင်ထည့်သွင်းစဉ်းစားပြီး နိုင်ငံရေးအရ ဦးဆောင်နိုင်တဲ့ ပေါ်လစီတွေချမှတ်နိုင်ဖို့ဆိုတဲ့နေရာမှာ ကျမဖြတ်သန်းခဲ့တဲ့နိုင်ငံရေးသက်တမ်း (၁၈) နှစ်အတွင်းက အတွေ့အကြုံတွေနဲ့ သခ်ိန်းစာတွေအပေါ်အခြေခံပြီး သဘာပတိအဖွဲ့နဲ့ အတွင်းရေးမှူးအဖွဲ့ကို တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ထားပါတယ်။

၄။ ကျောင်းသားတပ်မတော် (အေဘီအက်စ်ဒီအက်ဖ်) ရဲ့မေတဦးအနေနဲ့ လက်ရှိနိုင်ငံရေးအခင်းအကျင်းနဲ့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်အပေါ် ဘယ်လိုရှုမြင်ပါသလဲ။

လက်ရှိနိုင်ငံရေးအခင်းအကျင်းကတော့ နအဖကိုလျော့တွက်လို့မရဘူးလို့ ပြောရင်ပိုတိကျမယ်ထင်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးကတော့ မြန်မာပြည်နိုင်ငံရေးမှာ ဂုဏ်သိက္ခာရှိရှိ ဆက်လက်ရပ်တည်နေဆဲပါ။ နအဖအနေနဲ့ နိုင်ငံရေးအရ ကျဉ်းထဲကြပ်ထဲရောက်တိုင်း ပြည်တွင်းမှာ အဲန်အယ်လ်ဒီကို ပိုပြီးဖိနှိပ်သလို အပြင်မှာ ကေအဲန်ယူကို နည်းမျိုးစုံနဲ့ ထိုးခွဲဖို့ကြိုးစည်လုပ်ဆောင်တာကိုကြည့်ရင် နအဖက လက်နက်ကိုင်တော်လှန်ရေးကို အလေးထား မထားဆိုတာ သိနိုင်ပါတယ်။ တနည်းပြောရရင် လက်နက်ကိုင်တော်လှန်ရေးဆိုတာ ကြမ်းတမ်းပါတယ်။ အင်မတန်မှ စွန့်လွှတ်စွန့်စားရတဲ့အရာလည်းဖြစ်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးကို ယုံကြည်တယ်ဆိုတာ အပေါ်ယံပြောလို့ မရတဲ့အရာပါ။ နိုင်ငံရေးအခမ်းအနားတခုမှာ ကေအဲန်ယူက ဗိုလ်ချုပ်တာမလာဘောက ပြောခဲ့ပါတယ်။ ဒီနေ့တော်လှန်ရေးမှာ လက်နက်ကိုင်တိုက်ပွဲနဲ့ Non violent Action အယူအဆ (၂) ခု ပြဿနာဖြစ်နေပါတယ်တဲ့။ လူဆိုတာကတော့ သက်သာတဲ့ဖက်ကို လိုက်ကြမှာပါဘဲတဲ့။ ကျမအမြင်အရ Non violent action ဆိုတာ ပြည်တွင်းမှာလုပ်မယ်ဆိုရင်တော့ စစ်အာဏာရှင်ကို တိုက်ဖို့ အင်မတန်မှတန်ဖိုးကြီးတယ်။ တန်ခိုးသြဇာလည်းကြီးတယ်။ မဟာဗျူဟာကျကျလုပ်မယ်ဆိုရင် နိုင်ငံရေးအပြောင်းအလဲကို ဖော်ဆောင်သွားနိုင်မယ့် လမ်းကြောင်းကြီးတခုပွင့်သွားနိုင်ပါတယ်။ နိုင်ငံပြင်ပမှာရောက်နေတဲ့ ကျမတို့အဖို့တော့ ပညာပေးလုပ်ငန်းတွေ၊ စည်းရုံးရေးလုပ်ငန်းတွေ၊ သံတမန်ရေးလုပ်ငန်းတွေလုပ်နေတာထက် ပိုပြီးအားစိုက်ဖို့လိုနေတယ်။ ပိုပြီးအပင်ပန်းခံဖို့၊ စွန့်လွှတ်အနစ်နာခံဖို့ လိုနေတယ်လို့မြင်ပါတယ်။ ဒီနေ့နိုင်ငံတကာကကြောက်နေတဲ့ Terrorist နဲ့ မြန်မာပြည်ကလက်နက်ကိုင်တော်လှန်ရေးကို ခွဲခြားပြီး မရှင်းပြနိုင်တာ၊ မရှင်းပြချင်ကြတာလည်း လက်နက်ကိုင်တော်လှန်ရေးအတွက် ပြဿနာကြီးတခုပါ။

၅။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ခေါင်းဆောင်တဦးအနေနဲ့မေးချင်ပါတယ်။ အနာဂတ် မြန်မာပြည်ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ရေးရာတွေမှာ အမျိုးသမီးကဏ္ဍကို ဘယ်လိုထည့်သွင်းသင့်တယ်လို့ ထင်ပါသလဲ။

ဒီနေ့အမျိုးသမီးတွေအနေနဲ့ စစ်အာဏာရှင်စနစ်ကို တိုက်တဲ့အင်အားစုတခုအဖြစ် ပါဝင်လှုပ်ရှားလာတာကို အားလုံးက လက်ခံကြမှာပါ။ ဒီနေရာမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ၁၉၄၇ ကပြောခဲ့တဲ့ ဒီမိုကရေစီဆိုတာနဲ့ ဒီနေ့ ၂၀၀၆ မှာ တန်ဖိုးသတ်မှတ်ချက်အသစ်တွေစိမ့်ဝင်လာတဲ့ ဒီမိုကရေစီဆိုတာ ခြားနားမှုတွေရှိလာပါတယ်။ ၂၀၀၆ ဒီမိုကရေစီကို ကျမတို့ပြောမယ်ဆိုရင် လူတိုင်းတန်းတူမှုရှိရမယ်လို့ ပြောနေရုံနဲ့ မလုံလောက်တော့ပါဘူး။ တန်းတူရေးရှိဖို့အတွက် ဘာလုပ်ပေးမလဲဆိုတာကိုဘဲ ကြည့်ရပါတယ်။ US မှာ ဒီမိုကရေစီစခဲ့တဲ့အချိန်က သူတို့ပြောခဲ့တဲ့ ဒီမိုကရေစီဆိုတာ ဘယ်သူကအုပ်ချုပ်မလဲ၊ ဘယ်သူကအုပ်ချုပ်ခံမလဲဆိုတာ ခွဲထားပြီးသားပါ။ ပစ္စည်းပိုင်ဆိုင်ခွင့်ရှိတဲ့ လူဖြူအမျိုးသားများသာ ရွေးကောက်ခံရပါတယ်။ ဥပဒေရှိပေမယ့် ဓလေ့ထုံးတမ်းကြောင့် လုပ်လို့မရတာလည်း ဖြစ်နိုင်ပါတယ်။ ကိုယ့်အစိုးရကိုရွေးဖို့မဲပေးခွင့်ရတာကို ဒီမိုကရေစီလို့ပြောပါတယ်။ ကိုယ်ကရွေးချယ်ခံပိုင်ခွင့်မရှိသော်လည်း သူများကိုမဲပေးရတာကို အရင်တုန်းက ဒီမိုကရေစီလို့ခေါ်ပါတယ်။ ဒီနေ့ဒီမိုကရေစီကတော့ 'ကိုယ့်ဘဝနဲ့ ပတ်သက်တာမှန်သမျှကို လာပြီးပတ်သက်တဲ့အရာတွေအတွက် ကိုယ်တိုင်ပါဝင်ဆုံးဖြတ်ခွင့်' ဆိုတာကို အရေးတကြီးပြောနေရပါတယ်။ ဥပမာ မုဒိန်းမှုနဲ့ပတ်သက်ပြီး တရားစီရင်မယ်ဆိုပါစို့။ တရားသူကြီးမှာ အမျိုးသမီးမပါနေဘူးဆိုရင် ဒါဟာ အစိုးရကိုယ်တိုင် အမျိုးသမီးအခွင့်အရေးကို ချိုးဖောက်တာဖြစ်ပါတယ်။ ဒီမိုကရေစီကိုစဉ်းစားရင် ကိုယ်လိုချင်သလောက်ဘဲ ကွက်ပြီးစဉ်းစားလို့မရပါဘူး။ ဒီမိုကရေစီကို ယုံကြည်တယ်ဆိုရင် အားလုံးပါဝင်ခွင့်ကို ယုံကြည်ရမှာပါ။ စစ်အာဏာရှင်စနစ်ကို ပပျောက်အောင်လုပ်ဖို့ဆိုရင် လူဆိုးအမျိုးသားတွေလက်ထဲက အာဏာကို လူကောင်းအမျိုးသားတွေရဲ့လက်ထဲ ထည့်ပေးလိုက်ရုံနဲ့ မရပါဘူး။ လူတိုင်းနိုင်ငံရေးနိုးကြားနေရမယ့် ဒီမိုကရေစီစနစ်ထဲမှာ လူဦးရေထက်ဝက်ကျော်တဲ့ အမျိုးသမီးတွေ နိုင်ငံရေးနိုးကြားနေဖို့ အရေးကြီးတယ်ဆိုတာကိုတော့ အားလုံးကလက်ခံနိုင်မယ်လို့ ယုံကြည်ပါတယ်။

၆။ လက်ရှိအခြေအနေမှာ မြန်မာအမျိုးသမီးတရပ်လုံးရဲ့ အဓိကနစ်နာချက်တွေက ဘာတွေလို့ထင်ပါသလဲ။ ဘာကြောင့်လို့ထင်ပါသလဲ။

အမျိုးသမီးထုတရပ်လုံးရဲ့ အဓိကနစ်နာချက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အဖက်ဖက်မှာ ဆုံးရှုံးနစ်နာနေတာပါ။ ဘာကြောင့်လဲဆိုတော့ (၂) ချက်ရှိတယ်လို့ဘဲ အတိအကျပြောချင်ပါတယ်။ တချက်က ဖိနှိပ်အုပ်ချုပ်တဲ့စစ်အစိုးရကြောင့်ပါ။ နောက်တချက်ကတော့ ကျားမခွဲခြားဆက်ဆံတဲ့ ဓလေ့ထုံးတမ်းတွေ၊ သမရိုးကျယုံကြည်မှုတွေ၊ ယဉ်ကျေးမှုကို နောက်ပြန်ဆွဲနေတဲ့ အစွဲအလန်းတွေကြောင့်ဖြစ်တယ်လို့ပြောချင်ပါတယ်။ တကယ်တမ်းကျတော့ အာဏာမှာယစ်မူးနေတဲ့ နအဖက အမျိုးသမီးတွေ အနောက်မှာကျန်နေတဲ့အခြေအနေကို မမြင်ရင်တောင်မှ အာဏာရှင်စနစ်ကိုတိုက်နေတဲ့သူတွေကတော့ မြင်အောင်ကြည့်သင့်ပါတယ်။ နိုင်ငံရေးမှာ လူတစု၊ လူတဖွဲ့၊ အုပ်စုတခုခုက ကျန်နေတာ (သို့မဟုတ်) ချန်ထားခံရတာ၊ ဘေးဖယ်ထားတာ ဆက်ပြီးအဖြစ်ခံနေရင် ဒီမိုကရေစီကို သွားနိုင်မှာမဟုတ်ပါဘူး။ ပြီးတော့ အမျိုးသမီးဆိုတာ လူနည်းစု မဟုတ်ပါဘူး။ လူများစုပါ။

၇။ တိုးတက်တဲ့နိုင်ငံတွေက အမျိုးသမီးရပိုင်ခွင့်တွေအပေါ်မှာ မြန်မာအမျိုးသမီးတဦးအနေနဲ့ ဘယ်လိုသုံးသပ်မိပါသလဲ။

အရှေ့–အနောက် မတူတဲ့ ယဉ်ကျေးမှုစံတန်ဖိုးတွေကြားထဲမှာ မြန်မာအမျိုးသမီးထုရဲ့ ရွေ့လားရာက ဘယ်ကိုဦးတည်သင့်တယ်လို့ ထင်ပါသလဲ။

အမျိုးသမီးရေးကိုပြောကြရင် အဆိုးမြင်သမားတွေက အရှေ့အနောက်ယဉ်ကျေး

တဖက်စာမျက်နှာ (၁၁) ကော်လံ (၁) သို့

မိဆူးပွင့်နှင့် အင်တာဗျူးမှ

မှုကိုအခြေခံပြီး စပြောတတ်ကြပါတယ်။ အမှန်တော့ တကမ္ဘာလုံးမှာရှိတဲ့ အမျိုးသမီးမှန်သမျှ ဖခင်ကြီးစိုးတဲ့စနစ်အတွေးအခေါ် အမြစ်မပြတ်မှုကို ခံစားနေရတာပါ။ ကမ္ဘာပေါ်မှာ အမျိုးသမီးခေါင်းဆောင်တွေ ဘယ်လောက်များလာပြီလို့ပြောပြော လက်ချိုးရေတွက်လို့ရနေပါသေးတယ်။ အမျိုးသမီးရေးလှုပ်ရှားမှုကို 'လင်ပိုင်၊ မယားပိုင်'အခွင့်အရေး တောင်းနေတဲ့အဆင့်လောက်ဘဲ နားလည်ကြသူတွေ အဖို့ကတော့ အရှေ့အနောက်ယဉ်ကျေးမှုနဲ့ ကိုင်ပေါက်ပြီး အမျိုးသားတွေ အသာစီးရနေတဲ့စနစ်ကို ကာကွယ်နေကြတုန်းပါဘဲ။

၈။ နှစ်အတန်ကြာ တော်လှန်ရေးကာလဖြတ်သန်းပြီးတဲ့အချိန်မှာ မြန်မာပြည်နိုင်ငံရေးရဲ့ အဓိကပြဿနာကို ဘယ်လိုသုံးသပ်မိပါသလဲ။ အခုကာလမှာ ဒီမိုကရေစီအင်အားစုတွေဘက်က အဓိကလုပ်ဆောင်ရမယ့် ကိစ္စရပ်တွေက ဘာတွေဖြစ်မလဲ။

ဒီမေးခွန်းကို ကျမသိပ်ဖြေချင်ပါတယ်။ အိန္ဒိယနိုင်ငံမှာလုပ်ခဲ့တဲ့ နိုင်ငံတကာဒီမိုကရေစီလှုပ်ရှားမှုနီးနှောဖလှယ်ပွဲတခုမှာ အိန္ဒိယကာကွယ်ရေးဝန်ကြီးဟောင်း 'ဂျော့ဖာနန် ဒပ်ချ်' က အပိတ်မိန့်ခွန်းပြောခဲ့ပါတယ်။ သူဘာပြောခဲ့သလဲဆိုတော့ ဒီမိုကရေစီကိုသတ်တာ 'ဒီမိုကရက်'တွေတဲ့။ ဒီခမ်းမထဲကိုရောက်နေတဲ့ နိုင်ငံတကာကကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီကိုသတ်တဲ့ 'ဒီမိုကရက်'တွေ မဖြစ်ပါစေနဲ့တဲ့။ ခမ်းမထဲက နိုင်ငံတကာကိုယ်စားလှယ်တွေအားလုံးမတ်တပ်ရပ်ပြီး လက်ခုပ်တီးကြတယ်။ အဲဒီမှာ ကျမ လေးလေးနက်နက်စဉ်းစားမိတာက ဒီမိုကရေစီကိုလိုချင်တဲ့သူတွေ၊ ဒီမိုကရေစီကို ယုံကြည်တယ်ဆိုတဲ့လူတွေ ကိုယ်တိုင်က ဒီမိုကရေစီရဲ့စည်းမျဉ်းစည်း ကမ်းတွေကို မသိမသာ၊ ဒါမှမဟုတ် သိသိတာတာ ချိုးဖောက်မှုတွေလုပ်နေရင်၊ ဒီမိုကရေစီအပေါ် တာဝန်ယူမှု တာဝန်ခံမှုမရှိဘူးဆိုရင်ပေါ့။ ထင်သာမြင်သာ ဥပမာတခုပေးပါဆိုရင် အတွေးအခေါ်မတူတာ၊ အမြင်မတူတာကို လေးစားရမယ်လို့ တွင်တွင်ပြောနေကြပေမယ့် တကယ်တန်းမှာတော့ ကိုယ်နဲ့အမြင်မတူရင် အတွေးမတူရင် မလေးစားချင်တော့တာမျိုးတွေ အများကြီးရှိနေပါတယ်။ ဒါဆိုရင် ကျမတို့ဟာ ဒီမိုကရေစီကိုသတ်တဲ့သူတွေဘဲ ပြန်ဖြစ်မှာဘဲပေါ့။ ဒီမိုကရေစီကိုသတ်တဲ့ ဒီမိုကရက်တွေထဲမှာ ကျမတို့တယောက်ချင်းစီ ပါမပါ အမြဲပြန်ဆန်းစစ်ဖို့လိုသလို ဒီမိုကရေစီဆိုတာ နအဖကိုတိုက်ဖို့ ဆိုင်းဘုတ်လှလှလေးတခု မဟုတ်ဘူးဆိုတာ ကျမတို့ အမြဲတမ်းသတိရှိနေကြဖို့လိုတယ်လို့ ပြောချင်ပါတယ်။

❖

# (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကိုပြန်လွှတ်ပေးရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် လူသိန်းချီလက်မှတ်ထိုးတောင်းဆို


ဗိုလ်ချုပ်ကြီး တာမလာဘော


မန်းရှာလားဖန်း


ဒေါ်စန်းစန်း


ဦးမြင့်သိဏ်း


ဦးချစ်တင်


ကိုမျိုးဝင်း

အဖမ်းခံထားရသော ကျောင်းသားခေါင်းဆောင်များပြန်လွှတ်ပေးရေးအတွက် ပြည်တွင်းပြည်ပတွင် လက်မှတ်ထိုးတောင်းဆိုသူ သိန်းချီရှိနေပြီဖြစ်ကြောင်း လက်မှတ်စုဆောင်သူများကပြောသည်။

ပြည်တွင်း၌ အောက်တိုဘာ (၂) ရက်နေ့က စတင်ဖြန့်ဝေသော မတရားဖမ်းဆီးထားသော ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေး၊ (၈) လေးလုံးကျောင်းသားခေါင်းဆောင်များလွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေးတို့အတွက် တောင်းဆိုထားသော လူထုဆန္ဒပြုလွှာတွင် လူတသိန်းနီးပါး လက်မှတ်ထိုးခဲ့သည်။

လူထုဒေါ်အမာ၊ ဒဂုံတာရာ၊ လူထုဦးစိန်ဝင်း၊ စာရေးဆရာညီပုလေး၊ လူရွှင်တော်ဇာဂနာ စသည့်ထင်ရှားသောစာပေအနုပညာရှင်များအပြင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများ၊ အနုပညာရှင်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း လူတသိန်းခန့် လက်မှတ်ထိုးကြောင်းသိရသည်။

ထိုင်း–မြန်မာနယ်စပ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့ပါဝင်သော လက်မှတ်ထိုးတောင်းဆိုမှုလှုပ်ရှားမှုကော်မတီ (Signature Campaign Committee) ကို ယခုလ (၃) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

၎င်းကော်မတီက ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများ၊ နယ်စပ်ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များ၊ မြန်မာ့အရေးစိတ်ဝင်စားသော ထိုင်းနိုင်ငံရေးသမားများ၊ ထိုင်းနိုင်ငံသားများအပြင် ထိုင်း–မြန်မာနယ်စပ်ရောက် အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျနိုင်ငံများမှ မြန်မာအရေးစိတ်ဝင်စားသူများထံမှ လက်မှတ်သောင်းချီ ကောက်ခံနိုင်ခဲ့သည်။

နယ်စပ်တွင် မြန်မာဒုက္ခသည်များအား အင်္ဂလိပ်စာသင်ပေးနေသော ဂျပန်နိုင်ငံသူတဦးက "ကျောင်းသားခေါင်းဆောင်တွေ မဖမ်းသင့်ပဲ ဖမ်းတာဟာ မတရားမှုဖြစ်တဲ့အတွက် သူတို့လွတ်မြောက်ရေးတောင်းဆိုတဲ့ လှုပ်ရှားမှုထဲမှာ ပါဝင်လာတာဖြစ်ပါတယ်"ဟုပြောသည်။

အမေရိကန်နိုင်ငံမှ နိုင်ငံရေးသိပ္ပံဘွဲ့ရသူတဦးကလည်း "ကျောင်းသားခေါင်းဆောင်တွေကို ကျနော် ပုဂ္ဂိုလ်ရေးအရမသိပါဘူး။ ဒါပေမယ့် သူတို့ဘယ်သူဆိုတာကို ကျနော်သိပါတယ်။ ဒီလက်မှတ်ထိုး တောင်းဆိုတဲ့ကိစ္စဟာ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စဖြစ်ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကကလည်း ဒီကိစ္စအပေါ်မှာ အရေးတယူကိုင်တွယ်မယ်လို့ယုံကြည်ပါတယ်"ဟုပြောသည်။

ပြည်တွင်းလှုပ်ရှားမှုကို အားဖြည့်ပေးရန်ရည်ရွယ်၍ ထိုင်းမြန်မာနယ်စပ်တွင်ဖွဲ့စည်းထားသော လက်မှတ်ထိုးတောင်းဆိုမှုလှုပ်ရှားမှုကော်မတီမှ တာဝန်ရှိသူများက စုဆောင်းရရှိသောလက်မှတ်များကိုနအဖခေါင်းဆောင်သန်းရွှေနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ လိပ်မူပေးပို့မည်ဖြစ်ကြောင်း ပြောသည်။

နယ်စပ်တွင် လက်မှတ်စုဆောင်းမှုစတင်သော ပထမနေ့တွင်ပင် ကေအဲန်ယူခေါင်းဆောင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ခေါင်းဆောင်များထံမှ လက်မှတ်များစုဆောင်းနိုင်ခဲ့သည်။ ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်းက "နအဖက ဒီလက်မှတ်တွေကို ဥပေက္ခာပြုမယ်ဆိုတာကို ကျနော်တို့၌သံသယမရှိပါဘူး"ဟုပြောသည်။ သို့သော် ယခုကိစ္စသည် လုပ်သင့်လုပ်ထိုက်သောကိစ္စဖြစ်ပြီး လူထု၏ဆန္ဒအမှန်ကို ထုတ်ဖော်ပြသရမည်ဖြစ်ကြောင်း ပဒိုမန်းရှာလားဖန်းကဆိုသည်။

လက်မှတ်စုဆောင်းမည့်အချိန်ကာလကို ယခုလ (၂) ရက်နေ့မှ (၁၆) ရက်နေ့အထိသတ်မှတ်ထားသော်လည်း ပါဝင်လိုသူများ၏ တောင်းဆိုချက်အပေါ်မူတည်၍ ရက်ကန့်သတ်ချက်ကို ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း စီစဉ်သူများကပြောသည်။

ပြည်ပရောက်မြန်မာများနှင့် ကမ္ဘာအရပ်ရပ်မှ မြန်မာအရေးစိတ်ဝင်စားသူများအနေဖြင့်လည်း အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် လက်မှတ်ထိုးနိုင်ကြောင်းသိရသည်။

http://www.democraticforumburma.org/

http://www.icfab.progressiveburma.org/88%20sign.pdf

http://www.petitiononline.com/bsloct06/petition.html

# လုံခြုံရေးကောင်စီအားဆန့်ကျင်ကြောင်း ကြေညာချက်ထုတ်ရန်ငြိမ်းအဖွဲ့များကို ဖိအားပေးခံနေရ

ကုလသမဂ္ဂတွင် မြန်မာအရေးဆွေးနွေးသည့်ကိစ္စကိုဆန့်ကျင်ကြောင်း ကြေညာချက်ထုတ်ပြန်ရန် နအဖက ငြိမ်းအဖွဲ့များကို စက်တင်ဘာ (၂၂) ရက်နေ့က စာရေးတောင်းဆိုခဲ့ကြောင်းသိရသည်။

လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးရန် စက်တင်ဘာ (၁၅) ရက်နေ့က ဆုံးဖြတ်အပြီးတွင် စစ်အုပ်စုက အပစ်အခတ်ရပ်အဖွဲ့များကို တွန်းအားပေးခဲ့သဖြင့် ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)၊ ရှမ်းပြည်လူမျိုး ပေါင်းစုံပြည်သူ့လွတ်မြောက်ရေး အဖွဲ့ (ရလလဖ)၊ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) စသည့်အဖွဲ့များက လုံခြုံရေးကောင်စီအားဆန့်ကျင်ကြောင်းစာထုတ်ခဲ့သည်။

နအဖမီဒီယာများတွင် အဆိုပါအဖွဲ့များ၏ ကြေညာချက်နှင့် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်လွန်၍ မြန်မာအရေးကို ဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ရေးသားထားသော ဆောင်းပါးများ နေ့စဉ်နီးပါးဖော်ပြခဲ့သည်။

သို့သော် အပစ်အခတ်ရပ်အဖွဲ့တဖွဲ့ဖြစ်သော ကေအိုင်အိုက နအဖ၏ဖိအားပေးမှုကို ငြင်းဆန်ပြီး လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးသည့်ကိစ္စကိုထောက်ခံကြောင်း အကြောင်းပြန်ကြားခဲ့သဖြင့် နအဖက ကေအိုင်အိုပိုင် မော်တော်ယာဉ် (၃) စင်းကို လိုင်စင်မဲ့ကားများဟု အကြောင်းပြသိမ်းယူလိုက်ပြီး၊ ကေအိုင်အိုထိန်းချုပ်ရာ တရုတ်– မြန်မာနယ်စပ်ဘက်တွင် ကေအိုင်အိုတပ်ဖွဲ့ဝင်များ၏ သွားလာမှုကို နယ်မြေခံစစ်တပ်က ကန့်သတ်လိုက်သည်။ အလားတူ မွန်ပြည်သစ်ပါတီကလည်း နအဖ၏ဖိအားကို ငြင်းဆန်ခဲ့သည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

အေအက်ဖ်ပီ၊ ၁ အောက်တိုဘာ

ဆင်းရဲတွင်းနက်နေသော မြန်မာနိုင်ငံမှ လူငယ်လူရွယ်များသည် ရန်ကုန်မြို့ပေါ်ရှိ ရွှေအခွင့်အလမ်း၊ အောင်မြင်သောဘဝနှင့် မီဂါရစ်အင်တာနေရှင်နယ် စသော နိုင်ငံခြားအလုပ်ရှာဖွေရေးအေဂျင်စီများသို့ တဖွဲဖွဲ လာရောက်တိုးဝှေ့နေကြသည်။

၎င်းအေဂျင်စီများက လူငယ်များအား နိုင်ငံခြားတွင် ဝင်ငွေကောင်းသောအလုပ်အကိုင်များကို ရှာဖွေပေးမည်ဖြစ်ကြောင်း ကတိပေးသဖြင့် ကျေးလက်မှ ဆင်းရဲသောမိသားစုကို ထောက်ပံ့လိုသော လူငယ်လူရွယ်အများစုသည် အလုပ်ရှာဖွေပေးရေးအေဂျင်စီ၏ လှေခါးဝဆီအရောက်လာခဲ့ကြသည်။

"သူတို့တွေအတွေ့အကြုံရချင်ကြတယ်။ လစာကောင်းကောင်းလိုချင်တယ်။ နိုင်ငံခြားသွားချင်ကြတယ်" ဟု တက်သစ်ကြယ် မြန်မာနိုင်ငံတွင် အောင်မြင်နေသော( Rising Star) နိုင်ငံခြားအလုပ်ရှာဖွေရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Lawrence Lwyn ကပြောသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အဆင်းရဲဆုံးတိုင်းပြည်တခုဖြစ်ပြီး မြန်မာလူငယ်များ နိုင်ငံခြားမှပေးပို့သောဝင်ငွေသည် စစ်အစိုးရကို နိုင်ငံခြားဝင်ငွေရလမ်းရပေါက်တခုအဖြစ် တနည်းတလမ်းအထောက်အပံ့ပေးလျှက်ရှိသည်။

"နိုင်ငံခြားမှာ တလကို အမေရိကန်ဒေါ်လာ (၆၅၀) လောက်ငွေဝင်တဲ့အလုပ်မျိုးကို မြန်မာပြည်မှာဘယ်လိုမှ မရနိုင်ဘူး"ဟု Lawrence Lwyn ကပြောသည်။

# ရန်ကုန်တွင် နိုင်ငံခြားအလုပ်ရှာဖွေပေးရေးအေဂျင်စီများ မှိုလိုပေါက်



**သတင်းဆောင်းပါး**

**အာရှနှင့် အရှေ့အလယ်ပိုင်းရှိ ပျားမွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်ရုံအလုပ်ရုံများအတွက် အလုပ်သမားသစ်ခေါ်သော ရန်ကုန်မြို့လည်ရှိ လူငယ်များစုဝေးတတ်သော နေရာတော်တော်များများမှ ကြော်ငြာဆိုင်းဘုတ်များကြောင့် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများကို မှိုလိုပေါက်လာခြင်းဖြစ်သည်**

လောလောဆယ်တွင် လွယ်လွယ်ကူ ပတ်စပို့စ်ထုတ်ပေးသောနေသော စစ်အစိုးရကြောင့် လူငယ်ထောင်ပေါင်းများစွာသည် နိုင်ငံခြားသွားရောက်နိုင်မည့်အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ရန်ကြိုးပမ်း နေကြသည်။ ယခင်ထက်အချိန်ကုန်သက်သာသော ပတ်စ်ပို့စ်ထုတ်ပေးရေးအစီအစဉ်အရ ပတ်စပို့စ်လုပ်သောနေ့မှ အလွန်ဆုံး (၄) လနှင့် အမြန်ဆုံး (၂) ပတ်အတွင်း နိုင်ငံခြားထွက်နိုင်ရန် စီစဉ်ပေးထားသည်။

ဥရောပနိုင်ငံတခုမှ စီးပွားရေးပညာရှင်တဦးက "စစ်အစိုးရက ပတ်ပို့စ်ထုတ်ပေးရေးပေါ်လစီပြောင်းလိုက်တာဟာ လူတွေကို နိုင်ငံခြားမှာအလုပ်လုပ်ဖို့ခွင့်ပေးလိုက်တာပဲ။ အဲဒီကနေ နိုင်ငံခြားဝင်ငွေရှာတယ်ပေါ့ဗျာ။ တကယ်က လူလုပ်အားကို ရောင်းစားတာပါပဲ"ဟုပြောသည်။ သဘာဝအရင်းအမြစ်ပေါများသော မြန်မာနိုင်ငံတွင် လူဦးရေ၏ (၄) ပုံတ (၁) ပုံသည် တဒေါ်လာထက်လျော့နည်းသော နေ့စဉ်ဝင်ငွေဖြင့် အသက်ရှင်နေကြသည်။

"စစ်အစိုးရက နိုင်ငံခြားအလုပ်ရှာဖွေရေးအေဂျင်စီရုံးတွေ များများဖွင့်စေချင်မှာပေါ့ဗျာ။ လူများများနိုင်ငံခြားပို့နိုင်တော့ များများပိုက်ဆံရတာပေါ့"ဟု အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတခုမှ အမည်မဖော်လိုသူတဦးကပြောသည်။

လွန်ခဲ့သော နှစ်အနည်းက ရန်ကုန်တွင် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (၅၀) ဝန်းကျင်ခန့်ရှိခဲ့သော်လည်း ယခုအခါ အလားတူလုပ်ငန်းပေါင်း (၂၀၀) ကျော်နေပြီဟု သူကပြောသည်။ စက်တင်ဘာလတလတည်းတွင် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (၂၀) ကို စစ်အစိုးရက ခွင့်ပြုခဲ့ကြောင်းသိရသည်။

ယမန်နှစ်က မလေးရှားရှိ အောက်ခြေလုပ်ငန်းများတွင် လုပ်ကိုင်ရန် မြန်မာလူငယ် တထောင်ကျော်ကိုပို့ပေးခဲ့သော အေဂျင်စီတခုမှ မန်နေဂျာက ယခုနှစ်တွင်လည်း အမြောက်အများပို့ပေးပြီးဖြစ်ကြောင်း ပြောသည်။

Rising Star မန်နေဂျာဖြစ်သော Lawrence Lwyn က မကြာသေးခင်ကာလကစ၍ ယူအေအီးနှင့် ဒူဘိုင်းနိုင်ငံများသို့ မြန်မာအလုပ်သမားများ စပို့နေပြီဟုပြောသည်။ ၎င်းနိုင်ငံများသည် ယခင်က ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံသားများသာသွားရောက်သော နိုင်ငံများဖြစ်သည်။ ၎င်းအစီအစဉ်သည် တလသာကြာမြင့်သော်လည်း လူ (၂၅၀ ) အလုပ်အကိုင်သစ်ရှာဖွေရေးအတွက် လာရောက်လျှောက်လွှာတင်ခဲ့ကြသည်ဟု သူကဆိုသည်။

အာရှနှင့် အရှေ့အလယ်ပိုင်းရှိ ပျားမွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်ရုံအလုပ်ရုံများအတွက် အလုပ်သမားသစ်ခေါ်သော ရန်ကုန်မြို့လည်ရှိ လူငယ်များစုဝေးတတ်သော နေရာတော်တော်များများမှ ကြော်ငြာဆိုင်းဘုတ်များကြောင့် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများကို မှိုလိုပေါက်လာခြင်းဖြစ်သည်၊

ရွှေပန်းတိမ်လုပ်ငန်းတွင်ကျွမ်းကျင်သော ကိုနိုင်နိုင်က မြန်မာပြည်တွင် ပန်းထိမ်လုပ်ငန်းဖြင့် အလုပ်မဖြစ်သောကြောင့် ဂျပန်စက်ရုံတွင် သွားရောက်အလုပ်လုပ်တော့မည်ဟုပြောသည်။

"အချို့က အမျိုးတွေဆီက ချေးငှားပြီးသွားတာရှိသလို တချို့ကျတော့ ပစ္စည်းရောင်း၊ အိမ်ရောင်း။ ဒီလိုပဲနိုင်ငံခြားထွက်နေကြတာပေါ့"ဟု အေးဂျင့်တခုမှ မန်နေဂျာတဦးကပြောသည်။

အင်ဂျင်နီယာဘွဲ့ရလူငယ်တဦးကလည်း ၎င်းအနေဖြင့် မြန်မာပြည်တွင်အလုပ်လုပ်လျှင် တလတသောင်းခွဲသာရသဖြင့် မလေးရှားသို့သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်ဟုဆိုသည်။ မလေးရှားတွင် တလ ဒေါ်လာ (၄၀၀) ကျပ် (၄) သိန်းရသောအလုပ်အတွက် ငွေချေးစားသူများထံမှ (၂၅) သိန်း (၂၅၀၀ ဒေါ်လာ) ချေးငှားသွားရကြောင်း သူကပြောသည်။

ပြည်ပတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများသည် မိသားစုထံသို့ငွေပြန်ပို့သောအခါ လက်ခံထားသောနိုင်ငံတွင် ဝင်ငွေခွန်ဆောင်ရပြီး၊ စစ်အစိုးရသို့လည်း ယင်းငွေပမာဏ၏ (၁၀) ရာခိုင်နှုန်းအခွန်ဆောင်ရကြသည်။

## ဒုက္ခသည်စခန်းပေါ် ရွာချတဲ့မိုး ... ...



ပင်လယ်လို
မှတ်သုန်ကိုကြဲပက်စိုက်ပျိုးဖူးသူတွေ
ခုတော့
ကိုယ့်အရွက်တွေပေါ် ကိုယ်ပြန်ရွာချတတ်တဲ့
သစ်တောကြီးတွေလိုပ

ဒုက္ခသည်စခန်းကကျဉ်းပြီး
ဒုက္ခကျတော့ ဖြက်ကျယ်တယ်
အမေကလည်း
'ဖိုးဗိုးဒရိုက်'လေး မွေးမပေးလိုက်လေတော့
လမ်းချော်တယ် 'ဆရာချော'ရေ
ဆရာက အတုတွေကိုချစ်သလို
ကျနော်လည်း လမ်းတွေကိုချစ်တတ်လာပြီ

ဟောဒီ အင်ဖက်အမိုးကိုဖောက်ပြီး
ဝဲကိုလာမှန်တဲ့ မိုးစက်တို့ရေ
တကယ်တော့ ဘဝဆိုတာ
တောမီးလည်းရောက်
တောကြောင်တွေလည်း ရောက်တဲ့
မုတ်သုံသစ်တောကြီးတွေများလား။

ဖိုးဗိုးဒရိုက် – four wheel drive

AMT
၂၆၊ ၉၊ ၂၀၀၆

## မင်းဆိုးကို မိုးကြိုးပစ်ပြီ

လေမုန်တိုင်းတိုက်ခတ်၍ မိုးကြိုးပစ်သဖြင့် ညောင်နှစ်ပင်ညီလာခံစခန်း အဆောက်အဦးမှန်တံခါးများနှင့်ဆိုင်းဘုတ်များ ပြုတ်ကျပျက်စီးသွားကြောင်း သိရသည်။

ယခုလ (၂) ရက်နေ့၊ ည (၉)နာရီခွဲခန့်တွင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိရာဒေသ၌ လေပြင်းတိုက်ခတ်ပြီး မိုးကြိုးများပစ်ရာ အစည်းအဝေးကျင်းပရာ ပင်မအဆောက်အဦးဖြစ်သည့် ပြည်ထောင်စုခန်းမကြီးရှေ့တွင် "လက်တွဲဝန်းရံ အမျိုးသားညီလာခံ" ဆိုင်းဘုတ်ကို တည့်တည့်ထိမှန်ပျက်စီးသွားပြီး "စစ်မှန်သော မျိုးချစ်စိတ်ဓာတ် " ခေါင်းစဉ်ပါ ဆိုင်းဘုတ် (၂) ခုလည်း လေပြင်းတိုက်ခတ်စဉ်တွင် ပျက်စီးသွားသည်။

ညီလာခံကိုယ်စားလှယ်များတည်းခိုရာ အိပ်ဆောင်များနှင့် အဆောက်အဦးများ၏မှန်တံခါးများလည်း ပြုတ်ထွက်ကုန်သည်။ ညီလာခံကို အောက်တိုဘာ(၁၀) ရက်နေ့တွင် ကျင်းပမည်ဟု ကြေညာထားပြီး တိုက်တိုက်ဆိုင်ဆိုင် မိုးကြိုးပစ်ခံရသဖြင့် အပူတပြင်းပြင်ဆင်နေပြီး၊ အယူသည်းသော ဗိုလ်ချုပ်ကြီးများ ၎င်းတို့ရှေ့ရေးအတွက် ရင်လေးနေကြောင်းသိရသည်။

# အလုပ်ရှင်၏ နှစ်ပေါင်းများစွာ ပိတ်လှောင်ခိုင်းစေမှုအောက်မှ မြန်မာအလုပ်သမားများကို ကယ်ထုတ်နိုင်

ရာနှင့်ချီသော မြန်မာအလုပ်သမားများကို နှစ်ပေါင်းများစွာ ပိတ်လှောင်ခိုင်းစေနေသောကြောင့် ထိုင်းအာဏာပိုင်များက ဝင်ရောက်ဖမ်းဆီးခဲ့သည့် ပင်လယ်စာစက်ရုံပိုင်ရှင်သည် အရေးယူမခံရဘဲ ပြန်လည်လွတ်မြောက်သွားကြောင်း သတင်းရရှိသည်။

''ကျနော်တို့သိရသလောက် အလုပ်ရှင်က အဲဒီ (၁၅) ရက်နေ့ကပဲ အလုပ်သမား (၆၀) ကို ပြန်ခေါ်သွားတယ်။ အာဏာပိုင်တွေနဲ့ ဘယ်လိုညှိလိုက်သလဲတော့မသိဘူး။ အလုပ်ရှင်က လွတ်နေပါသေးတယ်''ဟု အလုပ်သမားများကို ဝင်ရောက်ကယ်ထုတ်စဉ်က ပါဝင်ခဲ့သူ မဟာချိုင်မြို့နယ်ရှိ အလုပ်သမားအဖွဲ့တာဝန်ခံတဦးက ပြောသည်။

စက်တင်ဘာလ (၁၄) ရက်နေ့က ရမ်ညာဖဲရုံအမည်ရှိ ဘန်ကောက်မြို့အနီး၊ ပင်လယ်စာအလုပ်ရုံမှ အလုပ်သမား (၃၀၀) ခန့်ကို ထိုင်းအဲန်ဂျီအိုများနှင့် အာဏာပိုင်များက ကယ်ထုတ်နိုင်ခဲ့သည်။

၎င်းအလုပ်သမားများသည် အလုပ်ရုံပြင်ပသို့ထွက်ခွင့်မရဘဲ ပိတ်လှောင်ခိုင်းစေခံနေရသည်မှာ (၃) နှစ်မှ (၇) နှစ်ခန့်အထိ ကြာမြင့်နေပြီဖြစ်သည်။

အလုပ်ရုံတွင် အသက် (၁၈) နှစ်အောက် အလုပ်သမား (၂၇၀) ရှိပြီး ယင်းအနက် အလုပ်သမားလက်မှတ်မရှိသူ (၁၀) ဦးကျော်ကို စစ်ဆေးတွေ့ရှိရသည်အတွက် အလုပ်ရုံပိုင်ရှင်ကို တရားမဝင်နိုင်ငံခြားသားလက်ခံမှုနှင့် ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း အလုပ်သမားများအား ကယ်ထုတ်ရာတွင် အကူအညီပေးခဲ့သော အဲန်ဂျီအိုအဖွဲ့မှ တာဝန်ခံသွန်းကပြောသည်။

❖

# ဘန်ကောက်မှ မြန်မာအလုပ်သမားများ လျှောက်လွှာပုံစံအသစ်ကြောင့် မြန်မာပြည်မှ မိသားစုလုံခြုံရေးအတွက် စိုးရိမ်ပူပန်နေရ




ဘန်ကောက်ရှိ ချည်ထည်စက်ရုံတခုတွင်တွေ့ရသော မြန်မာအလုပ်သမများ

ဘန်ကောက်စက်ရုံတချို့တွင် အောက်တိုဘာလ တတိယပတ်ခန့်မှစတင်၍ မြန်မာအလုပ်သမားများကို လျှောက်လွှာပုံစံအသစ်တခု လိုက်လံဖြည့်ခိုင်းနေသဖြင့် မြန်မာအလုပ်သမားများကြားတွင် စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်းသိရသည်။

မိဘအမည်နေရပ်လိပ်စာ၊ သွေးအမျိုးအစား၊ လက်ဗွေပုံစံနှင့် မြန်မာပြည်မှာကျန်ခဲ့သောမိဘ၊ ညီအကိုမောင်နှမများ၏အမည်များကို သန်းခေါင်စာရင်းပုံစံစာရွက်တွင် အတိအကျဖြည့်စွက်ခိုင်းနေသော်လည်း အလုပ်ရှင်များက အကြောင်းအရင်း မရှင်းပြသဖြင့် မြန်မာအလုပ်သမားများမှာ မြန်မာပြည်ရှိ မိသားစုလုံခြုံရေးအတွက် စိုးရိမ်နေကြခြင်းဖြစ်သည်။

ဘန်ကောက်မှ စက်ရုံအလုပ်သမားတဦးက ''ကျနော်တို့အလုပ်သမားတွေ တော်တော်စိုးရိမ်နေကြပါတယ်။ တချို့နေရပ်လိပ်စာအမှန် မဖြည့်ရဲကြဘူး။ အိမ်မှာကျန်ခဲ့တဲ့ မိဘတွေကို ခေါ်ယူစစ်ဆေး၊ ရိုက်နှက်မှာ ငွေညှစ်မှာကိုစိုးရိမ်နေကြတယ်''ဟု ပြောသည်။

အမည်မဖော်လိုသော အခြားအလုပ်သမားတဦးက ''အခု ကျနော်တို့ တော်တော် ခြောက်ခြားနေတယ်။ ဘာကြောင့်ဖြည့်ခိုင်းမှန်းလည်း ရှင်းရှင်းလင်းလင်း မသိတော့ပိုစိုးရိမ်တယ်။ မြန်မာပြည်ကိုပြန်ပို့မယ်လို့တော့ပြောတာပဲ''ဟုပြောသည်။

အခု လျှောက်လွှာဖြည့်ခိုင်းသည့်အစီအစဉ်သည် ထိုင်းလူဝင်မှုကြီးကြပ်ရေး၏ အစီအစဉ်ဖြစ်ပြီး၊ မြို့နယ်ရုံးများမှ အလုပ်ရှင်များထံသို့ပေးပို့ခြင်းဖြစ်ကြောင်း အလုပ်သမားများက ပြောသည်။

အလုပ်သမားတချို့မှာ အသက်မပြည့်သေးဘဲ အလုပ်လုပ်နေကြသူများဖြစ်သဖြင့် အပြစ်ပေးခံရမည်ကို စိုးရိမ်နေကြပြီး အချို့မှာ အစိုးရိမ်လွန်သဖြင့် မြန်မာပြည်ရှိ မိသားစုထံသို့ ပြန်သွားကြကြောင်းသိရသည်။

ဘန်ကောက်စက်ရုံများတွင် သန်းခေါင်စာရင်းပုံစံ လျှောက်လွှာဖြည့်ခိုင်းနေသော်လည်း မဲဆောက်ရှိ အလုပ်သမားများတွင် အလားတူ ဖြည့်ခိုင်းခြင်းများမရှိသေးကြောင်းသိရသည်။

ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ တာဝန်ခံ ကိုချက်ကြီးက ယခုအစီအစဉ်သည် ထိုင်းအလုပ်သမားရေးရာဝန်ကြီးဌာနနှင့် မြန်မာအာဏာပိုင်များအကြား မကြာသေးခင်ကသဘောတူထားသော ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားများအား တရားဝင်ဗီဇာထုတ်ပေးရေး အစီအစဉ်အတွက် ရည်ရွယ်ပုံရကြောင်းပြောသည်။

❖

# မိသားစုများ၏ စားဝတ်နေရေးကြောင့် ထိုင်း–မြန်မာနယ်စပ်ဖြစ်သော တာချီလိတ်တွင် ကလေးအလုပ်သမားများတိုးပွားလာ



မိသားစုများ၏ စားဝတ်နေရေးကြပ်တည်းမှုကြောင့် တာချီလိတ်နယ်စပ်တွင် ကုန်ပစ္စည်းများ သယ်၍ ပိုက်ဆံရှာနေသော ကလေးငယ်များ

ထိုင်း–မြန်မာနယ်စပ်အနီးရှိ တာချီလိတ်မြို့တွင်နေထိုင်သော မိသားစုအများအပြား၏စားဝတ်နေရေး ပိုမိုကျပ်တည်းလာသောကြောင့် အရွယ်မရောက်သေးသည့် ကလေးငယ်များ ကုန်ပစ္စည်းသယ်ယူပေးရသည့်အလုပ်များလုပ်ကာ ငွေရှာနေရကြောင်း ဧရာဝတီသတင်းတပုဒ်အရ သိရသည်။

(၁၀) နှစ်ဝန်းကျင် ကလေး အယောက် (၁၀၀) ခန့်သည် နေ့စဉ် မယ်ဆိုင်–တာချီလိတ် ချစ်ကြည်ရေးတံတားတွင် မြန်မာနိုင်ငံဘက်မှ ကုန်သည်များ၏ပစ္စည်းများကို အခကြေးငွေယူပြီး တနိုင်တပိုင်ခေါင်းပေါ်ရွက်၍သယ်ယူနေကြခြင်းဖြစ်သည်ဟု ချစ်ကြည်ရေးတံတားအနီး၌ နေ့စဉ်ဈေးရောင်းနေသူတဦးက ပြောသည်။

တာချီလိတ်မြို့မှ အသက် (၁၃) နှစ်အရွယ် ပစ္စည်းသယ်နေသော ကလေးတဦးက ''တခါသယ်ရင် (၁၅) ဘတ်ရတယ်။ တနေ့ (၄–၅) ခေါက်သယ်ရတယ်။ (၅) ဘတ်မပေးရင် တံတားပေါ်ကရဲက ပေးမသွားဘူး။ အဲဒီခေါင်းရွက်အလေးကြီးတွေနဲ့ ထိုင်းဘက်ကို ပြန်မောင်းထုတ်တယ်။ လူကြီး (အရာရှိ) လာလို့ ပေးမသယ်တဲ့နေ့လည်း ရှိတယ်''ဟု ပြောသည်။

၎င်းကလေးသည် အခြေခံပညာဒုတိယတန်းအထိသာပညာသင်ဖူးခဲ့ပြီး ပစ္စည်းသယ်သည့်အလုပ်ကိုလုပ်နေသည်မှာ (၃) လခန့်ရှိပြီ ဟုဆိုသည်။

ကလေးများသည် ပုံမှန်အားဖြင့် တနေ့လျှင် ပစ္စည်းသယ်ခ ထိုင်းဘတ်ငွေ (၆၀) ရပြီး ခေါက်ရေများသည့်နေ့တွင် ဘတ် (၁၀၀) ရကြသည်။ တံတားတကြိမ်ဖြတ်တိုင်း မြန်မာဘက်ကမ်းမှ ရဲအား (၅) ဘတ် ပေးရကြောင်း ထိုင်းနိုင်ငံဘက်မှ အာဏာပိုင်တို့ကမူ ကလေးများအား အနှောင့်အယှက်မပေးကြကြောင်း ၎င်းကပြောသည်။

ကလေးများသယ်ရသောပစ္စည်းများမှာ ထိုင်းနိုင်ငံထုတ် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး အများအားဖြင့် နံနက်စောစောနှင့် ညနေပိုင်းတွင် သယ်လေ့ရှိသည် ဟုဆိုသည်။

အလားတူ မဲဆောက်မြို့မှ စက်ရုံနှင့် ကျောက်သွေးရုံများတွင်လည်း အသက် (၁၂) နှစ်မှ (၁၅) နှစ်အကြားကလေးများ အလုပ်လုပ်နေကြကြောင်း သိရသည်။

မဲဆောက်မှ ကလေးများသည် လုပ်အားခ တနေ့လျှင် ထိုင်းဘတ်ငွေ (၄၀–၅၀) သာ ရကြပြီး အလုပ်ချိန် (၁၁) နာရီ လုပ်ကြရသည်ဟု ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ကိုမိုးဆွေကပြောသည်။

❖

## မျက်နှာဖုံး (၈) လေးလုံးသတင်းမှ

ကာလနှင့်လည်း တိုက်ဆိုင်နေသည်။

ပြည်တွင်းသတင်းများအရ ကျောင်းသားခေါင်းဆောင်များကို မကြာမီ ပြန်လည်ကျင်းပတော့မည့် ညောင်နှစ်ပင်ညီလာခံအတင်းတက်ခိုင်းရန်နအဖက ခေါ်ယူဆွေးနွေးနေခြင်းဖြစ်နိုင်ကြောင်းသိရသည်။

သို့သော် ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများက နအဖ၏ညောင်နှစ်ပင်ညီလာခံကို တဖက်သတ်ကျင်းပသောညီလာခံသာဖြစ်ကြောင်း ပြည်သူ့ဆန္ဒကိုထင်ဟပ်သော (၁၉၉၀) ရွေးကောက်ပွဲကိုသာ အသိအမှတ်ပြုကြောင်း အစောပိုင်းကတည်းက သဘောထားရှိခဲ့ကြသည်။

စက်တင်ဘာ (၃) ရက်၊ (၁၀) နာရီခန့်က အဖမ်းခံလိုက်ရသော ကိုပြုံးချိုနှင့် နေ့လည် (၁) နာရီတွင် အဖမ်းခံရသော ကိုမင်းဇေယျနှင့် အဖမ်းမခံရဘဲ လွတ်မြောက်နေသော ကိုဂျင်မီတို့သည် အဖမ်းမခံရမီနေ့က ဗိုလ်သန်းရွှေထံသို့ ပေးပို့သောစာတွင် ရှစ်လေးလုံးမျိုးဆက်များကိုယ်စား လက်မှတ်ထိုးခဲ့သူများဖြစ်သည်။

အဖမ်းခံထားရသော ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုပြုံးချိုနှင့် ကိုမင်းဇေယျတို့သည် နအဖ၏အကျဉ်းထောင်များတွင် (၁၆) နှစ်၊ (၁၄) နှစ်၊ (၁၄) နှစ်၊ (၁၄) နှစ်၊ (၈) နှစ် အသီးသီး ထောင်ချခံခဲ့ရသူများဖြစ်ပြီ မကြာမီကမှ ပြန်လည်လွတ်မြောက်လာသူများဖြစ်သည်။

ရှစ်လေးလုံးမျိုးဆက်များအား တရားလက်လွှတ်ဖမ်းဆီးထားသည့်အပေါ် ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံတို့က ချက်ချင်းအပြစ်တင်ခဲ့သည်။

ကျောင်းသားခေါင်းဆောင်ဟောင်းများ အဖမ်းခံရသည့်ကိစ္စကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ပအခြေစိုက် ပြည်ထောင်စုဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းတို့က ရှုံ့ချလိုက်ကြသည်။

❖

## မျက်နှာဖုံး ဖွဲ့စည်းခြင်း (၁၈) နှစ်ပြည့်မှ

ကျင်းပရာ ခန်းမအပြင်ဘက်တွင် ဒီမိုကရေစီထောက်ခံသူတရာခန့်သည် ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးကြွေးကြော်သံများဖြင့် ရန်ကုန်မိုးထဲတွင် ဆန္ဒပြနေကြသည်။

ဗွီဒီယိုနှင့် ဓာတ်ပုံကင်မရာများ ကိုင်ဆောင်ထားသော ဒါဇင်နှင့်ချီသော ထောက်လှမ်းရေးများလည်း ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံခြားသံတမန်များနှင့် သတင်းထောက်များတက်ရောက်သော အခမ်းအနားကို အနီးကပ်စောင့်ကြည့်နေသော်လည်း နောက်ထပ်ဖမ်းဆီးမှုများမပြုလုပ်ခဲ့ပေ။

အခမ်းအနားအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်တစောင်ထုတ်ပြန်ရာတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် အဖွဲ့ချုပ်ရုံးများပြန်ဖွင့်ခွင့်ရရေးအတွက် တောင်းဆိုထားသည်။

''အကောင်းဘက်ကို ဦးတည်ပြောင်းလဲမှုကိုဖန်တီးနိုင်ပြီး တိုင်းရင်းသားပြည်သူအားလုံး စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စေမည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့အတွက်'' အဖွဲ့ချုပ်က တောင်းဆိုထားပြီး၊ ထိုသို့မလုပ်ဆောင်လျှင် တိုင်းပြည်တွင် ဆိုးကျိုးများသာဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အဖွဲ့ချုပ်က သတိပေးလိုက်သည်။ ❖

# မှတ်မိနေဆဲဟိုနားတစ ဒီနားတစ ရှစ်လေးလုံးကာလ

စောဝေ



မြန်မာ့ဆို ရှယ်လစ်လမ်းစဉ်ပါတီကြီးနဲ့ စနစ်ဆိုးတွေကြောင့် သူ့ရဲ့အတ္တလောဘကြီးမားမှုကြောင့်
တိုင်းပြည်က တနေ့တခြား ဆင်းရဲတွင်းနက်နေပြီး ပြည်သူလူထုတွေလည်း
ဆင်းရဲဒုက္ခဖြစ်ရတာတွေများလာရတာကို
သူမသိကျိုးကျွန်နေခဲ့တာကြောင့်ပါ

မင်းမယုံရင် စောင့်ကြည့်ပေါ့ကွာ သတိတော့ထားပေါ့''။

သူငယ်ချင်းနဲ့ လမ်းခွဲလိုက်ကြပြီး အိမ်ပြန်ရောက်တော့ တောင်စဉ်းစားမြောက်စဉ်းစားပေါ့။

နိုင်ငံရေးလည်းနားမလည်း ဘုမသိ ဘမသိနဲ့ဘဲနေ၊ တောင်စဉ်ရေမရ စဉ်စားနေမိတယ် (၈) ရက်နေ့ဆိုတော့ လက်ချိုးရေကြည့်တော့ဘူး ကိုယ်ကလည်း ခပ်ကြောက်ကြောက်သမား တွေ့ကရာလူတွေနဲ့လည်း မမေးရဲ မပြောရဲ မစုံစမ်းရဲဘူးလေ။ ဒါနဲ့ဘဲ ဘေးအိမ်က မိတ်ဆွေတဦးဖြစ်တဲ့ ဦးသိန်းမြင့်ဦးကဘဲ ''ခင်ဗျား ည (၈) နာရီ (၁၅) မိနစ်ကြရင် ရေဒီယိုကလာတဲ့ ဘီဘီစီသတင်းလေး ဘာလေးနားထောင်ကြည့်ပါလားလို့ အကြံဉာဏ်ပေးတယ်။ ဦးသိန်းမြင့်ဦးဟာ အရင်တခါ ရန်ကုန်မြို့မှာဖြစ်ပွားတဲ့ အလုပ်သမားအရေးအခင်းတုန်းက ထောင်ကျဖူးတဲ့ ရဲဘော်အလုပ်သမားကြီးပါ။ ဒါနဲ့ဘဲနားထောင်ကြည့်မိတယ်။ အလိုမြတ်စွာဘုရား တခါဘူးမျှမကြားဖူးတဲ့ သတင်းမှန်တွေကြားရပါပြီကောလား။ မှန်လိုက်တဲ့သတင်းတွေ သွေးထက်အောင်မှန်တယ်။ ကွက်တိဘဲလေ မြန်မာပြည်မှာ ယခုလက်ရှိထုတ်ဝေနေကြတဲ့ သတင်းစာ (၄) စောင်နဲ့ မြန်မာ့အသံ/မြန်မာ့ရုပ်သံတို့ဟာ တကယ်တော့ အလကားဝါရောကြီးတွေပါလားလို့ သိလိုက်ရတော့တယ်။ အဲဒီ ဘီဘီစီကို (၃) ရက်လောက်နားထောင်မိတော့ ပင်တိုင်ဆောင်းပါးရှင်တွေဖြစ်တဲ့ ပါးတေးလစ်တနာတို့ ခရစ်စတိုဖာဂမ်းနစ် (စ်) တို့ရဲ့ သတင်းဆောင်းပါးတွေဟာ တယ်လဲဟုတ်ပေတာကိုး။ ဗိုလ်နေဝင်း မြန်မာပြည်ကို (၂၆) နှစ်အုပ်ချုပ်တာ မြန်မာပြည်သူတွေကို မျက်စေ့ပိတ်နားပိတ်ဘာမှ မသိဖြစ်ခဲ့ကြရတာကို ယုတ်စွအဆုံး ဗိုလ်နေဝင်းရဲ့ရာဇာဝင်တွေ၊ ဗိုလ်နေဝင်းစရိုက်တွေ၊ ဆွေမျိုးတွေဘာမှ မသိခဲ့ရဘူး။ ဗိုလ်နေဝင်းရဲ့ မိဘနာမည်တွေတောင် မသိရဘူးလေ။ ခုတော့ စောစောကပြောတဲ့ ဆောင်းပါးရှင်တွေ လေ့လာသူတွေရဲ့ လေ့လာပြုစုချက်တွေကြောင့် သိလိုက်ရပါပြီ။

ပါတေးလစ်တနာနဲ့ ခရစ်တိုဖာဂမ်းနစ် (စ်) တို့ရဲ့ သတင်းပေးချက်တွေဟာလည်း ရှစ်လေးလုံးအရေးတော်ပုံ လူထုန္ဒပြပွဲကြီး မလွဲမသွေဖြစ်ရမယ်ဆိုပါလား။ နောက် ဒီမှာတင်ပဲ တချက်တချက်ကြားလိုက်ရတာက ဒီမိုကရေစီစနစ်ထွန်းကားရမယ်တဲ့ ဒီမိုကရေစီစနစ်ဆိုတာ ဘာလဲဆိုတာကိုတောင် ဂဃနဏမသိသေးပါလား။ ဗိုလ်ချုပ်နေဝင်းရဲ့ တိုင်းသူပြည်သားတွေအပေါ် မျက်စေ့ပိတ်နားပိတ် အုပ်ချုပ်ခဲ့တာကိုခံလိုက်ရတာဘဲလေ။ ဘေးအိမ်က ဦးသိန်းမြင့်ဦးကို မေးကြည့်တော့မှ Democracy ဆိုတာ ''လူထုက ရွေးချယ်တင်မြှောက်ခံရတဲ့ အစိုးရစနစ်တဲ့'' ဂရိဘာသာစကားက စဆင်းသက်လာတာဖြစ်ပြီး ဟိုးရှေ့တုန်းက ဂရိလူမျိုးတွေဟာ သူတို့ရွာအကြီးအကဲ ရွေးချယ်တဲ့အခါ သူတို့ကြိုက်နှစ်သက်တဲ့ခေါင်းဆောင်ကို သူတို့ကိုယ်တိုင် အိုးခြမ်းပဲ့တွေနဲ့မဲပေးပြီး ရွေးချယ်လာခဲ့ကြတာတဲ့ DEMO ဆိုတာ ပြည်သူလူထုဖြစ်ပြီး CRACY ဆိုတာအုပ်ချုပ်ရေးဖြစ်တယ် (ပြည်သူလူထုအုပ်ချုပ်ရေးစနစ်) ပေါ့ ဗိုလ်ချုပ်နေဝင်း ဒီတသက်အုပ်ချုပ်ခဲ့တာ အဲ့ဒီအကြောင်း တခါဘူးမျှ ပါးစပ်ကနေပြီး ပြည်သူတွေသိရအောင်ပြောမပြခဲ့ဖူးဘူး။ ဗိုလ်နေဝင်းအကြောင်းကို ဘီဘီစီနားထောင်မှဘဲ ပြုစုလေ့လာသူတွေရဲ့ တင်ပြချက်အရ သိရတာကတော့ တိုင်းပြည်နဲ့ လူထုအပေါ်မှာ ဘာတခုမှ စေတနာကောင်းမထားခဲ့တာရယ်၊ တပ်ခံပြီး ဆိုးဝါးညစ်ညမ်းတဲ့စရိုက်ရှိတာရယ် မတရားအတ္တလောဘကြီးတာတွေဘဲသိရတယ်။ ဆိုးဝါးလှတဲ့ ငါ့ဘဝ ဒီလို လူမင်းဆိုးမင်းညစ် လက်အောက်မှာမှ လူလာဖြစ်ရလေခြင်းလို့ မဆီမဆိုင် ကိုယ့်ဘဝကို ကိုယ်အပြစ်တင်မိသေးတယ်။ ကိုယ်လည်း အရင်လို အိပ်လိုက်စားလိုက် ဖာသိဖာသာအနေမျိုးနဲ့ နေလို့မရတော့ဘူးဆိုတာသိလိုက်တယ်။ မျက်စေ့လေး နားလေးတော့ ဖွင့်နေအုံးမှ ကြားလိုက်ရပါသေးတယ်။ ဘာတဲ့ ဟို .... ဩော် .... ဗိုလ်ချုပ်အောင်ကြီးရဲ့ (၄၈) မျက်နှာကြေငြာစာတမ်းတဲ့ အတော်ကောင်းတာဘဲ (၄၈) မျက်နှာစလုံးကို အသေးစိတ်မဖတ်လိုက်ရပေမဲ့ ဗိုလ်အောင်ကြီးက ဗိုလ်ချုပ်နေဝင်းဆီကို ယနေ့မြန်မာပြည်ကြီးမှာ ဆုတ်ယုတ်ကျဆင်းနေတဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေ ပြည်သူလူထုကြီးရဲ့ အစစအရာရာ ဒုက္ခအပေါင်းတွေကို ခရေစေ့တွင်းကျ လက်တွေ့ဘဝတွေရေးပြီး အသိပေးတဲ့စာပေါ့။ နောက်ပြီး စာထဲမှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဖို့လည်း ပါသေးတယ်။ (၄၈) မျက်နှာအပြည့်ဘဲတဲ့ အဲဒီ (၄၈) မျက်နှာ စာတမ်းရေးမှာဘဲ ဗိုလ်အောင်ကြီးကိုသိရတယ်။ တကယ်ဆို ဗိုလ်အောင်ကြီးဟာ ဗိုလ်နေဝင်းနဲ့ဖဆပလခေတ်က တိုင်းပြည်ကိုအုပ်ချုပ်ဖို့ အလုပ်အတူလုပ်ခဲ့ကြတဲ့ တပ်မတော်သားကြီးတွေပေါ့။ ခုမှ ဗိုလ်နေဝင်းကအာဏာရပြီး မိုးမမြင်မြေမမြင် ထင်တိုင်းကြဲပြီးလုပ်နေလို့ မြန်မာပြည်ကြီး ဆင်းရဲဒုက္ခတွင်းထဲရောက်နေလို့ အမြင်မတော် သတိပေးလိုက်တဲ့စာရေးရတာဆိုဘဲ။ နောက်တခုက ဗိုလ်အောင်ကြီးဟာလည်း အပြင်လောကမှာ စီးပွားရေးကောင်းနေတဲ့သူဆိုဘဲ။ စားသောက်လုပ်ငန်းတွေနဲ့ စီးပွားဖြစ်နေတယ်ဆိုဘဲ။ ကျနော်ကိုယ်တိုင် မကြာခဏ သွားစားသောက်ဖြစ်တဲ့ မြေနီကုန်း ပဒုမ္မာကွင်းထောင့်ကဆိုင်ဟာ သူ့ဆိုင်ဘဲတဲ့။ အဲဒီဆိုင်က ပလာတာတို့ဆမူဆာတို့က သိပ်ကောင်းဘဲလေ။ (၄၈) မျက်နှာစာရေးတာလည်း ကောင်းတယ်။ ဆမူဆာ၊ ပလာတာကြော်တာလည်း ကောင်းတဲ့လူပဲလို့ စိတ်ထဲမှာမှတ်မိနေသေးတယ်။

ဒီနေ့မနက်ကတော့ (၈) ရက်နေ့ဘဲ မနက်ခင်းထိုင်နေကြဆိုင်မှာဘဲ လွှက်ရည်သောက်မိခဲ့တယ်။ လမ်းပေါ်မှာ လူတွေလူတွေ သွားလာလှုပ်ရှားနေကြတာကတော့ အရင်နေ့တွေလိုပဲ ပုံမှန်ပါပဲ။ လာနေကြ သတင်းစာတွေကလည်း ပုံမှန်လာနေပါတယ်။ ဖတ်ကြည့်မိသေးတယ်။ ဘာမှ ထူးထူးခြားခြား ပါမလာပါဘူး။ ဒါပေမယ့် သွားလာနေကြတဲ့ လူတွေရဲ့မျက်နှာတွေကို သေသေချာချာကြည့်မှဘဲ သူတို့တွေဟာ တခုခုတောင့်တနေကြတဲ့ မျက်နှာပုံမျိုးပေါက်နေတယ်။ ပါးစပ်ကတော့ ထုတ်မပြောရဲကြပါဘူး။ ဒီလိုနဲ့ဘဲ အဲဒီနေ့ဟာမွန်းတည့်သွားပါတယ်။ အိမ်ပြန်ထမင်းစားရေမိုးချိုးပြီးတော့ အိမ်မှုကိစ္စအနည်းငယ်ကို လုပ်ကိုင်ဆောင်ရွက်ပေးပြီး ညနေ (၃) နာရီလောက်မှာ အိမ်ကထွက်လာခဲ့ပါတယ်။ ကြို့ကုန်းထဲက ထိုင်နေကြလွှက်ရည်ဆိုင်ကိုမသွားတော့ဘဲ အင်းစိန်လမ်းဆုံဘက်ထွက်ခဲ့တယ်။ လျှပ်စစ်ရုံးရှေ့က လမ်းဆုံမှာပေါ့။ မိတ်ဆွေတယောက်နဲ့ တွေ့ပြီး လွှက်ရည်ဆိုင်တဆိုင်မှာ အလာပ သလာပ ပြောမိတယ်။ မကြာပါဘူး လူတွေတဖွဲ့ဖွဲ့နဲ့ များလာတာတွေ့လိုက်ရတယ်။ ကျနော်ကတော့ (၈) လိုင်း ဘတ်စ်ကားဂိတ်ဆုံးဆိုတော့ အလုပ်ပြန်ချိန် လူစည်ကားတယ်ဘဲ ထင်နေတာပါ။ အချိန်ကလည်း ညနေ (၅) နာရီထိုးခါနီးလေ။ ကျနော့်စိတ်ထဲမှာတော့ မိုးချုပ်တော့မယ်ဆိုတော့ ဟိုကောင်ပြောတဲ့ ရှစ်လေးလုံးကိစ္စမဟုတ်တော့ပါဘူးလေလို့ တယောက်တည်းတွေးနေမိတယ်။ စကားပြောနေတဲ့မိတ်ဆွေလည်း လွှက်ရည်ဖိုး ရှင်းပေးပြီး နှုတ်ဆက်ထွက်သွားတယ်။ တယောက်ထဲ လွှက်ရည်ဆိုင်ထဲ ငေါင်တောင်တောင်ဖြစ်နေလို့ အပြင်လမ်းမပေါ်ထွက်လာခဲ့တယ်။ လမ်းမပေါ်မှာ လူတွေပြည့်နေပါလား။ ကိုယ်လည်း တောင်ကြည့်မြောက်ကြည့်လုပ်နေတုန်း လူအုပ်ထဲကနေ အသံတသံ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။ ''သပိတ် .... သပိတ်''တဲ့။ မဆိုင်းမတွဲဘဲလူအုပ်ကြီးကလည်း''မှောက် မှောက်'' လို့ ပြန်လိုက်ပေးလိုက်တယ်။ တဆက်တည်းပဲ တိုင်ချက်ညီညီနဲ့ အောက်ပါအတိုင်းဖြစ်လာပါတော့တယ်။

သပိတ် သပိတ် ....
မှောက် မှောက် ....
လမ်းစဉ်ပါတီ ....
အလိုမရှိ
ဒီမိုကရေစီရရှိရေး ....
ဒို့အရေး ဒို့အရေး ....
အရေးတော်ပုံ ....
အောင်ရမည် အောင်ရမည် ....

အထက်ပါအတိုင်း မိနစ် (၂၀) နီးပါး အော်ဟစ်တောင်းဆိုကြတာ ကျနော့်မှာ ဝမ်းသာသလို အားရကျေနပ်သလိုနဲ့ ကြက်သီးဖျန်းဖျန်းထခဲ့ပါသေးတယ်။ အစဦးဆုံး လူအုပ်ကြီးထဲက စတင်ပြီး ''သပိတ် သပိတ်'' လို့အော်လိုက်တဲ့လူငယ်တစုဟာ ခွပ်ဒေါင်းပုံပါ နဖူးစီးအနီတွေစီးထားပြီး မျက်နှာတွေကိုတော့ မျက်လုံးပေါ်ရုံသာ ပဝါတွေစီးထားကြပါတယ်။ အတိုင်အဖောက်ညီညီ သပိတ်မှောက်ကြပြီးတော့ စောစောက မျက်နှာဖုံးနဲ့ လူငယ်တွေကဘဲ ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ စားပွဲခုံပေါ်ကိုတက်ပြီး လူအုပ်ကြီးကိုစကားပြောကြပါတယ်။ သူတို့ပြောတာတွေက အစုံပါပဲ။ မဆလ လမ်းစဉ်ပါတီကြီးရဲ့ ဆိုးဝါးခါးသီးမှုတွေကို ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ လက်တွေ့ကျကျ ပြောသွားကြပါတယ်။ နာကျည်းမှုတွေခံစားခဲ့ရတဲ့ လူအုပ်ကြီးကလည်း အောက်ကနေ လက်ခုပ်လက်ဝါး တဖြောင်းဖြောင်းတီးကြပါတယ်။ သုံးယောက်မြောက်စကားတက်ပြောတဲ့လူကိုတော့ အသံကို အထူးမှတ်မိနေမိတယ်။ ပြောလိုက်တာ အာဘောင်အာရင်းသန်သန်နဲ့ဘဲ။ မမောမပန်းနဲ့ပေါ့။ ကျနော် စိတ်ဝင်တစားနားထောင်ပြီး သေချာကြည့်လိုက်တော့မှ လားလား ကျနော့်သူငယ်ချင်းအရင်း မောင်စပ်စုလို့ နာမည်ပေးထားတဲ့သူဘဲ။ ကျနော်ဖြင့် ပျော်လိုက်လေခြင်း၊ အားရလိုက်လေခြင်း စုံစွပါပဲ။ ဒါနဲ့ သူပြန်ဆင်းလာတော့ သူ့အနားကိုသွားကပ်ပြီး လေသံတိုးတိုးနဲ့ ''ဟေ့ကောင်''လို့ ခေါ်လိုက်တော့ သူကသိနေပြီးသားပုံစံနဲ့ လက်ထောင်ပြပြီး လေသံတိုးတိုးနဲ့ ''မင်း တို့နားကခွာခွာနေ။ ဒီညကစပြီး ငါ ရပ်ကွက်ထဲမပြန်တော့ဘူး။ အမေနဲ့အမတွေကို ကြည့်သာပြောလိုက်ကွာ''လို့ ပြောပြီး လက်ကလည်း ဝေးဝေးမှာနေဖို့ ခါထုတ်ပြလိုက်တယ်။ ကျနော်လည်း ခပ်ခွာခွာမှာနေပြီး အဲဒီနေ့က ညနေ (၆ း ၃၀) နာရီလောက်မှာ သပိတ်သိမ်းပြီး ရှစ်လေးလုံးသပိတ်ကြီး အင်းစိန်မြို့မှာ တကယ်ဘဲ စတင်ဖြစ်ကြောင်း သက်သေထူလိုက်ပါတော့တယ်။

နောက်ရက်တွေမှာတော့ ရန်ကုန်တမြို့လုံးအနှံ့ပါဘဲ။ ဆန္ဒပြပွဲတွေ၊ ဟောပြောပွဲတွေပေါ့လေ။ ကျောင်းသားထုကြီးက စတင်ဆောင်ရွက်ခဲ့တာပေါ့ ညဖက် တီဗွီမှာ ဗိုလ်နေဝင်းက ဒီလိုထဖြစ်တာကို အလွန်ဒေါသထွက်ပြီး လွှတ်တော်ခေါ်ပြီး တိုင်းပြည်ကို ကြေညာတာပေါ့။ အတ္တလောဘသမားဆိုတော့ သူ့တကိုယ်လုံးမှာ ဒေါသတွေချည်း ဖုံးလွှမ်းနေလို့ ကတုန်ကရီနဲ့ တုန်နေတာကို အတိုင်းသားတွေ့ရတယ်။ ဘာတဲ့ ပြောတာလေးအချို့ကို နားထဲကအခုထိ မထွက်သေးပါဘူး။ မှတ်မိနေဆဲပါ။ အတ္တသမားကြီး အဲ့ဒီညကပြောတာကတော့ ''လွှက်ရည်ဆိုင်မှာ ကျောင်းသားတစုနဲ့ အရပ်သားအချို့တို့ အခန့်မသင့် ရန်ထဖြစ်ကြတာလောက်နဲ့ တတိုင်းပြည်လုံး အုံကြွဆန္ဒပြရတဲ့အထိဖြစ်ရတာ။ ဒါကိုခွင့်မလွှတ်နိုင်ဘူး။ တပ်မတော်ဟာ ပစ်ရင် တည့်တည့်ပဲပစ်တတ်တယ်။ မိုးပေါ်ထောင်မပစ်ဖူး။ ဒီတခါဆန္ဒပြတဲ့ လူတွေ တပ်မတော်နဲ့ထိပ်တိုက်တွေ့မယ်။ သေပေရော့''လို့ပြောပြီး စာရွက်ကြီးထဲမှာ ရေးထားတဲ့မိန့်ခွန်းပြောရမဲ့စာတွေတောင် မဖတ်နိုင်တော့ဘဲ အခြားတယောက်ကိုခေါ်ဖတ်ခိုင်းရတဲ့အထိ အခြေအနေဆိုးဝါးတာကို မြင်လိုက်ရတာခုထိ အမှတ်ရနေတုန်းပါဘဲ။ ဗိုလ်နေဝင်းက လွှက်ရည်ဆိုင်ရန်ပွဲကြောင့်ဖြစ်ရတာလို့ဘဲ သူသိတာပါ။ တကယ်တော့ အဓိကဖြစ်ရတဲ့အကြောင်းက သူ့ရဲ့မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးနဲ့ စနစ်ဆိုးတွေကြောင့် သူ့ရဲ့အတ္တလောဘကြီးမားမှုကြောင့် တိုင်းပြည်က တနေ့တခြား ဆင်းရဲတွင်းနက်နေပြီး ပြည်သူလူထုတွေလည်း ဆင်းရဲဒုက္ခဖြစ်ရတာတွေများလာရတာကို သူမသိကျိုးကျွန်နေခဲ့တာကြောင့်ပါ။

နောက်လတွင်ဆက်လက်ဖော်ပြပါမည်။

# မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ကမ္ဘာ့အဆိုးဝါးဆုံးကျန်းမာရေးကပ် ဆိုက်ရောက်နေပြီဟု နယ်လှည့်ကျောပိုးအိတ်အဖွဲ့ အစီအရင်ခံစာတင်ပြ



ဒေါက်တာစင်သီယာမောင်




နာတာရှည်ကပ်ဆိုးစာအုပ်မျက်နှာဖုံး

မြန်မာနိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပွားနေသောပဋိပက္ခများကြောင့် ဒေသတွင်းအိုးအိမ်စွန့်ခွာနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ စနစ်တကျ စစ်တမ်းကောက်ယူချက်များကို နယ်လှည့်ကျောပိုးအိတ်အဖွဲ့က"နာတာရှည်ကပ်ဆိုး" အမည်ဖြင့် စက်တင်ဘာလ (၇) ရက်နေ့တွင် အစီရင်ခံစာတစောင်ထုတ်ပြန်သည်။

အစီရင်ခံစာတွင်ဖော်ပြထားသောအချက်များနှင့်ပတ်သက်သော အဖွဲ့၏သတင်းထုတ်ပြန်ချက်တွင် "ဆယ်စုနှစ်ပေါင်းများစွာပြည်တွင်းစစ်ဖြစ်ပွားနေခြင်းကြောင့် ဒေသခံပြည်သူများ၏ကျန်းမာရေးကို မည်သို့မည်ပုံဆုတ်ယုတ်ပျက်ပြားစေခဲ့ကြောင်းကို နိုင်ငံတကာကျန်းမာရေးစံနှုန်းများနှင့် ချိန်ထိုးပြသထားပြီး ကမ္ဘာတွင် စံချိန်စံညွှန်း အဆိုးရွားဆုံးဖြစ်နေကြောင်း ထုတ်ဖော်ထားသည်။ ထိုမျှသာမက အစီရင်ခံစာက အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း၊ စစ်သားများ၏အကြမ်းဖက်ပြုမှုခြင်း၊ အဓမ္မလုပ်အားခိုင်းစေမှုနှင့် အစားအစာနှင့် ကောက်ပဲသီးနှံများဖျက်ဆီးခြင်းစသည့်လူ့အခွင့်အရေးချိုးဖောက်မှုများ ပုံမှန်ဖြစ်ပွားနေပြီး ယင်းအခြေအနေများသည် ကျန်းမာရေးကပ်ဆိုးကြီးသို့ တွန်းပို့ပေးနေကြောင်း ဖော်ပြထားကြောင်း"ပါရှိသည်။

အစီရင်ခံစာထုတ်ပြန်ရာတွင် မြန်မာ့အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ဝင် ထိုင်းနိုင်ငံ အထက်လွှတ်တော်အမတ် ဂျွန်အုမ်ဖကွန်က မြန်မာပြည်အရှေ့ပိုင်းဒေသတွင် အတောမသတ်ဖြစ်ပွားနေသည့် ကျန်းမာရေးကပ်ဆိုးကြီး၏ တရားခံမှာ မြန်မာစစ်အုပ်စုဖြစ်သည်ဟု စွပ်စွဲပြောဆိုလိုက်သည်။

နယ်လှည့်ကျောပိုးအိတ်အဖွဲ့ကို တည်ထောင်သူဖြစ်ပြီး မက်ဆေးဆေးဆုရှင်နှင့် ၂၀၀၅ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုစာရင်းတင်သွင်းခံရသူ ဒေါက်တာစင်သီယာမောင်က မြန်မာပြည်အရှေ့ခြမ်းဟာ ကပ်ဘေးသင့်ဒေသတခုဖြစ်ကြောင်း ပြောကြားသည်။

"မီးဖွားတဲ့ အမျိုးသမီး (၁၂) ယောက်တွင် (၁) ယောက် သေဆုံးနိုင်တဲ့အခြေအနေမှာရှိနေပါတယ်။ ကိုယ့်အိုးကိုယ့်အိမ်မှာနေခွင့်ရတဲ့ လူတွေနဲ့ယှဉ်ရင် အိုးအိမ်မဲ့တွေရဲ့ ကလေးငယ်လေးတွေ သေဆုံးမှုဟာ (၂၄) ဆရှိပါတယ်။ မသေပဲ ရှင်ခဲ့ရင်တောင်မှ အာဟာရချို့တဲ့မှုကို ရင်ဆိုင်ရဖို့ရှိပါတယ်။ ဒီသေဆုံးမှုတွေနဲ့ နာမကျန်းဖြစ်မှု အများအပြားဟာ တကယ်ဆိုရင်တော့ ကာကွယ်လို့ရနိုင်တဲ့ အမျိုးအစားတွေပါ။"ဟု ဒေါက်တာစင်သီယာမောင်ကဆိုသည်။

ယူနီဆက်ဖ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စာရင်းဇယားတွေအရ မြန်မာနိုင်ငံ၏ မွေးကင်းစနှင့် ကလေးငယ်သေဆုံးနှုန်းသည် အရှေ့တောင်အာရှတွင် အဆိုးရွားဆုံးဖြစ်သည်။

ဒေါက်တာ စင်သီယာမောင်က "မြန်မာပြည်အရှေ့ပိုင်းမှာ အခြေအနေက ပိုဆိုးတယ်။ မွေးကင်းစနဲ့ ကလေးငယ်သေဆုံးနှုန်းဟာ (၂) ဆလောက်ပိုများနေတယ်။ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူတွေထဲမှာတော့ (၅) နှစ်မြောက် မွေးနေ့မတိုင်ခင်မှာပဲ ကလေး (၅) ယောက်မှာ (၁) ယောက် သေဆုံး နေပါတယ်။ နောက်ပြီး ကလေးတွေရဲ့ (၁၅) ရာနှုန်းဟာ အာဟာရချို့တဲ့မှုကို ခံစားနေရပါတယ်။"ဟု ဖြည့်စွက်ပြောဆိုသည်။

မြန်မာစစ်အုပ်စုက ဆယ်စုနှစ်အတွင်း အကြီးမားဆုံးထိုးစစ်ကြီးတရပ်ကို ယခုနှစ်ဖေဖော်ဝါရီလတွင် ထပ်မံစတင်လိုက်ခြင်းကနောက်ထပ် လူ (၁၈,၀၀၀) ကို အိုးအိမ်မဲ့ဖြစ်ပွားစေကာ အခြေအနေကိုပိုမိုဆိုးရွားသွားစေခဲ့ကြောင်း အဖွဲ့ကဆိုသည်။

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ အစီရင်ခံစာ၏ နိဂုံးပိုင်းတွင် ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မကိုင်တွယ်မဖြေရှင်းနိုင်သမျှ ယခုဖြစ်ရှိနေသည့် "နာတာရှည်ကပ်ဆိုး"ကြီးမှ လွတ်မြောက်နိုင်မည်မဟုတ်ဟု ဖော်ပြထားပါသည်။

အစီရင်ခံစာကို စက်တင်ဘာလ (၇) ရက်၊ ၂၀၀၆ ခုနှစ် နံနက် (၁၀) နာရီတွင် ဘန်ကောက် နိုင်ငံခြားသတင်းစာဆရာ အသင်းတွင်လည်းကောင်း၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားရုံးတွင်လည်းကောင်း တချိန်တည်းထုတ်ပြန်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ပြီး မြန်မာပြည်အရှေ့ပိုင်းရှိအိုးအိမ်မဲ့တသိန်းလေးသောင်းကို ခြေလျင်ခရီးထွက်၍ ကျန်းမာရေးကူညီစောင့်ရှောက်မှုပေးလျက်ရှိသည်။

❖

# နအဖတပ်တွင်း ကလေးစစ်သားအသုံးပြုနေကြောင်း ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့လူ့အခွင့်အရေးအဖွဲ့ဆို

မြန်မာနိုင်ငံတွင် ကလေးစစ်သားအသုံးပြုမှု တားဆီးရေးကော်မတီတရပ် ဖွဲ့စည်းထားသော်လည်း နအဖသည် လူမမယ်ကလေးများအား စစ်တပ်အတွင်းသို့ အတင်းသွတ်သွင်းခြင်းနှင့် ရှေ့တန်းစစ်မြေပြင်သို့ပို့လွှတ်ခြင်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေကြောင်း ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့လူ့အခွင့်အရေးအဖွဲ့တဖွဲ့က အပြစ်တင်လိုက်သည်။

အောက်တိုဘာလအတွင်းက ထုတ်ပြန်သော ချင်းမိုင်အခြေစိုက် လူ့အခွင့်အရေးပညာပေးအဖွဲ့၏အစီအရင်ခံစာအရ ရှေ့တန်းသို့ အပို့ခံရသော ကလေးစစ်သားများသည် စိတ်ဓာတ်ပျက်ပြားခြင်းနှင့် စိတ်ဖိစီးမှုများကြောင့် စစ်ဆင်ရေးများအတွင်း ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်မှုများ ပြုလုပ်နေသည်ဟု ဖော်ပြထားသည်။

ဩဂုတ်လ (၂၃) ရက်နေ့က ကြပ်ပြေး၌ပြုလုပ်သော ကလေးစစ်သားအသုံးပြုမှုကာကွယ်တားဆီးရေး ကော်မတီအစည်းအဝေးတရပ်တွင် နအဖအတွင်းရေးမှူး (၂) ဗိုလ်ချုပ်သိန်းစိန်က မြန်မာစစ်တပ်တွင် ကလေးစစ်သားအသုံးပြုမှုအနည်းငယ်ရှိကြောင်း ဝန်ခံပြောကြားထားသော်လည်း ယခုအစီရင်ခံစာအပေါ် နအဖပြန်ကြားရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတဦးက အခြေအမြစ်မရှိသော စွပ်စွဲမှုအဖြစ်ဟု တုံ့ပြန်လိုက်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းက ဝေဖန်ပြောဆိုခဲ့ပြီးနောက် နအဖသည် (၂၀၀၄) ခုနှစ်တွင် ကလေးစစ်သားစုဆောင်းမှု ကာကွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး အသက် (၁၈) နှစ်မပြည့်သေးသူများကို တပ်သားသစ်စုဆောင်းရေးတွင် လက်ခံခြင်းမပြုရန် တားဆီးခဲ့သည်။

၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ကုလသမဂ္ဂအထွေထွေညီလာက လုံခြုံရေးကောင်စီသို့တင်သောအစီအရင်ခံစာတွင် စစ်အစိုးရသည် ကလေးစစ်သား အသုံးပြုခြင်းဖြင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်နေကြောင်းဖော်ပြထားသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၂ ခုနှစ်အစီရင်ခံစာတွင် မြန်မာစစ်တပ်တွင် တပ်သား (၃) သိန်းခွဲခန့်ရှိရာ (၇) သောင်းခန့်မှာ အသက် (၁၈) နှစ်မပြည့်သေးသူများဖြစ်ကြောင်းဖော်ပြထားသည်။

နှစ်နှစ်ကြာအချိန်ယူလေ့လာခဲ့သော ထိုင်းအခြေစိုက်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာတွင် ကလေးစစ်သား (၅၀) ကို အင်တာဗျူးခဲ့ရာ ၎င်းတို့က အတင်းအကြပ် (သို့မဟုတ်) လိမ်လည်ခံရသဖြင့် စစ်တပ်အတွင်းသို့ ရောက်ခဲ့ရပုံများကို ပြောပြခဲ့ကြသည်။

"တပ်ထဲဝင်မလား။ ထောင်ထဲသွားမလား"ဆိုသောမေးခွန်းဖြင့် ခြိမ်းခြောက်ခံရသော ကလေးငယ်များသည် ရဲအချုပ်ခန်းများ၊ စစ်တပ်စခန်းများနှင့် စုဆောင်းရေးဌာနများ၌ ထိန်းသိမ်းခံနေရစဉ်အတွင်း



နအဖစစ်တပ်ရှိ ကလေးစစ်သားတဦး

အသက်လိမ်ပြောဆိုရန် အဓမ္မဖိအားပေးခဲ့ရသည်ဟု အစီရင်ခံစာကဆိုသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၀ ခုနှစ်က ထုတ်ပြန်သော အစီရင်ခံစာတွင် ကမ္ဘာ့တဝှမ်းတွင် ကလေးစစ်သားစုဆောင်းအသုံးပြုမှုတားဆီးရေးစာချုပ်၌ လက်မှတ်ထိုးထားသော နိုင်ငံပေါင်း (၁၀၈) နိုင်ငံရှိကြောင်းဖော်ပြထားသည်။

❖

# ချင်းတွင်းမြစ်တွင်း ရေအားလျှပ်စစ်စီမံကိန်းကြောင့် ခန္တီးမြို့ပြောင်းရွှေ့ရမည်

ချင်းတွင်းမြစ်အထက်ပိုင်း ထမံသီရေအားလျှပ်စစ်စီမံကိန်းကြောင့် စစ်ကိုင်းတိုင်းမြောက်ပိုင်းရှိ ခန္တီးမြို့ တမြို့လုံး မကြာမီတွင် နေရာသစ်သို့ပြောင်းရွှေ့ရမည်ဖြစ်ရာ မြို့နေလူထုမှာ စိတ်မချမ်းမသာဖြစ်နေကြောင်း သိရသည်။

ဟုမ္မလင်းမြို့မြောက်ဘက် မိုင် (၃၀) ကျော်တွင် ချင်းတွင်းမြစ်အထက်ပိုင်းကိုပိတ်၍ တည်ဆောက်မည့် ထမံသီရေလှောင်တမံ စီမံကိန်းကြောင့် လက်ရှိခန္တီးမြို့သည် ယခုထက်အထက်ပိုင်းကျသော မြို့သစ်သတ်မှတ်နေရာသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း၊ ၎င်းစီမံကိန်းကြောင့် မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၇) အုပ်စုမှာ ရေအောက်ရောက်ဖွယ်ရှိကြောင်း ဩဂုတ်လ (၂၄) ရက်နေ့ထုတ် 7 Days News Journal တွင် ဖော်ပြထားသည်။

ခန္တီးမြို့တွင် အိမ်ခြေ (၁,၆၀၀) ကျော်၊ လူဦးရေ တသောင်းကျော်နေထိုင်ပြီး မြို့နယ်တခုလုံးရှိ ကျေးရွာများတွင် သုံးသောင်းကျော်ရှိကြောင်း သိရသည်။

ပြောင်းရွှေ့မည့်သူများကို လက်ရှိ ခန္တီးလေဆိပ် မြောက်ဘက် (၃) မိုင်အကွာတွင် မြို့သစ်တည်၍ နေရာချပေးမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကြောင့် စိုက်ပျိုးမြေဧက (၁၇၀,၀၀၀) ခန့်နှင့် ကူကီးရွာ (၃၅) ရွာ ပြောင်းရွှေ့ရဖွယ်ရှိပြီး ဟူးကောင်းချိုင့်ဝှမ်းဒေသမှ တောရိုင်းတိရစ္ဆာန်များလည်း မျိုးတုံးဆုံးရှုံးမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက သတိပေးထားသည်။

ထမံသီရေအားလျှပ်စစ်စီမံကိန်းကို နအဖခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၄ ခုနှစ် အိန္ဒိယခရီးစဉ်အတွင်း သဘောတူညီ လက်မှတ်ထိုးခဲ့ခြင်းဖြစ်ပြီး အိန္ဒိယရေအားလျှပ်စစ်ကော်ပိုရေးရှင်းက အကူအညီပေးမည်ဟုသိရသည်။

ခန္တီးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၅၅၄) ပေတွင်တည်ရှိပြီး ပြောင်းရွှေ့ပေးမည့်နေရာသစ်မှာ (၆၃၄) ပေအမြင့်တွင်တည်ရှိကြောင်း သိရသည်။

❖

## ပိဋကတ်သုံးပုံနှုတ်ငုံဆောင် သာသနာ့အာဇာနည် ဦးသုမင်္ဂလ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘုရားကြီး ဦးသုမင်္ဂလ လက်ာရသည် စက်တင်ဘာ (၂၄) ရက် နံနက်ပိုင်းက ဘန်ကောက်မှ ရန်ကုန်အပြန် ဘန်ကောက်လေဆိပ်၌ပင် ဘဝနတ်ထံပျံလွန်တော်မူသည်။

ဆရာတော်ဘုရားကြီး ဦးသုမင်္ဂလလက်ာရသည် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ်ကစပြီး (၂၆) ကြိမ်တိုင် ဆေးဝါးကုသမှုခံယူခဲ့ရသည်။

ဆရာတော်ဘုရားသည် မြန်မာနိုင်ငံက တိပိဋကဘွဲ့ရဆရာတော် (၁၁) ပါးအနက် လေးပါးမြောက်ဆရာတော်ပြီး ၁၉၇၃ ခုနှစ်က သက်တော် (၂၇) နှစ်အရွယ်တွင် ပိဋကတ်သုံးပုံကို ရေးဖြေ၊ နှုတ်ဖြေအောင်မြင်တော်မူသဖြင့် တိပိဋကဓရ၊ တိပိဋကဝိဒဘွဲ့တော်နှစ်မျိုးရခဲ့သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် ပတ္တနိက္ကုစ္စနကံဆောင်ပြီး သပိတ်မှောက်သည့်အတွက် ၁၉၉၀ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ထောင်မှလွတ်ပြီးနောက် စစ်အစိုးရက ဆရာတော်ကို ပြန်လည်စောင့်ရှောက်ပြီး (၅) ထပ် ကျောင်းတိုက်ကြီးကိုလှူဒါန်းခဲ့သည်။

ပျံလွန်တော်မူချိန်တွင် သက်တော် (၆၀)၊ ဝါတော် (၄၀) ရှိပြီဖြစ်သည်။



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# နိုင်ငံတကာ

## သတင်းတိုထွာ

### တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကုလအထွေထွေအတွင်းရေးမှူးချုပ်သစ်ဖြစ်ရန်သေချာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရာထူးအတွက် အောက်တိုဘာ (၂) ရက်နေ့က လုံခြုံရေးကောင်စီအတွင်း အလွတ်သဘော မဲခွဲဆုံးဖြတ်ကြရာ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်း (Ban Ki Moon ) ကို လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံစလုံးက တညီတညွတ်တည်း မဲပေးခဲ့ကြသည်။

ကုလသမဂ္ဂ၏ အဋ္ဌမမြောက် အတွင်းရေးမှူးချုပ်ရာထူးကို ဆက်ခံရန်သေချာနေသော အသက် (၆၂ ) အရွယ် ဘန်ကီမွန်းသည် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံစလုံး ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာရေးတွင် ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်ပြီး ခိုင်မာတည်ကြည်သူ၊ ဆုံးဖြတ်ချက်ပြတ်သားသူအဖြစ် ထင်ရှားသူဖြစ်သည်။

အတွင်းရေးမှူးချုပ်ကို ကုလသမဂ္ဂအဖွဲ့ဝင် (၁၉၂) နိုင်ငံ သဘောတူညီချက်ဖြင့် အောက်တိုဘာလ (၉) ရက်နေ့တွင် အပြီးသတ်ရွေးချယ်မည်ဖြစ်ပြီး၊ အထွေထွေအတွင်းရေးမှူးသစ်သည် ဇန်နဝါရီလ (၁) ရက်နေ့တွင် ကိုဖီအာနန်ထံမှ တာဝန်လွှဲအပ်ယူရမည်ဖြစ်သည်။ ❖

### အမေရိကန်၏ဥပဒေသစ်ကြောင့်လူ့အခွင့်အရေးအဖွဲ့စိတ်မသက်သာ

အမေရိကန်အစိုးရ၏ အကြမ်းဖမ်းသမားများအဖြစ် သံသယရှိသူများနှင့်စပ်လျဉ်းသော ဥပဒေသစ်ကြောင့် လွတ်လပ်သော တရားဥပဒေရှေ့မှောက်တွင် လူတိုင်းတန်းတူခွင့်နိုင်ငံတကာဥပဒေများ ချိုးဖောက်ခံရမည်ကို ကုလသမဂ္ဂမှ ညှဉ်းပမ်းနှိပ်စက်မှုဆိုင်ရာ စုံစမ်းရေးမှူးများက စိုးရိမ်မကင်းဖြစ်နေကြသည်။ “ဒီဥပဒေဟာ အမေရိကန်သမိုင်းမှာ အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ တရားစီရင်ရေးဆိုင်ရာ ဥပဒေပြုမှုဖြစ်တယ်”ဟု နယူးယောက် အခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ရတ်ဘရောဒီကပြောသည်။ စက်တင်ဘာ (၂၈) ရက်နေ့က အမေရိကန်ဆီးနိတ်တွင် ထောက်ခံမဲ (၆၅) မဲ၊ ကန့်ကွက်မဲ (၃၄) မဲဖြင့်အတည်ပြုခဲ့သော ဥပဒေသစ်အရ စစ်ကြောရေးကာလအတွင်း အကြမ်းဖက်သမားများဟု သံသယရှိသူ၏ဦးခေါင်းကို ရေတွင်အတန်ကြာနှစ်ခြင်း၊ ညများစွာ အိပ်စက်ခွင့်မရအောင် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ စနစ်တကျစီမံထားသော အအေးခန်းအတွင်း အချိန်အတန်ကြာပစ်ထားခြင်း စသော စိတ်ပိုင်း၊ ရုပ်ပိုင်းညှဉ်းပမ်းနှိပ်စက်မှုများကိုခွင့်ပြုထားသဖြင့် အမေရိကန်၏စံတန်ဖိုးများအပေါ် ကမ္ဘာတဝှမ်းမေးခွန်းထုတ်နေကြသည်။ ❖

### မြောက်ကိုးရီးယား နျူးကလီးယားအစီအစဉ်ကို ရပ်တန့်ရန် ကုလတိုက်တွန်း

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသော မြောက်ကိုးရီးယား၏ နျူးကလီးယားစမ်းသပ်မည့်အစီအစဉ်ကို ရပ်တန့်ပေးရန်နှင့် (၆) နိုင်ငံဆွေးနွေးပွဲသို့ပြန်လည်ဦးလှည့်ရန် မြောက်ကိုးရီးယားကို ကုလသမဂ္ဂကယနေ့တိုက်တွန်းလိုက်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ်ဆွေးနွေးပွဲတွင် ကောင်စီ၏ဥက္ကဋ္ဌ ဂျပန်သံအမတ်ကြီး Kenzo Oshima က ပြီယမ်းအနေဖြင့် နျူးကလီယားစမ်းသပ်မှုများကို ဆက်လက်ပြုလုပ်လျှင် လုံခြုံရေးကောင်စီ၏တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသော ကြေညာချက်ကိုဖတ်ကြားခဲ့သည်။ ၂၀၀၅ ခုနှစ်၊ (၆) နိုင်ငံဆွေးနွေးပွဲရလဒ်ဖြစ်သော နျူးကလီယားအစီအစဉ်နှင့် အကူအညီလဲလှယ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန်လည်း ကုလသမဂ္ဂကတိုက်တွန်းသည်။ မြောက်ကိုးရီးယားသည် ငွေကြေးမသမာမှုအကြောင်းပြချက်ဖြင့် အမေရိကန်၏ငွေကြေးဆိုင်ရာစည်းမျဉ်းများအပေါ်မကျေနပ်သဖြင့် အမေရိကန်၊ ဗြိတိန်၊ပြင်သစ်၊ ဂျာမဏီ၊ ရုရှနှင့် တရုတ်တို့ပါဝင်သော (၆) နိုင်ငံဆွေးနွေးပွဲကို လွန်ခဲ့သော (၁) နှစ်က ကျောခိုင်းခဲ့သည်။ ❖

### ဂျပန်တွင် အမျိုးသားရေးဝါဒီတဦး ဝန်ကြီးချုပ်သစ်ဖြစ်လာ

အမျိုးသားရေးဝါဒကိုဇောင်းပေးသူဟု အများကသတ်မှတ်ထားသူ မစ္စတာစင်ဇိုအီသည် (Shinzo Abe) စက်တင်ဘာ (၂၆) ရက်နေ့က ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် အရွေးချယ်ခံရသဖြင့် ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံ၏ အသက်အငယ်ဆုံးဝန်ကြီးချုပ်အဖြစ် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံကို ရောက်လာတော့မည်ဖြစ်သည်။

မစ္စတာစင်ဇိုအီသည် သူဝန်ကြီးချုပ်ဖြစ်ပြီး မကြာမီပင် တရုတ်၏စစ်ရေးချဲ့ထွင်မှုကို ပြင်းပြင်းထန်ထန် ဝေဖန်လေ့ရှိသူတဦးကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ချက်ချင်းခန့်အပ်လိုက်သည်။ ဝန်ကြီးချုပ်ဟောင်း မစ္စတာကိုအီဇူမီနေရာတွင်ဆက်ခံမည့် မစ္စတာအီသည် ပါလီမန်တွင် (၄၇၆) မဲရှိသည့်အနက် (၃၃၉) မဲရရှိကာ လွတ်လွတ်ကျွတ်ကျွတ်ဝန်ကြီးချုပ်ဖြစ်လာသူဖြစ်သည်။ သူက မစ္စတာကိုအီဇူမီလက်ထက်က အဆင်မပြေဖြစ်ခဲ့သော တရုတ်၊ တောင်ကိုးရီးယားတို့နှင့် ဆက်ဆံရေးကို ပြန်ကောင်းလာအောင်ဆောင်ရွက်မည်ဟုဆိုသည်။ သုံးသပ်သူများကလည်း ဂျပန်ဝန်ကြီးချုပ်သစ်သည် အချိန်တိုအတွင်း အဆင်မပြေဖြစ်နေသော အာရှနစ်နိုင်ငံနှင့် သင်ပုန်းချေနိုင်ရေးဆောင်ရွက်နိုင်မည် ဟုယုံကြည်နေကြသည်။ ❖

## ပုပ်ရဟန်းမင်းကြီး၏ မှတ်ချက်ချပြောဆိုမှုအပေါ် မွတ်စလင်ကမ္ဘာမှ ဒေါသတကြီးတုံ့ပြန်




ဘန်ကောက်ပို့စ်၊ စက်တင်ဘာ (၁၀)

Rengensbury တက္ကသိုလ်၌ ပြောကြားခဲ့သော်လည်း ပုပ်ရဟန်းမင်းကြီး Benedict XVI ၏ မိန့်ခွန်း၌ မွတ်ဆလင်ဘာသာအား ပုတ်ခတ်ပြောဆိုသည်ဟု စွပ်စွဲမှုများ ဖြစ်ပေါ်လာခဲ့ပြီး၊ မွတ်ဆလင်နိုင်ငံများ၌ ဆန္ဒပြကန့်ကွက်မှုများဖြစ်ပွားခဲ့သည်။

စက်တင်ဘာ (၁၅) ရက်နေ့ အနောက်ဘက်ကမ်း မြေရှင်ဒေသ၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး၊ အီရန်တွင် ဆန္ဒပြမှုများပြုလုပ်ခဲ့သည်။ ဆိုမာလီယားနိုင်ငံ မိုကာဒစ်ကူးမြို့တော်၌ အီတလီမယ်သီလရှင်တဦး အသတ်ခံရသည့်ကိစ္စသည် ပုတ်ရဟန်းမင်းကြီးအား ဆန့်ကျင်မှုနှင့်ဆက်စပ်နေကြောင်း သတင်းများအရသိရှိရသည်။

မွတ်ဆလင်နိုင်ငံများ၏ ခေါင်းဆောင်အများစုက ပုပ်ရဟန်းမင်းကြီး၏ ပြောကြားမှုကို မွတ်ဆလင်ဘာသာအပေါ် ဝေဖန်တိုက်ခိုက်မှုဟု ယူဆထားကြပြီး၊ ဘာသာရေးခေါင်းဆောင်များကမူ ခရုဆိတ်စစ်ပွဲအစပျိုးမှုဟု မှတ်ယူထားကြသည်။

အီရန်နိုင်ငံ၌ကျင်းပသော ဘာသာရေးဆိုင်ရာကျောင်းသား (၅၀၀) ပါဝင်သည့် ဆန္ဒပြကန့်ကွက်မှုတခုတွင် ဩဇာတိက္ကမကြီးမားသော ဘုန်းတော်ကြီး Ahimad Khalamin က “ပုပ်ရဟန်းမင်းကြီးဟာ အဆင့်မြင့်မွတ်ဆလင်ဘုန်းတော်ကြီးတပါးရှေ့တွင် ဒူးထောက်တောင်းပန်သင့်ပြီ။ အစ္စလမ်ဘာသာကိုနားလည်ရန် ကြိုးပမ်းသင့်သည်”ဟု ပြောဆိုခဲ့သည်။

ရောမမြို့အနီး Castelgandolfo မှ နွေရာသီ စံနန်းတော်၌ စက်တင်ဘာ (၁၇) ရက်နေ့က ပုတ်ရဟန်းမင်းကြီးမှ ပြန်လည်ရှင်းပြရာ၌ သူ၏ပြောကြားခဲ့မှုအပေါ် မွတ်ဆလင်ကမ္ဘာက ဒေါသတကြီးတုံ့ပြန်မှုအပေါ် ဝမ်းနည်းကြောင်း၊ ယင်းပြောကြားချက်သည် အလယ်ခေတ်က စာသားတချို့ကို ကိုးကားခြင်းဖြစ်ကြောင်း၊ သူ၏ပုဂ္ဂိုလ်ရေးအတွေးအမြင်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

သူပြောဆိုခဲ့သောမိန့်ခွန်း၌ (၁၄) ရာစု Byzantine အင်ပါရာခေတ်ကို ကိုးကားပြောဆိုခဲ့သည်။ ပုပ်ရဟန်းမင်းကြီး Benedil - XVI သည် ဂျာမဏီလူမျိုးဖြစ်ပြီး သန်းပေါင်း (၁,၁၀၀) ရှိသော ရိုမန်ကတ်သလစ်ဘာသာဝင်များ၏အကြီးအမှူး ဘာသာရေးခေါင်းဆောင်ဖြစ်သည်။ ❖

## ဘက်မလိုက်လှုပ်ရှားမှုအစည်းအဝေးပြီးဆုံး အကြမ်းဖက်မှုကို ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ရှုံ့ချ

ဘန်ကောက်ပို့စ်၊ စက်တင်ဘာ (၁၈)

နာမကျန်းဖြစ်နေ၍ ဆရာဝန်၏ ညွှန်ကြားချက်အရ နေအိမ်တွင်အနားယူနေသော ဖီဒယ်ကတ်စထရိုကိုယ်စား ကျူးဘား ယာယီသမတ ရေကက်စထရိုက သဘာပတိအဖြစ် ကျင်းပသည့် (၁၁၈) နိုင်ငံမှ ထိပ်သီးခေါင်းဆောင်များ တက်ရောက်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး အစည်းအဝေးကို ကျူးဘားနိုင်ငံ၊ ဟာဆာနာမြို့တွင် အခုလအတွင်း ကျင်းပပြီးစီးခဲ့သည်။

စာမျက်နှာ (၉၂) ပါ အစည်းအဝေးအပြီး ကြေညာချက်၌ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် နိုင်ငံခြားကျူးကျော်မှုကို ဆန့်ကျင်တိုက်ပွဲဝင်မှုကို ခြွင်းချက်အဖြစ်ထားရှိသည်။ အကြမ်းဖက်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ကြောင်း ရေးသားထားသည်။ ယင်းအစည်းအဝေးမှ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ ဗီတိုအာဏာကျင့်သုံးမှုကို ဆန့်ကျင်ကြပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်အရေအတွက် တိုးချဲ့ရေးနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ သုံးပုံနှစ်ပုံ အများစုမဲဆန္ဒဖြင့်လုံခြုံရေးကောင်စီ၏ ဗီတိုအာဏာကျင့်သုံးမှု ပယ်ဖျက်နိုင်ခွင့်ကို အကြံပြုထားကြသည်။

ယင်းအစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ်နှင့် ပါကစ္စတန်သမတတို့က ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူညီခဲ့ကြသည်။ ဘိုလီဗီးယားသမ္မတကလည်း စွမ်းအင်ဆိုင်ရာ တွေ့ဆုံညှိနှိုင်းမှုများနှင့်စပ်လျှဉ်း၍ ဘရာဇီးတို့၏ ဒေါ



**အစည်းအဝေးမစတင်မီ အီရန်သမတ မိုအာမက်အာမက်ဒီနဲဂျဒ် နှင့် ကျူးဘားယာယီသမတ ရေကတ်စထရိုတို့ လက်ဆွဲနှုတ်ဆက်နေစဉ်**

သထွက်နေမှုများ ပပျောက်စေရန် ကြိုးပမ်းမှုများပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယားကလည်း သူ၏ နျူးကလီးယားလက်နက်အစီအစဉ်အပေါ်ကာကွယ် ပြောဆိုခဲ့ပြီး၊ ဆူဒန်ခေါင်းဆောင်များက ဒါဖောတွင် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ မက်ရှင်းထားရှိရေးကို ကန့်ကွက်ပြီး၊ အီရန်သမတ အာမက်အီဂျက်က အီရန်နျူးကလီးယား စွမ်းအင်ထုတ်လုပ်မှုအခွင့်အရေးကို အခိုင်အမာတောင်းဆိုခဲ့သည်။

ဘက်မလိုက်အစည်းအဝေးတွင် အမေရိကန်၏မူဝါဒများနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုအများအပြား ပေါ်ထွက်ခဲ့သည်။ ကျူးဘားနိုင်ငံခြားရေးဝန်ကြီး Felipe Perez Proqwe အမေရိကန်နိုင်ငံဟာ ပြဿနာအားလုံးအတွက် တာဝန်ယူရမယ်လို့ ဘယ်သူကမှ မယူဆပါဘူးဟု ဝေဖန်ပြောဆိုခဲ့ကြောင်းကြားသိရသည်။

ဘက်မလိုက်အဖွဲ့ကြီးကို၊ ၁၉၅၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းညီလာခံမှ ဖွဲ့စည်းခဲ့ပြီး၊ ထိုစဉ်က မြန်မာဝန်ကြီးချုပ်ဦးနု၊ အီဂျစ်သမတနာဆာ၊ တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် အင်ဒိုနီးရှားသမတ ဆူဆတိုတို့သည် ဘက်မလိုက်လှုပ်ရှားမှုကြီး၏ အရေးပါသောခေါင်းဆောင်များအဖြစ် နိုင်ငံတကာလေးစားမှုကိုရယူလိုက်ခဲ့သည်။ ၁၉၇၀ ကျော်ခုနှစ်များက မဆလအစိုးရက ဘက်မလိုက်လှုပ်ရှားမှုမှ နုတ်ထွက်ခဲ့သော်လည်း၊ ၁၉၉၀ ကျော်နှစ်များအတွင်း စစ်အုပ်စုကဘက်မလိုက်အုပ်စုသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

❖

နိုင်ငံတကာ

## ထိုင်းနိုင်ငံတွင်ဖြစ်ပွားခဲ့သော အာဏာသိမ်းမှုဖြစ်စဉ်အကျဉ်း

**စက်တင်ဘာ (၁၉)**

■ ည ၈ း ၀၀

ဝန်ကြီးချုပ်တပ်ဆင်ကိုထောက်ခံသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးရွန်ရွတ်မဟာဆာရန္ဒန်အုပ်စုနှင့် ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်သီဘွန်ယာရတ်လင်ဦးဆောင်သည့်အုပ်စုတို့ တွေ့ဆုံဆွေးနွေး။ ဗိုလ်ချုပ်ကြီး ဆွန်သီအုပ်စုက မစ္စတာတပ်ဆင်ကို နိုင်ငံရေးမှအနားယူစေချင်။

■ ည ၉ း ၀၅

ဖိအားပေးမှုကို မစ္စတာတပ်ဆင်ကလက်မခံ။ အရေးပေါ်အခြေအနေကြေညာပြီး၊ သူ့အားလိုလားသော ဗိုလ်ချုပ်ကြီးရွန်ရွတ်ကို လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ကြောင်းကြေညာချက်နှင့် မရှေ့မနှောင်းတွင် အာဏာသိမ်းမှုဖြစ်ပွား။

■ ည ၁၀ း ၀၀

အဝါရောင်နှင့် အပြာရောင်ဖဲကြိုးများစည်းထားကြသည့် ဗိုလ်ချုပ်ကြီးဆွန်သီ၏ တပ်များက တင့်ကားများဖြင့် အစိုးရအိမ်တော်သို့ ချီတက်သိမ်းပိုက်။

■ ည ၁၂ း ၀၀

အာဏာသိမ်းကောင်စီက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကောင်စီကိုဖွဲ့စည်း။ ဘုရင့်နန်းတော်၌ ထိုင်းဘုရင်မင်းမြတ်နှင့်သွားရောက်တွေ့ဆုံ။

**စက်တင်ဘာ (၂၀)**

■ နံနက် ၃ း ၅၃

ကုလသမဂ္ဂအစည်းအဝေးတွင် မစ္စတာသက်ဆင်၏ မိန့်ခွန်းပြောမည့်အစီအစဉ်ကို ဖျက်သိမ်း။

■ ညနေ ၃ း ၁၈

မစ္စတာသက်ဆင်နယူးယောက်မှ သူ၏နေအိမ်တည်ရှိရာလန်ဒန်သို့ရောက်ရှိ။

■ ညနေ ၃ း ၂၉

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကောင်စီက နှစ်ပတ်အတွင်း အရပ်ဘက်ဝန်ကြီးချုပ်တဦးကို ခန့်အပ်မည်ဖြစ်ကြောင်းနှင့် တနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်ကြောင်းကြေညာ။

**စက်တင်ဘာ (၂၅)**

ချူလာလောင်ကောင်၊ တမာဆတ် ၊ မဟီဒေါ စသော ဘန်ကောက်ရှိ နာမည်ကြီးတက္ကသိုလ်များမှ ကျောင်းသားများ၊ ပါမောက္ခများ၊ အသိပညာရှင်၊ အတတ်ပညာရှင် (၅၀) ကျော် က စစ်တပ်အာဏာသိမ်းမှုနှင့် အရပ်သားအခွင့်အရေးများပိတ်ပင်သည့် အပေါ်ဝေဖန်သော နိုင်ငံရေးတရားပွဲ တမာဆတ်တက္ကသိုလ်မြက်ခင်းပြင်တွင်ပြုလုပ်။ 'လူ (၅) ဦးထက်ပို၍ စုရုံးခွင့်မပြု'ဟူသော အရေးပေါ်ဥပဒေကိုဖီဆန်သော အဆိုပါဆွေးနွေးပွဲသို့ လူ (၂၀၀) ခန့်လာရောက် အားပေးသော်လည်းအနှောင့်အယှက်မရှိဘဲ ပြီးဆုံး။

**အောက်တိုဘာ (၁)**

ကြားဖြတ်ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခံရသော စစ်ဦးစီးချုပ်ဟောင်း ဆူရာယုချူလာနော့ ထိုင်းနိုင်ငံ၏ (၂၄) ဦးမြောက်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကြိမ်။ အရပ်သားအခွင့်အရေးကို အပြည့်အဝကာကွယ်ပေးမည်ဖြစ်ကြောင်းနှင့် တနှစ်အတွင်း ရွေးကောက်ပွဲသစ်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကတိပြု။

**အောက်တိုဘာ (၂)**

မစ္စတာသက်ဆင်၏ထိုင်းရတ်ထိုင်းပါတီမှ အမတ် (၇၀) ပါတီမှနှုတ်ထွက်။

**အောက်တိုဘာ (၃)**

ထိုင်းရတ်ထိုင်းပါတီ၏ အနာဂတ်ကိုင့်ကွက်၍ ပါတီခေါင်းဆောင် (ဥက္ကဋ္ဌ) အဖြစ်မှ နှုတ်ထွက်ကြောင်း မစ္စတာသက်ဆင် လန်ဒန်မှအကြောင်းကြား။

“ပြည်တွင်းထုတ်ကုန် တန်ဖိုးကိန်းဂဏန်းတွေထက် တိုင်းသူပြည်သားတွေ ပျော်ရွှင်ဖို့ကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”

ဆူရာယုချူလာနော့



# ထိုင်းနိုင်ငံတွင် သွေးမြေမကျသော စစ်အာဏာသိမ်းမှုဖြစ်ပွား နှစ်ပတ်အတွင်း ဝန်ကြီးချုပ်သစ်ခန့်အပ်၍ တနှစ်အတွင်း ဒီမိုကရေစီဖော်ဆောင်ရန် ကတိပြု



အာဏာသိမ်းခဲ့သူ ဆွန်ထီဘွန်ညာရတ်ကလင်



ဝန်ကြီးချုပ်ဟောင်း သက်ဆင်





အာဏာသိမ်းထားစဉ် ထိုင်းနိုင်ငံ မြို့တော် ဘန်ကောက်တွင် တွေ့မြင်ရသော ထိုင်းစစ်သားများ

စက်တင်ဘာ (၂၂)၊ သတင်းဌာနများ။

ယမန်နေ့ညက ထိုင်းနိုင်ငံတွင် ကြည်းတပ်ဦးစီးချုပ် ဆွန်ထီဘွန်ညာရတ်ကလင် (Sonthi Boonyaratkalin) ဦးဆောင်သော သွေးမြေမကျ စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ကြည်း၊ ရေ၊ လေနှင့် ရဲတပ်ဖွဲ့တို့ပါဝင်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကောင်စီက အငြင်းပွားဖွယ်ဖြစ်နေသော မစ္စတာသက်ဆင်၏ အုပ်ချုပ်ရေးနေရာတွင် စစ်တပ်အုပ်ချုပ်ရေးဖြင့် အစားထိုးလိုက်ကြောင်း ကြေညာသည်။

ထိုင်းဘုရင်မင်းမြတ်ကို သစ္စာခံသော ဒီမိုကရေစီပြုပြင်ရေးအဖွဲ့က နှစ်ပတ်အတွင်း ဝန်ကြီးချုပ်အသစ်တဦးကို ခန့်အပ်မည်ဖြစ်ကြောင်းနှင့် (၁) နှစ်အတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး တည်ဆောက်မည်ဖြစ်ကြောင်းကတိပြုသည်။

အာဏာသိမ်းမှုဖြစ်ပွားသည့်အချိန်တွင် မစ္စတာသက်ဆင်၊ ဒုဝန်ကြီးချုပ် ဆူရာကီရတ် (Surakiart) နှင့် နိုင်ငံခြားရေးဝန်ကြီး ကန်သီရာ (Kantathi Suphamongko) တို့သည် နယူးယောက်တွင်ရှိနေကြပြီး၊ နောက်တနေ့တွင် မစ္စတာသက်ဆင်သည် နယူးယောက်မှ သူ၏အိမ်ရှိရာ လန်ဒန်သို့ထွက်ခွာသွားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေးသို့တက်ရောက်ရန် အမေရိကန်နိုင်ငံ၊ နယူးယောက်သို့ ခေတ္တရောက်ရှိနေသော မစ္စတာသက်ဆင်က (Thaksin) အာဏာကိုမစွန့်လွှတ်ကြောင်း ပြောကြားခဲ့သော်လည်း ထိုင်းဘုရင်မင်းမြတ်က မစ္စတာဆွန်ထီကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကောင်စီ၏အကြီးအကဲအဖြစ် တရားဝင် တာဝန်ပေးအပ်ပြီးနောက်ပိုင်းတွင် နိုင်ငံရေးမှအနားယူတော့မည်ဖြစ်ကြောင်း လန်ဒန်မှ ကြေညာခဲ့သည်။

လောလောဆယ်တွင် ဒုဝန်ကြီးချုပ် မစ္စတာချစ်ချိုင်းကို စစ်တပ်က ထိန်းသိမ်းထားပြီး မစ္စတာသက်ဆင်၏ဇနီးနှင့်သားတို့မှာ ယမန်နေ့နံနက်ကတည်းက စင်္ကာပူသို့ထွက်ခွာသွားပြီဖြစ်ကြောင်း သတင်းများကဆိုသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအဖွဲ့ခေါင်းဆောင်၊ စစ်တပ်အကြီးအကဲ မစ္စတာဆွန်ထီက မစ္စတာသက်ဆင်အစိုးရသည် အာဏာအလွဲသုံးစားမှုနှင့် လာဘ်စားမှုများတွင်ပါဝင်နေသဖြင့် ယခုကဲ့သို့ စစ်တပ်က အာဏာသိမ်းရခြင်းဖြစ်ကြောင်း ပြောသည်။ သို့သော် အခြေအနေပြန်လည်ငြိမ်သက်သွားလျှင် မြန်နိုင်သမျှအမြန်ဆုံး ပြည်သူလက်ထဲသို့ အာဏာပြန်လည်အပ်နှင်းမည်ဖြစ်ကြောင်း ကတိပြုသည်။

၎င်းမတိုင်ခင်က အမေရိကန်နိုင်ငံတွင် ကျင်းပနေသော ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်နေသော မစ္စတာသက်ဆင်က စစ်တပ်အကြီးအကဲ မစ္စတာဆွန်သီကို ဖြုတ်ချကြောင်းနှင့် သူ့နေရာတွင်လည်း စစ်တပ်အကြီးအကဲဟောင်း အငြိမ်းစားဗိုလ်ချုပ်တဦးကို ယာယီဝန်ကြီးချုပ်အဖြစ် လွှဲအပ်ကြောင်း ထိုင်းရုပ်မြင်သံကြား Channel 7 မှကြေညာခဲ့သော်လည်း အာဏာသိမ်းမှုဖြစ်ပွားသောသတင်းများက ဖြတ်တောက်လွှမ်းမိုးခဲ့သည်။

စစ်အုပ်ချုပ်ရေးအဖွဲ့က ထိုင်းနိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံဥပဒေနှင့် မစ္စတာသက်ဆင်၏အုပ်ချုပ်ရေးကို ဖျက်သိမ်းကြောင်း၊ ငြိမ်းချမ်းရေးကိုအကြောင်းပြု၍ တနိုင်ငံလုံးကို မာရှယ်လောဖြင့် အုပ်ချုပ်မည်ဖြစ်ကြောင်း ကြေညာပြီးနောက် အစိုးရရုံးများနှင့် ဘန်ကောက်မြို့ပေါ်တွင် စစ်ကားများ လှည့်လည်စောင့်ကြည့်နေကြသည်။

ထိုင်းဘုရင်မင်းမြတ်ကို ဆန့်ကျင်နေသည်ဟုစွပ်စွဲခံရသော မစ္စတာသက်ဆင်အစိုးရအဖွဲ့ထံမှ အာဏာသိမ်းယူခဲ့သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအဖွဲ့၏ခေါင်းဆောင် မစ္စတာဆွန်ထီက တိုင်းပြည်၏လက်ရှိအခြေအနေကို ဘုရင်ကြီးထံသို့ သန်းခေါင်အချိန် သွားရောက်အစီရင်ခံခဲ့သည်။

ဘန်ကောက်တွင် မိုးရွာသွန်းနေသဖြင့် လမ်းပေါ်တွင် လူအနည်းငယ်သာရှိနေစဉ်ဖြစ်ပွားခဲ့သော ယမန်နေ့ညခင်း စစ်တပ်အာဏာသိမ်းမှုသည် (၇၄) နှစ်အတွင်း အကြိမ် (၂၀) မြောက် စစ်တပ်အာဏာသိမ်းမှုဖြစ်ပြီး တိုင်းပြည်၏ ရှည်ကြာနေသော နိုင်ငံရေးပြဿနာကို စိတ်ပျက်နေသော ပြည်သူအများက အလားအလာကောင်းတခုအဖြစ် ယူဆနေကြသည်။

စစ်တပ်အာဏာသိမ်းမှုကြောင့် ထိုင်း မြန်မာနယ်စပ်၊ မဲဆောက် – မြဝတီ ဆက်သွယ်ရေးလမ်းကြောင်းအားလုံးကိုလည်း ယနေ့နံနက်မှစ၍ ထိုင်းဘက်က အသွားအလာဖြတ်တောက်ထားလိုက်သည်။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# သံတွဲအကျဉ်းသား

သံတွဲပြည်သူ့ဆေးရုံကြီးတွင် ရှမ်းပြည်နိုင်ငံရေး အကျဉ်းသားတယောက် ဆေးဝါးကုသခံနေခြင်းကို ဆေး ရုံဝန်ထမ်းအသိုင်းအဝန်းမှတဆင့် ကြားသိရသည်။ စိတ် ဝင်စားဖွယ်ကောင်းသည်မှာ ထိုနိုင်ငံရေးအကျဉ်းသား သည် ဆေးဝါးကုသခံယူနေရစဉ်အတွင်း ဆေးရုံဝန်ထမ်း များကို ပြည်ထောင်စုအကြောင်း၊ တိုင်းရင်းသားတို့ သွေးစည်းညီညွတ်ခြင်း၏ အထင်ကရဖြစ်သော ပင်လုံ ညီလာခံအကြောင်းတို့ကို စိတ်ဝင်စားဖွယ်ဟောပြောနေ ခြင်းဖြစ်သည်။ ထိုသတင်းမှာ ဆေးရုံအသိုင်းအဝိုင်းသာမ က ဘေးပတ်ဝန်းကျင် ပြည်သူလူထုအတွင်း ပျံ့နှံ့နေသည်။

စာရေးသူလည်း ထိုသတင်းကို ကြားသိရချိန်မှစ၍ ဆေးရုံကြီးဆီသို့ ချဉ်းကပ်မိသည်။ ထောင်အာဏာပိုင် နှင့် ရဲအစောင့်များချထားမှုကြောင့် ပထမအကြိမ်တွင် လွယ်ကူစွာ မဆုံတွေ့ရချေ။ ကံကောင်းမှုကို ဖန်တီးလာ သည်မှာ သင်္ကြန်ရက်အတွင်းဖြစ်သည်။ အများသူငှာ သင်္ကြန်ပွဲတော်ဆင်နွှဲနေချိန်တွင် ဆေးရုံကြီးသည် လူသူ နည်းပါးပြီး ရဲအစောင့် (၂) ယောက်သာရှိနေသည်။ ထို့ကြောင့် အဆိုပါ ရှမ်းပြည်နိုင်ငံရေးသမားကို တွေ့ခွင့်ရ ခဲ့သည်။ အသက် (၅၅) နှစ်ဟုဆိုသော်လည်း ရောဂါ ဝေဒနာခံစားရမှုနှင့် ဆိုးဝါးသောအကျဉ်းထောင်တို့၏ ဒဏ်ကြောင့် အသက် (၇၀) အရွယ်အဖိုးအိုပမာ ပေါ် လွင်နေသည်။ ပိန်သွယ်သွယ်ခန္ဓာကိုယ်ကို မမျှမတချည် နှောင်ထားသော သံခြေကျင်း၊ ခတ်ထားသောလက်ထိပ် (ကုတင်သံဘောင်နှင့် တွဲချည်လျက်) တို့နှင့် တွဲဖက် မြင်ရသူအဖို့ စိတ်မသက်သာစရာဖြစ်ရသည်။

သို့သော် ထိုအကျဉ်းသား၏မျက်နှာသည် တည် ကြည်နေပြီး မျက်လုံးများက အရောင်တောက်နေပုံကို ထောက်ရှုခြင်းအားဖြင့် စိတ်ဓာတ်ကြံ့ခိုင်နေပုံရသည်။ ညတိုင်းလိုလို ဆေးရုံအလုပ်သမားများ၊ သူနာပြုဆရာ မများ၊ ဆရာဝန်ပေါက်စနှင့် အစောင့်ရဲသားလေးတို့ကို ပြည်ထောင်စု၏အနှစ်သာရနှင့် ပြည်ထောင်စုသန္ဓေတည် ရာ ပင်လုံညီလာခံအကြောင်းတို့ကို မမောမပန်း စိတ်ရှည် လက်ရှည် ပြောပြနေကြောင်း၊ ဆေးရုံဝန်ထမ်းတို့က လည်း ထိုအကျဉ်းသားလူနာကို ခြေဆုပ်လက်နယ် ပြုစု ပေးရင်း စိတ်ဝင်စားဖွယ်နားထောင်လေ့ရှိကြောင်း စုံစမ်း သိရှိခဲ့ရသည်။

သူနာမည်က ဦးမြင့်သန်း။ ရှမ်းပြည်မျိုးဆက်သစ် လူငယ်အဖွဲ့ခေါင်းဆောင်ဖြစ်သည်။ သူတို့အဖွဲ့ကို လွန် ခဲ့သော ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရှမ်းပြည် နယ်နေ့အခမ်းအနားတွင် ဖမ်းဆီးသည့်သတင်းကို သတင်း ထူးအဖြစ် ကြားသိခဲ့ပြီးပြီ။ ၂၀၀၅ ခု၊ နိုဝင်ဘာလတွင် အင်းစိန်အထူးတရားရုံးက ရှမ်းပြည်မျိုးဆက်သစ်အဖွဲ့ ဝင်များကို ထောင်ဒဏ် (၇၉) နှစ်စီ အသီးသီးအပြစ် ပေးခဲ့သလို ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦးနှင့် အပေါင်းပါတို့ကိုလည်း ထောင်ဒဏ် (၉၀) နှစ်ကျော် စီရင်ချက်ချလိုက်သည်ကို ကြားသိလိုက် ရသဖြင့် ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။ နိုင်ငံရေးပြစ်မှု စီရင်ချက်သမိုင်းတွင် အပြင်းထန်ဆုံး နှိပ်ကွပ်မှုဖြစ်သည်။ စစ်အာဏာပိုင်တို့ကမူ ပြည်ထောင် စုဖြိုခွဲရန်ကြံစည်မှုဟု ကင်ပွန်းတပ်ကာဝါဒဖြန့်ထားသည်။ နှစ်ရှည်ထောင်ဒဏ်များချမှတ်ပြီးပြီးချင်း အင်းစိန်ထောင် မှဝေးလံသော ထောင်အသီးသီးသို့ပို့လိုက်ရာတွင် ရှမ်း ပြည်မျိုးဆက်သစ်အဖွဲ့ခေါင်းဆောင် ဦးမြင့်သန်းကို သံတွဲ ထောင်သို့ပို့လိုက်သဖြင့် စာရေးသူတို့မြို့ကို မဖိတ်ခေါ်ပဲ ရောက်ရှိလာသော နိုင်ငံရေးအကျဉ်းသားဧည့်သည်ဖြစ်ခဲ့ ရသည်။

တိုက်ဆိုင်စွာပင် ရခိုင်ပြည်နယ်သို့ အချိန်ကိုက် ရောက်လာသူတဦးမှာ ရှမ်းပြည်တောင်ပိုင်းတိုင်းမှူး ဗိုလ် ချုပ် ခင်မောင်မြင့်ဖြစ်သည်။ သူ့ကိုရာထူးချ၍ အပို့ခံ ရခြင်းဖြစ်သည်။ နောက်ဆက်တွဲကြားသိရသည်မှာ ရှမ်း ပြည်မျိုးဆက်သစ်အဖွဲ့ကို အထက်အမိန့်အရ ဖမ်းဆီး သူမှာ ၎င်း ဗိုလ်ချုပ်ခင်မောင်မြင့်ပင်ဖြစ်သည်ကို သိရ သည်။ ထိုတိုင်းမှူးလက်ထက်တွင် ရှမ်းပြည်စစ်တပ်ရင်း များမှ တပ်သားများအစုလိုက်ထွက်ပြေးမှု များပြားခြင်း၊ ငြိမ်းချမ်းရေးအဖွဲ့များအပေါ်တွင် သဘောထားပျော့ ပြောင်းခြင်း၊ သမိုင်းဝင်ပင်လုံကျောက်တိုင်ကို ပြုပြင် မွမ်းမံခြင်းနှင့် နောက်ဆုံး (၂၀၀၅) ခုနှစ်၊ (၅၈) ကြိမ် မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ကျင်းပခွင့်ပြု ခြင်း စသည့်အကြောင်းများကြောင့် အထက်ကရာထူးချ သည့်အနေဖြင့် ရခိုင်ပြည်သို့ပြောင်းရွှေ့လိုက်ခြင်းဖြစ် ကြောင်း ခိုင်လုံသောအထောက်အထားများအရ သိရှိခဲ့ရ သည်။

ရှမ်းပြည်နိုင်ငံရေးအကျဉ်းသားများကို ဝေးလံသော ဒေသများသို့ စစ်အာဏာပိုင်တို့၏အမိန့်ဖြင့် ပို့လိုက်ခြင်း သည် သက်ဆိုင်ရာဆွေမျိုးများနှင့်ကင်းဝေးသွားအောင် လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ယုတ်စွအဆုံး နိုင်ငံရေး အကျဉ်းသားများကိုအကူအညီပေးနေသော နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ( I.C.R.C ) ကိုပင် (၂၀၀၅) ဒီဇင်ဘာ လနောက်ပိုင်း အကျဉ်းထောင် (၉၀) ဆီသို့ သွားရောက် ခွင့် ပိတ်ပင်ခဲ့သည်။ ထို့ကြောင့်လည်း နိုင်ငံရေးအကျဉ်း သားများ၏ကျန်းမာရေးမှာ ကူညီစောင့်ရှောက်မှုကင်းမဲ့ခဲ့ ရသည်။

ကြားခဲ့ရာမှ မတ်လ (၂၈) ရက်နေ့တွင် သံတွဲဆေးရုံ ကြီးသို့ မိမိဆေးကုသစရိတ်ဖြင့် ကုသခွင့်ရခဲ့သည်။ ဆေးရုံ ရောက်ရှိပြီးတပတ်အကြာ လူနာအကျဉ်းသား၏ရင် ဘတ်ပေါ်တွင်ဖြစ်ပေါ်နေသောအကြိတ်ဖုကို စတင်ခွဲစိတ် ခဲ့သည်။ ထောင်တွင်းစစ်ဆေးနှိပ်စက်မှုကြောင့် ရရှိခဲ့ သောဒဏ်ရာဖြစ်ကြောင်း ဆေးဖက်ဆိုင်ရာဝန်ထမ်းများ က အတည်ပြုကြောင်းသိရသည်။ ခွဲစိတ်ရာတွင် သွေး ကြောကိုထိသွားသဖြင့် နောက်တနေ့နံနက်တွင် စည်း ထားသောပတ်တီးမှ သွေးများယိုစိမ့်ခဲ့သည်။ ဆရာဝန် များက ချက်ချင်းချုပ်ရိုးပြန်ဖြေ၍ သွေးကြောကိုပြုပြင် ပေးခဲ့သည်။ အရေးပေါ်သွေးလိုအပ်သောကြောင့် သွေး ပုလင်း (၅) ပုလင်းသွင်းရာတွင် သွေးလှူရှင်တဦးထံမှ ငှက်ဖျားပိုးပါသွားသည်။ ထိုသွေးလှူရှင်သည် ငှက်ဖျား ဖြစ်ပြီး ပျောက်ကင်းသည်မှာ တလသာရှိသေးသည်။ အကျဉ်းသားလူနာတဦး အရေးပေါ်သွေးလိုအပ်နေသည် ဆိုသောသတင်းကြောင့် မိမိသွေးကိုပေးလှူခဲ့ခြင်းဖြစ် သည်။




၂၀၀၆၊ မတ်လ (၂၃) ရက်။

ထောင်သတင်းများအရ ဦးမြင့်သန်းသည် တရား ထိုင်ရင်း အအေးမိကာ စတင်ဖျားနာခဲ့သည်။ အခန်း တူနေအကျဉ်းသားများက ထောင်မှူးဦးဝင်းမြင့်ထံ အသိ ပေးအကြောင်းကြားခဲ့သော်လည်း အကြောင်းပြန်ကြား ခြင်းမရှိသောကြောင့် မတ်လ (၂၅) ရက်နေ့တွင် ခန္ဓာ ကိုယ်ညာဘက်ခြမ်း လေဖြတ်သွားသည်။ ထိုအချိန်မှ ထောင်မှူးဦးဝင်းမြင့်သည် အကျဉ်းဦးစီးဌာနမှတဆင့် နေပြည်တော်ခေါ် ကြတ်ပြေးဌာနချုပ်သို့ အကြောင်း

သင်္ကြန်ရက်အတွင်း စာရေးသူသည် ဦးမြင့်သန်းကို ဆုံတွေ့ခွင့်ရပြီးနောက်ပိုင်း မတွေ့ရတော့ချေ။ လူနာ၏ သတင်းကိုတော့ အမြဲနားစွင့်ခဲ့ရာ တောင်ကြီးမှဆွေမျိုး များက လာရောက်ပြုစုပေးနေကြောင်း ကြားသိရ၍ စိတ်သက်သာခဲ့သည်။

၂၀၀၆၊ မေလ (၂) ရက်

နိုင်ငံရေးအကျဉ်းသား၏ဝေဒနာမှာ နောက်ဆုံး အခြေအနေရောက်နေပြီဟု ဆေးရုံဝန်ထမ်းများမှကြား သိရ၍ စာရေးသူလည်း မနေနိုင်တော့ဘဲ ဆေးရုံကြီးဆီ သို့ရောက်ခဲ့ရပြန်သည်။ လူနာကို ယခင်လို လွတ်လွတ် လပ်လပ်တွေ့ခွင့်မရတော့ပဲ အခန်းရှေ့မှသာ ဖြတ်သန်း ကြည့်ရှုခဲ့ရသည်။ လူနာသည် သံကုတင်ပေါ်တွင် ဝေဒနာ ကိုခံစားရင်း သွေးရောင်ဖျော့ဖျော့မျက်နှာဖြစ်နေသည်။ စူးရှတောက်ပသောမျက်လုံးတို့က မဖွင့်နိုင်ရှာပဲ မှိတ် ထားလျက်ရှိသည်။ ရင်နင့်ဖွယ်ရာ အကျည်းတန်မြင် ကွင်းကား ထွက်သက်ကိုစောင့်နေရသူကို သံခြေကျင်း၊ လက်ထိပ် လုံးဝဖြုတ်ခွင့်မရဘဲဖြစ်နေသည်။ ထိုမြင်ကွင်း က စာရေးသူသာမက မြင်ရသူအားလုံး၏ရင်ကို ဆို့နင့် သွားစေခဲ့သည်။ ထိုညမှာပင် ရှမ်းပြည်ကိုချစ်သော ရှမ်း ပြည်မျိုးဆက်သစ်အဖွဲ့ခေါင်းဆောင် ဦးမြင့်သန်းသည် ခါတိုင်းညများလို ပြည်ထောင်စုအကြောင်း၊ ပင်လုံအ ကြောင်းတို့ကို မပြောပြနိုင်တော့ဘဲ လူ့လောကကြီးကို ကျောခိုင်းထွက်ခွာသွားသည်။

၂၀၀၆၊ မေလ (၄) ရက်

ဈာပနအခမ်းအနားကို ပြုလုပ်မည်ဖြစ်သောကြောင့် သံတွဲဆေးရုံကြီးသည် စည်ကားနေသည်။ ဖိတ်ကြား ထားခြင်းမရှိသော ပြည်သူလူထုကြီးက တဖြည်းဖြည်း များပြားလာသည်။ သံတွဲမြို့အာဏာပိုင်များ အထိတ် တလန့်ဖြစ်ကာ လုံခြုံရေးများတိုးမြှင့်ချထား၍ လူထု ပရိတ်သတ်ကြီးကို အသုဘပို့ဆောင်ရာတွင် မလိုက် ပါကြရန် တောင်းပန်တားမြစ်တော့သည်။ ထိုအချိန်မှာပင် သံတွဲထောင်မှူး ဦးဝင်းမြင့်ရောက်ရှိလာပြီး အသုဘပို့ ဆောင်ရာတွင် ကား (၂) စီးသာသုံးခွင့်ပေးရန်၊ သေဆုံး သူမိသားစု၊ ထောင်ဝန်ထမ်းနှင့် ဆေးရုံဝန်ထမ်းမှလွဲ၍ မည်သူမှမလိုက်ပါရန်ဟူ၍ ကြတ်ပြေးခေါ် (နေပြည်တော်) မှအမိန့်စာကို ပြသလေသည်။ အသုဘပို့ဆောင်ရာတွင် ပထမဂျစ်ကားပေါ်တွင် ရဟန်း (၃) ပါးနှင့် ကျန်ရစ်သူ မိသားစု၊ ဒုတိယဒိုင်နာကားပေါ်တွင် ဆေးရုံအဖွဲ့နှင့် ထောင်ဝန်ထမ်းများလိုက်ပါလာသော ကားတန်းသည် ဆေးရုံမှသင်္ချိုင်းဆီသို့ ထွက်ခွာသွားသည်။ ကျန်ရစ်သော လူထုပရိတ်သတ်ကြီးသည် ချက်ချင်းဆိုသလို ဆေးရုံ အနောက်ဘက်ကြားလမ်းမှတဆင့် ဖြတ်လမ်းအတိုင်း သင်္ချိုင်းဆီသို့ချီတက်သွားကြသည်။ အသုဘပို့ဆောင် သောယာဉ်တန်း (၂) စီး သင်္ချိုင်းသို့ရောက်သောအခါ လူထုကြီးက ဇရပ်ပေါ်တွင် အသင့်နေရာယူထားပြီးဖြစ် သည်။ မီးသင်္ဂြိုလ်မည်ဖြစ်၍ ထင်းများသယ်မကြရာတွင် အမျိုးသမီးများ ကိုယ်တိုင်သယ်မပေးကြသည်။ အစောင့် အကြပ်များ တားမြစ်သည့်ကြားမှပင် လူထုပရိတ်သတ် ကြီးသည် မီးသင်္ဂြိုလ်ပြီးဆုံးသည်ထိ လုပ်ကိုင်ပေးကြသည် မှာ အံ့သြဖွယ်ကောင်းလှသည်။ သံတွဲရောက် အကျဉ်း သားဧည့်သည်၏ဈာပနကား ထူးခြားစွာစည်ကားခဲ့သည်။ သူ၏နာမည်သတင်းတို့သည် သံတွဲသာမက ရခိုင်ပြည် တဝှမ်း ပျံ့နှံ့သွားခဲ့ပါသည်။

.... ....

တိုက်ဆိုင်မှုတခုပေလား။ သံတွဲမြို့သို့ရောက်ရှိနေ သော အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် သည် သံတွဲအကျဉ်းသားဧည့်သည်၏ ဈာပနကို စိတ်ဝင် စား၍စုံစမ်းခဲ့ရာ ရှမ်းပြည်မှ ဦးမြင့်သန်းဖြစ်နေသည်ကို သိရှိသွားသည်ဟု သိရသည်။ စိတ်မကောင်းစွာဖြင့် သေ ဆုံးသူ၏အသုဘကို ပို့ချင်သော်လည်း မိမိပခုံးထက်က ရွှေကြယ်ပွင့်လေး ပြုတ်သွားမှာကိုကြောက်သောကြောင့် မပို့တော့ပဲ လုံခြုံရေးအဖွဲ့များအား အသုဘပို့ကြတဲ့ ပြည်သူတွေကို အတင်းအကြပ်မတားကြနဲ့ဟူ၍ အမိန့် တော်ချမှတ်လိုက်လေသည်။

မှတ်ချက် ။ ။ ဤအဖြစ်အပျက်များ၏နောက်ပိုင်း (၃) ပတ်အကြာ စစ်တိုင်းမှူးဘဝမှ ရာထူးကျ၍ ဝန်ကြီး နေရာသို့ရွှေ့ပြောင်းခံရသူများထဲတွင် ဗိုလ်ချုပ်ခင်မောင် မြင့်သည် တဦးအပါအဝင်ဖြစ်ကြောင်းသိရှိရသည်။

(၂၀၀၆)၊ ဧပြီလ။

# ကေအဲန်ယူနှင့် နအဖတို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်ပြယ်

ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် နအဖတို့အကြားတွင် အပစ်အခတ်ရပ်စဲရေး လူကောင်းဆန်ဆန် သဘောတူညီချက် ပျက်ပြယ်သွားပြီဖြစ်ကြောင်း နအဖစစ်ခေါင်းဆောင်များက KNU အရာရှိများက ပြောဆိုလိုက်သည်။

ယခုလဆန်းပိုင်းက ရန်ကုန်မြို့တွင် နအဖစစ်ခေါင်းဆောင်များနှင့် သွားရောက်ဆွေးနွေးခဲ့သော KNU ကိုယ်စားလှယ်အဖွဲ့ကို နအဖကိုယ်စားလှယ် ဗိုလ်ချုပ်ရဲမြင့်က ၂၀၀၄ ခုနှစ်ကသဘောတူခဲ့သော အပစ်အခတ်ရပ်ရေးသဘောတူညီချက်သည် ဗိုလ်ချုပ်ခင်ညွန့်လုပ်ခဲ့သောကိစ္စသာဖြစ်ပြီး မိမိတို့နှင့်ပတ်သက်မှုမရှိကြောင်း ပြောသည်။

"သူတို့ဘက်ကတော့ ဒီပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်၊ Gentleman Agreement နဲ့ပတ်သက်လို့ အဲ့ဒီ Process ကို ပြန်မကောက်ချင်တော့ဘူးလို့ ပြောတယ်။ တခြား Process တခုကိုသွားမယ်ဆိုတဲ့သဘောပဲ သူတို့ပြောတာ ကျနော် နားလည်လိုက်တယ်။" ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး မန်းရှာလဖန်းကပြောသည်။

ကေအဲန်ယူမှ ဒုဗိုလ်မှူးကြီး ဂျော်နီ၊ ဒုဗိုလ်မှူးကြီး ဖော်ဒို၊ ဗိုလ်မှူး ရင်နုနှင့် ဗိုလ်ရွှေရိုးတို့တက်ရောက်ပြီး၊ နအဖဘက်က ဗိုလ်ချုပ် ရဲမြင့်၊ ဒုဗိုလ်မှူးကြီး မြထွန်းဦးတို့ တက်ရောက်သော ဆွေးနွေးပွဲတွင် ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့က (၂၀၀၄) ခုနှစ်က ထားရှိခဲ့သော အပစ်ရပ်ရေး နှုတ်အားဖြင့် သဘောတူညီချက်အပေါ် နအဖ၏သဘောထား၊ ကရင်ရွာများ ထိုးစစ်ဆင်နေသည့်ကိစ္စနှင့် ကရင်ရွာသားများအား နေရပ်ရင်း ပြန်လည်နေရာချထားရေးတို့အတွက် မေးမြန်းဆွေးနွေးရာ နအဖဘက်က နောက်တကြိမ်ဆွေးနွေးပွဲကျမှသာ ၎င်းကိစ္စများကို ဆွေးနွေးရန် ရွှေ့ဆိုင်းလိုက်သည်။

ထိုင်းအာဏာပိုင်များက ကြားဝင်စီစဉ်ပေးခဲ့သော ယခုဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးဆန္ဒမရှိသော နအဖသည် နိုင်ငံရေးကစားရုံသက်သက်အတွက်သာ ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ခေါ်ခဲ့ဖြစ်ကြောင်း အစောပိုင်းကတည်းက သုံးသပ်မှုများထွက်ပေါ်ခဲ့သည်။

ကရင်ပြည်နယ်၊ တောင်ငူ၊ ညောင်လေးပင်၊ သထုံနှင့် ဖာပွန်ရိုင်များအတွင်း နအဖက ကရင်အရပ်သားများအား မျိုးဖြုတ်စစ် ဆက်လက်ဆင်နွှဲနေသဖြင့် ရပ်တန့်ပေးရေးတောင်းဆိုရန် ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် စက်တင်ဘာ (၃၀) ရက်နေ့တွင် မြဝတီမှတဆင့် ရန်ကုန်သို့သွားရောက်ခဲ့ပြီး ယခုလ (၇) ရက်နေ့တွင် ကေအဲန်ယူဌာနချုပ်သို့ ပြန်လည်ရောက်ရှိသည်။ ❖

# ဝမ်းနည်းကြောင်းသဝဏ်လွှာ



ဗိုလ်ချုပ်တာအယ်



ဈာပနအခမ်းအနားသို့ တက်ရောက်လာကြသော ညော်ပရိတ်သတ်များ

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) နာယက ဗိုလ်ချုပ်တာအယ် အသက် (၈၃) နှစ်သည် အောက်တိုဘာ (၆) ရက်နေ့ နံနက်က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် လူကြီးရောဂါဖြင့်ကွယ်လွန်သွားပြီး၊ အောက်တိုဘာ (၇) ရက်နေ့က ဈာပနအခမ်းအနားကျင်းပခဲ့သည်။ ဈာပနအခမ်းအနားတွင် ဗိုလ်ချုပ်တာအယ်ကို ကြည်ညိုလေးစားသူ ရာပေါင်းများစွာက လွမ်းသူပန်းစည်း၊ ပန်းခွေများဖြင့် လာရောက်ဂါရဝပြုကြသည်။

နိုင်ငံရေး၊ စစ်ရေးတို့တွင် ထူးချွန်သူ ဗိုလ်ချုပ်တာအယ်ကို ၁၉၂၃ ခုနှစ်တွင် ညောင်တုန်းမြို့နယ်၊ တလိုင်းချောင်း ကျေးရွာတွင်မွေးဖွားခဲ့ပြီး ၁၉၄၈ မတိုင်မီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတွင် တတပ်တအားပါဝင်ခဲ့သည်။

၁၉၄၇–၄၈ ကရင်အမျိုးအသားအစည်းအရုံး (ကေအဲန်ယူ) ကို စတင်တည်ထောင်ချိန်တွင် ဗိုလ်ချုပ်တာအယ်သည် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ၁၉၄၉ ခု ကရင့်တော်လှန်ရေးစတင်ချိန်တွင် တပ်ခွဲမှူးတာဝန်ယူခဲ့သည်။

ထို့နောက် ၁၉၆၀ ခုနှစ်တွင် ကေအဲန်ယူ ဗဟိုကော်မတီဝင်၊ ၁၉၆၄ မှ ၁၉၇၂ ခုနှစ်အထိ ဒုစစ်ဦးစီးချုပ်၊ ၁၉၈၀ မှ ၂၀၀၀ ပြည့်နှစ်အထိ ကေအဲန်ယူအရှေ့တိုင်း ဒူးပလားယာခရိုင်ဥက္ကဋ္ဌအဖြစ် တာဝန်အဆင့်ဆင့်ထမ်းဆောင်ပြီး၊ ကေအဲန်ယူ၏နာယကအဖြစ်ကွယ်လွန်ချိန်အထိ သမိုင်းပေးတာဝန်များကျေပြွန်ခဲ့သူဖြစ်သည်။

ဖူးတာအယ်လ်ကွယ်လွန်သွားခြင်းသည် ကရင့်တော်လှန်ရေးအတွက် ကြီးမားသောဆုံးရှုံးမှုတရပ်ဖြစ်ရုံမျှမက မြန်မာပြည်အတွက် ထူးချွန်သော ခေါင်းဆောင်ကောင်း ရတနာတပါး ဆုံးရှုံးခြင်းဖြစ်သဖြင့် ဖူးတာအယ်ကို ချစ်ခင်ကြည်ညိုသောပြည်သူများနှင့်ထပ်တူ မိုးကြိုးသတင်းစဉ်က ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။ ❖


BINA

Burma Independent News Agency

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညီ

**စာမျက်နှာဖွဲ့စည်းမှု**
စောဒီထူး၊ အောင်ထက်

မိုးကြိုး
သတင်းစဉ်
သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com



ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအုပ်စုမှ ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့


# မြန်မာနိုင်ငံတွင် စာမသင်ကြားနိုင်သည့် ကလေးငယ် တသန်းနီးပါးရှိနေ



စာသင်ကြားသင့်သည့်အရွယ်ဖြစ်သော်လည်း မိဘနှင့်အတူ လုပ်ငန်းခွင်တွင်တွေ့ရသည့် ကလေးငယ်တချို့

မြန်မာနိုင်ငံတွင် မူလတန်းပညာမသင်နိုင်သော ကျောင်းနေအရွယ် ကလေးငယ် တသန်းနီးပါးရှိနေကြောင်း ကမ္ဘာတဝှမ်း ကလေးငယ်ကူညီစောင့်ရှောက်ရေးအဖွဲ့က ပြောဆိုလိုက်သည်။

စက်တင်ဘာလဆန်းတွင် ထုတ်ပြန်သော လန်ဒန်အခြေစိုက် Save the Children အဖွဲ့ကြီး၏ နောက်ဆုံးအစီရင်ခံစာတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခများကြောင့် ကမ္ဘာ့နိုင်ငံပေါင်း (၃၀) ရှိ ကလေးများကျောင်းတက်ခွင့် ဆိုးဆိုးရွားရွား ထိခိုက်နေကြောင်း ဖော်ပြထားသည်။

ပဋိပက္ခများနှင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ဆက်နွယ်နေသော အကျိုးဆက်အဖြစ် စာသင်ခန်းအပြင်ကိုရောက်နေကြသော ကလေးငယ်အရေအတွက်မှာ တကမ္ဘာလုံးတွင် (၄၃) သန်းရှိနေကြောင်း Save the Children အဖွဲ့ကြီး၏ အစီရင်ခံစာက ဆိုသည်။

အခြေအနေအဆိုးဆုံးနိုင်ငံများမှာ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ အီသီယိုးပီးယားနှင့် ကွန်ဂိုသမ္မတနိုင်ငံများဖြစ်ပြီး ဒုတိယတန်းစားအဆိုးဆုံးနိုင်ငံများစာရင်းတွင် ယူဂန်ဒါ၊ ဆူဒန်၊အာဖဂန်နစ္စတန်၊ နီပေါနှင့် မြန်မာနိုင်ငံတို့ ပါဝင်နေသည်။

အစီရင်ခံစာအရ အရှေ့အာရှနိုင်ငံများတွင် မြန်မာနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံသာပါဝင်နေရာ စာမသင်နိုင်သော ကလေး (၁) သန်းရှိသော မြန်မာနိုင်ငံက ကမ္ဘာဒီးယားနိုင်ငံထက် (၃) ဆပိုများနေသည်ကို တွေ့ရသည်။

အဖွဲ့ကြီး၏ အလုပ်အမှုဆောင် ဒါရိုက်တာ အကြီးအကဲဂျတ်စ်မင်ဝစ်ဘရတ်က မိမိတို့အဖွဲ့အနေဖြင့် ရံပုံငွေပိုရအောင်ရှာပြီး ကလေးငယ်တွေကို စာသင်ခန်းထဲပြန်သွားနိုင်ခွင့်အတွက် စီမံချက်များချမှတ်လုပ်ဆောင်သွားမည်ဟုပြောသည်။

"ကျောင်းတွေ ပိုဆောက်ပေးတာ၊ ဆရာဆရာမတွေကို သင်တန်းပေးတာ၊ ကလေးတွေရဲ့ ဘဝအရည်အသွေးကို တိုးမြှင့်ပေးနိုင်တဲ့လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ ရှိပါတယ်"သူက ဟုပြောသည်။

Save the Children အဖွဲ့ကြီးက မြန်မာနိုင်ငံတွင် ကျောင်းမနေနိုင်သောကလေးငယ် တသန်းခန့်ရှိကြောင်း ပြောဆိုနေသော်လည်း မြန်မာစစ်အစိုးရသတင်းစာများက ကလေးငယ်များ၏ ကိုးဆယ့်ခုနှစ်ရာခိုင်နှုန်းကျော် အခြေခံပညာမူလတန်းကျောင်းဝင်ခွင့်ရနေကြောင်း ပြောဆိုထားသည်။

❖

# လက်ဖက်ရည်သောက်စဉ် နိုင်ငံရေးစကားမပြောရအမိန့်ထုတ်



မြို့တော်ရန်ကုန်ရှိ လက်ဖက်ရည်ဆိုင်မြင်ကွင်း

လှိုင်သာယာမြို့နယ်ရှိ လက်ဖက်ရည်ဆိုင်များတွင် လက်ဖက်ရည်သောက်စဉ် နိုင်ငံရေးစကားပြောသူရှိလျှင် သတင်းပေးရန် ဆိုင်ပိုင်ရှင်များကို မြို့နယ် မယကဥက္ကဋ္ဌက ညွှန်ကြားထားကြောင်းသိရသည်။

လွန်ခဲ့သော (၁) လကျော်ကတည်းက လှိုင်သာယာမြို့နယ်မှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် (၅၀၀) ကျော်ကို မြို့နယ်ဥက္ကဋ္ဌက အစည်းအဝေးခေါ်ပြီး နိုင်ငံရေးစကားပြောသူရှိပါက သတင်းပို့ရန်၊ သတင်းမပို့ဘဲ ထိမ်ချန်ထားလျှင် ဆိုင်ပိုင်ရှင်ကို နိုင်ငံရေးပြစ်မှုကျူးလွန်သူအဖြစ် အရေးယူမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

အလုပ်သမားအများစုနေထိုင်ရာ လှိုင်သာယာတွင် စီးပွားရေးအဆင်မပြေလည်ခြင်းကိုအကြောင်းပြု၍ နိုင်ငံရေးပေါက်ကွဲမှုဖြစ်လာမည်ကို အာဏာပိုင်များက ထိတ်လန့်၍ ယခုကဲ့သို့ အမိန့်ထုတ်ခြင်းဖြစ်သော်လည်း ဆိုင်ပိုင်ရှင်များက လက်ဖက်ရည်ဆိုင်လာထိုင်သော လူတိုင်းကို မျက်လုံးဒေါက်ထောက်ကြည့်မနေနိုင်သလို သတင်းလည်း မပို့နိုင်ကြောင်း ကွယ်ရာတွင်ပြောဆိုနေကြသည်။

❖

# လုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ပထမဆုံးအကြိမ်တရားဝင်ဆွေးနွေး

“နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုမရှိခြင်း၊ နယ်စပ်ဖြတ်ကျော်ပြဿနာများဖြစ်သော စစ်တပ်၏ထိုးစစ်ကြောင့် လူမျိုးစုဒုက္ခသည်များ ပျံ့နှံ့နေမှု၊ မူးယစ်ဆေးဝါးပြဿနာ၊ လူကုန်ကူးမှုပြဿနာနှင့် ကူးစက်ရောဂါအန္တရာယ်တို့သည် မြန်မာလူထု၏ အကျိုးစီးပွားကို ဆန့်ကျင်နေရုံမျှမက ဒေသတည်ငြိမ်ရေး၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိပါးနေသည်ဆိုသည့်အချက်အပေါ် တသဘောတည်းရှိရန် လိုအပ်ပါသည်”

“… စစ်အုပ်စုနားလည်ရမည့်အချက်မှာ ယခုအချိန်အခါသည် မြန်မာလူထု၏ အကျိုးစီးပွား၊ ဒေသတည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေး အကျိုးစီးပွားတို့ကိုရှေးရှု၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ပြောင်းလဲပြီး လူထုခံစားနေရသော ဒုက္ခအလုံးစုံကို အဆုံးသတ်ရန် အချိန်တန်ပြီဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယုံကြည်သည်ဆိုသောအချက်ဖြစ်သည် ”

ကုလသမဂ္ဂ ဆိုင်ရာ အမေရိကန်သံအမတ်ကြီးဂျွန်ဗောတန်၏
စက်တင်ဘာ (၂၉) ရက်ထုတ်ပြန်ချက်မှ …





စက်တင်ဘာ (၂၉) ရက်နေ့က ကုလသမဂ္ဂဌာနချုပ်တွင်ပြုလုပ်သော လုံခြုံရေးကောင်စီ၏တံခါးပိတ်ဆွေးနွေးပွဲတွင် မြန်မာ့နိုင်ငံအပေါ် အရေးယူဆောင်ရွက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ ထိပ်တိုက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အမေရိကန်နိုင်ငံ သံအမတ်ကြီး ဂျွန်ဗောတန်က ယခုနှစ်မကုန်ခင်အထိ မြန်မာနိုင်ငံတွင် နိုင်ငံရေးတိုးတက်မှုများမတွေ့ရလျှင် မြန်မာနိုင်ငံအပေါ်အရေးယူမည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တခုကျလာသည်အထိ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အမေရိကန်အစိုးရက ဆက်လက်တွန်းအားပေးမည် ဖြစ်ကြောင်းသတင်းထောက်များအားပြောသည်။

နအဖကိုယ်စားလှယ်အဖြစ် အစည်းအဝေးတက်ရောက်လာသော ဦးဥာဏ်ဝင်းက အပြင်းအထန်ကာကွယ်ပြောဆိုခဲ့သော လုံခြုံရေးကောင်စီဆွေးနွေးပွဲအပြီးတွင် မစ္စတာဂျွန်ဘောတန်က “စစ်အုပ်စုက ဘယ်လိုပဲ အတိုက်အခံလုပ်လုပ် မြန်မာ့အရေးကို လုံခြုံရေးကောင်စီမှာကြားနာနိုင်ခဲ့သလို မြန်မာ့လူထုအတွက် မျှော်လင့်ချက်သစ်ကို ယူဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်”ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သို့သော် “လုံခြုံရေးကောင်စီမှာ မြန်မာ့အရေး ကြားနာရုံလောက်လေးအတွက် ဒီကိစ္စကို ကျနော်တို့လုပ်ဆောင်ခဲ့တာမဟုတ်ဘူး”ဟု မစ္စတာဂျွန်ဗောတန်က သတင်းထောက်များအား ရှင်းရှင်းလင်းလင်းပြောကြားခဲ့ပြီး၊ နိုဝင်ဘာတွင် မြန်မာနိုင်ငံသို့ သွားရောက်မည့် ကိုဖီအာနန်၏ နိုင်ငံရေးလက်ထောက် မစ္စတာဂမ်ဘာရီ အပြန်ခရီးအထိစောင့်ကြည့်၍ လိုအပ်သောရှေ့တိုးဆောင်ရွက်မှုများကိုပြုလုပ်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ဂျွန်ဗောတန်သည် လုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးမည့်အစီအစဉ်အထမြောက်ရေးအတွက် ကနဦးကြိုးပမ်းမှုများတွင် ဦးဆောင်ဦးရွက်ပြုခဲ့သူဖြစ်သည်။

ဆွေးနွေးပွဲတွင် အမေရိကန်အစိုးရက နအဖကို အကြပ်တွေ့စေမည့် နောက်ထပ်စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ရန် စဉ်းစားခဲ့သော်လည်း ကုလသမဂ္ဂနှင့် အီးယူနိုင်ငံများက မြန်မာနိုင်ငံသို့ ကျန်းမာရေးဆိုင်ရာကဲ့သို့ လူသားချင်းစာနာသည့် ငွေကြေးအကူအညီထောက်ပံ့ပေးရေးနှင့် အခြားသံတမန်နည်းလမ်းများကို ပိုမိုလိုလားခဲ့သည်။

ဗြိတိသျှသံအမတ်ကြီး Jones Parry က “လောလောဆယ်မှာ တင်းကြပ်ပြတ်သားတဲ့ ဆုံးဖြတ်ချက်တခု ချမှတ်မှာမဟုတ်ပါဘူး” ဟုပြောကြားလိုက်ပြီး မြန်မာပြည်သူလူထု၏ ဆင်းရဲမွဲတေမှု၊ မူးယစ်ဆေးဝါးနှင့် အိတ်ချ်အိုင်ဗွီရောဂါပြဿနာ စသည်တို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ယခုထက် ပိုမိုကျယ်ပြန့်သော လက်လှမ်းချဉ်းကပ်မှုများ ဆောင်ရွက်ရန်လိုအပ်သည်ဟု ထောက်ပြခဲ့သည်။

လုံခြုံရေးကောင်စီဆွေးနွေးပွဲတွင် မစ္စတာဂမ်ဘာရီက မြန်မာနိုင်ငံတွင် လုပ်အားပေးခိုင်းစေမှုနှင့် နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်၍ အကောင်းမြင်တင်ပြခဲ့သော်လည်း ဆွေးနွေးပွဲမတိုင်ခင်ရက်ပိုင်းအလိုတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်နေသော မင်းကိုနိုင်နှင့် (၈၈) မျိုးဆက်ကျောင်းသားများကို နအဖကပြန်လည်ဖမ်းဆီးခဲ့သဖြင့် သူ့အတွက် ကသိကအောင့်ဖြစ်ခဲ့ရသည်ဟု သံတမန်များကပြောသည်။

မစ္စတာဂမ်ဘာရီသည် မေလအတွင်းက မြန်မာနိုင်ငံသို့သွားရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ နအဖထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ခွင့်ရခဲ့သည်။ ၎င်းသည် လာမည့်အောက်တိုဘာအစောပိုင်းတွင် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်သွားရောက်မည်ဖြစ်သည်။

မစ္စတာဂမ်ဘာရီက သူ၏ မြန်မာပြည်ခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ဘက်ပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ လူ့အခွင့်အရေးအခြေအနေတိုးတက်ရေး၊ လူသားချင်းစာနာသည့်အကူအညီအဖွဲ့အစည်းများကို ပိုမိုလုပ်ကိုင်ခွင့်ရရေးတို့ကို မြင်လိုကြောင်း ပြောသည်။

လုံခြုံရေးကောင်စီ၏ ယနေ့ဆွေးနွေးမှုသည် စက်တင်ဘာလ (၁၅) ရက်နေ့က မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် တရားဝင်ဆွေးနွေးရန် သမိုင်းဝင်ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ခြင်း၏အကျိုးဆက်ဖြစ်သည်။

၎င်းမတိုင်ခင်က ယမန်နှစ် အောက်တိုဘာလက တောင်အာဖရိကဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးနှင့် ချက်စ်သမ္မတဟောင်း ဗားကလက်ဟာဗယ်တို့က မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် တရားဝင်ဆွေးနွေးရန်အဆိုပြုသော အစီရင်ခံစာကို လုံခြုံရေးကောင်စီသို့တင်ပြခဲ့သည်။ ထို့နောက် ဒီဇင်ဘာတွင် လုံခြုံရေးကောင်စီ၏ တံခါးပိတ်ဆွေးနွေးပွဲတွင် မြန်မာ့အရေးကို အလွတ်သဘောဆွေးနွေးသည်အထိ ရှေ့တိုးဆောင်ရွက်နိုင်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးမကျင်းပမီ (၁) ရက်အလိုတွင် နိုင်ငံတကာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က မြန်မာနိုင်ငံတွင် စစ်အုပ်စုက ပါတီအဖွဲ့အစည်းများ၊ အရပ်သားအဖွဲ့အစည်းများ နှင့် လူထု၏ နေ့စဉ်ဘဝလွတ်လပ်ခွင့်များကို ပိတ်ပင်ထားခြင်း၊ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်များကို ပိတ်ပင်ထားခြင်းများကိုထောက်ပြ၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်အပြောင်းအလဲအတွက် ဆုံးဖြတ်ချက်ချရန် လုံခြုံရေးကောင်စီကို တိုက်တွန်းခဲ့သည်။

အမေရိကန်သမတကတော် လော်ရာဘုရှ်ကလည်း စက်တင်ဘာ (၁၉) ရက်နေ့၊ (၆၁) ကြိမ်မြောက် အထွေထွေညီလာခံအဖွင့်နေ့တွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော “လူသားအခက်အခဲ”ကို မီးမောင်းထိုးပြသည့်အနေဖြင့် ပညာရှင်များတက်ရောက်သော မြန်မာ့အရေးဆွေးနွေးပွဲစကားဝိုင်းတခုကို နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင်ပြုလုပ်ခဲ့သည်။

လုံခြုံရေးကောင်စီတွင် မြန်မာအရေးဆွေးနွေးနိုင်သည့်အပေါ် ဒီမိုကရေစီအင်အားစုများကသိသာသော အောင်မြင်မှုတခုအဖြစ်မှတ်ယူကြိုဆိုသော်လည်း နအဖပိုင်အသုံးချခံသတင်းစာများက နေ့စဉ်ရက်ဆက် အပြင်းအထန်ကန့်ကွက်ခဲ့သည်။

❖

ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
မတရားတဲ့အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။